မြန်မာ့အလင်း

အတွဲ (၅၄)
အမှတ် (၁၈၉)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၄ ရက်

၂၀၁၅ ခုနှစ်၊ မေ ၇ ရက်၊ အင်္ဂါနေ့။

အပ္ပမာဒ မင်္ဂလာ

ကုသိုလ်ကောင်းမှု တရားတို့၌ မမေ့မလျော့ခြင်း၊ အမြဲသတိရနေခြင်းသည် ကောင်းမြတ်သော မင်္ဂလာမည်၏။

ဆေးရုံတွင်သာမက နယ်မြေဆင်းပြီး ပြည်သူနှင့်ထိတွေ့ကာ ကျန်းမာရေးအသိပညာပေးရန် ဆောင်ရွက်သွားရမည်

နေပြည်တော် မေ ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကို၊ ဦးစိုးသိန်း၊ ဦးတင်နိုင်သိန်း၊ ဦးလှထွန်း၊ ဦးအုန်းမြင့်၊ ဦးဉာဏ်ထွန်းအောင်၊ ဦးဝင်းထွန်း၊ ဦးရဲထွဋ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်စိုး၊ ဒုတိယဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့်ထွက်ခွာခဲ့ကြရာ စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့သို့ရောက်ရှိကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဟုမ္မလင်းမြို့နယ် ခုတင် (၁၀၀) ပြည်သူ့ဆေးရုံကြီး၌ ကုသမှုခံယူနေသည့် ကလေးတစ်ဦးအား လက်ဆောင်ပစ္စည်းပေးအပ်စဉ်။

(ဓာတ်ပုံ-မြန်/ဆက်)

မြန်မာနိုင်ငံသားများအား ကူညီကယ်ဆယ်နိုင်ရေး တာဝန်ရှိသူများ စီမံဆောင်ရွက်လျက်ရှိ

စာမျက်နှာ-၁၀

သမိုင်းဝင် NCA စာချုပ်မူကြမ်းလက်မှတ်ရေးထိုးနိုင်မှုအပေါ် ရန်ကုန်မြို့ခံပြည်သူအချို့၏ သဘောထားအမြင်များ

စာမျက်နှာ-၁၁

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ဟီရိဩတ္တပ္ပတရားနှင့် သင်္ကြန်ချိန်ခါ

လူတစ်ဦးတစ်ယောက်အနေဖြင့် ရှက်ခြင်းနှင့်ကြောက်ခြင်း အရေးကြီးလှပေ၏။ အရှက်တရားနှင့် အကြောက်တရားထိန်းသိမ်းခြင်းသည် မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းခြင်းပင်ဖြစ်သည်။ အရှက်အကြောက်ကင်းစွာ ပြုမူနေထိုင်ခြင်းဖြင့် လူနှင့်လူ့တန်ဖိုးကိုကျဆင်းနိုင်၏။ သိက္ခာရှိစွာနေထိုင်ခြင်း၊ ပြောဆိုခြင်းသည် ရှက်ခြင်း၊ ကြောက်ခြင်းတည်းဟူသော ဟီရိဩတ္တပ္ပတရားနှင့်အညီ နေထိုင်ခြင်းဖြစ်ပါသည်။

မကြာမီ မြန်မာ့ရိုးရာအတာသင်္ကြန်ကာလ ကျရောက်တော့မည်ဖြစ်ပါသည်။ နှစ်သစ်ကူးအခါသမယတွင် ပျော်မြူးကြခြင်းသည် လူမျိုးတိုင်း၊ နိုင်ငံတိုင်း၏ သဘာဝတရားပင်ဖြစ်သည်။ သို့သော် အပျော်လွန်ကြူးခြင်းကြောင့် အရှက်အကြောက်ကင်းမဲ့စွာ ပြုမူတတ်ပါသည်။ အပျော်ကြူးခြင်း၊ အရှက်အကြောက် ကင်းမဲ့စွာ ပြုမူနေထိုင်ခြင်းသည် မြန်မာ့ရိုးရာအတာသင်္ကြန် အလှကို ထိခိုက်စေနိုင်ပါသည်။ တစ်နည်းအားဖြင့် နိုင်ငံနှင့်လူမျိုး ဂုဏ်သိက္ခာကိုထိခိုက်စေနိုင်ပါသည်။

ထို့ကြောင့်လည်း မြို့ရွာအနှံ့တို့တွင် သင်္ကြန်ကာလအတွင်း ပြည်သူများ စိတ်အေးချမ်းမြေ့စွာ ရေကစားနိုင်ရေးအတွက် သင်္ကြန်အကြိုကာလမှ စတင်ကာထိခိုက်သော မှုခင်းကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။ တရားမဝင်စိတ်ကြွဆေးဝါးများသုံးစွဲမှုကြောင့် မလိုလားအပ်သည့်ပြဿနာများ ဖြစ်ပေါ်လာနိုင်သဖြင့် ပညာပေးခြင်း၊ အရေးယူခြင်းတို့ကိုလည်း အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။ ခိုး၊ ဆိုး၊ နှိုက်ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးအရေးယူသွားရန်၊ မူးယစ်ဆေးဝါးသုံးစွဲမှု မရှိစေရေးအတွက် ထိထိရောက်ရောက် ဖမ်းဆီးအရေးယူဆောင်ရွက်သွားရန်နှင့် လုံခြုံရေးဆိုင်ရာကိစ္စများကို အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။

မူးယစ်ဆေးဝါးများ၊ စိတ်ကြွဆေးများသုံးစွဲခြင်းဖြင့် အရှက်အကြောက်ကင်းမဲ့စွာ ပြုမူတတ်ပါသည်။ အထူးသဖြင့် အမျိုးသမီးငယ်များ ဆေးဝါးများသုံးစွဲမိရာမှ မလိုလားအပ်သော ပြဿနာများ ပေါ်ပေါက်နိုင်ပါသည်။ မြန်မာ့ရိုးရာအတာသင်္ကြန်နှင့်ဆန့်ကျင်သော ဝတ်စားဆင်ယင်ခြင်း၊ မူးယစ်သောက်စားခြင်းတို့ကြောင့် အရှက်ရစေတတ်ပါသည်။ လူအများ၏ ဝေဖန်ရှုတ်ချမှုကိုခံရတတ်ပါသည်။ မြန်မာလူမျိုးတို့သည် မိမိတို့၏ အရှက်တရားနှင့် အကြောက်တရားကို ထိန်းသိမ်းကြသူများဖြစ်ပါသည်။

မြန်မာ့ရိုးရာသင်္ကြန် အတာသင်္ကြန်ကိုထိန်းသိမ်းရန် မြန်မာလူမျိုးတိုင်းတွင် တာဝန်ရှိပါသည်။ ယဉ်ကျေးမှုကို ထိန်းသိမ်းကြရပါမည်။ သို့ပါ၍ မြန်မာလူမျိုးတိုင်းက သင်္ကြန်ကာလအတွင်း ရှက်ခြင်း ကြောက်ခြင်းတည်းဟူသော ဟီရိဩတ္တပ္ပတရားများကို ထိန်းသိမ်းကြရမည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ဘက်စုံထူးချွန်သည့် ကျောင်းသားများ မွေးထုတ်ပေးလျက်ရှိ

နေပြည်တော် မေ ၆

မြန်မာနိုင်ငံပညာရေးဝန်ကြီးဌာန အမျိုးသားစီမံခန့်ခွဲမှုပညာ ကောလိပ်၊ အင်္ဂလန်နိုင်ငံအစိုးရတက္ကသိုလ် University of Bedfordshire၊ ဟောင်ကောင်အစိုးရတက္ကသိုလ် The Open University of Hong Kong၊ တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ SKU တက္ကသိုလ်နှင့် ပူးပေါင်း၍ STIMU သည်ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများ သင်ကြားပေးလျက်ရှိပြီး အဆိုပါတက္ကသိုလ်အနေဖြင့် စီးပွားရေး၊အင်ဂျင်နီယာ၊ ပညာရေးနှင့် အလှအပဆိုင်ရာအနုပညာသင် တန်းများကို ဖွင့်လှစ်သင်ကြားပေး လျက်ရှိသည်။

ထို့ပြင် နိုင်ငံတကာတက္ကသိုလ်များနှင့် ချိတ်ဆက်၍ MBA၊ MED ၊ BBA in Management၊ BBA in Finance & Banking ၊ BA (Hons) Business၊ BA (Hons) Accounting and Finance၊ BA (Hons) Business Administration၊ BEng (Hons) Civil Engineering၊ BEng (Hons) Architectural Engineering၊ BA (Hons) Interior Architecture၊ BSc(Hons) Interior Archi- tecture၊ BSc (Hons) Construction Management၊ BA (Beauty Art) တို့ တက်ရောက်နိုင်ရန် စီစဉ်ပေးလျက်ရှိကြောင်း သိရသည်။

သင်တန်းဆင်း ကျောင်းသား၊ ကျောင်းသူများအား ဘက်စုံထူးချွန်သူများဖြစ်စေရန် မိမိကိုယ်ကိုယုံကြည်မှု၊ အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်တတ်မှု၊ လူအများရှေ့၌ စကားပြောဆိုနိုင်မှု၊ တွေးခေါ်ကြံဆနိုင်မှု၊ လူ့အသိုင်းအဝိုင်းအား အကျိုးပြုနိုင်မှု၊ နယ်ပယ်အသီးသီးတွင် ဘဝတစ်သက်စာ အလုပ်အကိုင်ရရှိမှုနှင့် တိုးတက်မှုအချက်များကို အခြေခံ၍ ပြုစုပျိုးထောင်ပေးလျက်ရှိသည်။

ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတနှင့် လုပ်ငန်းအတွေ့အကြုံများ ပိုမိုသိရှိနားလည်ရန်ရည်ရွယ်၍ နိုင်ငံခြားတက္ကသိုလ်များမှ ညွှန့်ပါမောက္ခများ၊ ပြည်တွင်း ပြည်ပမှ စီးပွားရေးပညာရှင်များ၊ လုပ်ငန်းရှင်များနှင့် အခြားသော အသိပညာရှင်၊ အတတ်ပညာရှင်များကို ဖိတ်ခေါ်ပြီး အလုပ်ရုံဆွေးနွေးပွဲများ၊ ဟောပြောပွဲများကို စဉ်ဆက်မပျက် ကျင်းပပေးလျက်ရှိပြီး တက္ကသိုလ်ဝင်တန်းဖြေဆိုအောင်မြင်ပြီးသူများ တက်ရောက်လိုပါက လှိုင်တက္ကသိုလ်နယ်မြေ၊ MICT Park အဆောက်အအုံအမှတ် (၁၀) ရှိ STI Myanmar University သို့ ဆက်သွယ်၍ စုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ-ထိုင်းစီးပွားရေးလုပ်ငန်းဆိုင်ရာဆွေးနွေးပွဲ တာချီလိတ်၌ ကျင်းပ

တာချီလိတ် မေ ၆

ကျိုင်းတုံ-တာချီလိတ်ကုန်သည်ကြီးများအသင်းနှင့် ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန (ကျိုင်းတုံ)တို့ ပူးပေါင်းပြီး ရှမ်းပြည်နယ်အတွင်းရှိကုမ္ပဏီများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အသေးစား၊ အလတ်စား ထုတ်ကုန်သွင်းကုန်လုပ်ငန်းရှင်များ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းရှင်များအား အာရှစီးပွားရေးလမ်းကြောင်းပေါ် လျှောက်လှမ်းရာတွင် အထောက်အကူ ဖြစ်စေရန်အတွက် မြန်မာ-ထိုင်း စီးပွားရေးလုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲဖွင့်ပွဲကို မေ ၄ ရက် မွန်းလွဲ ၁ နာရီက တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက်ရှိ The Phoenix Hotel ၌ ကျင်းပကြောင်းသိရသည်။

ရှေးဦးစွာ အခမ်းအနားကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်း၊ ပြည်နယ်ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန(တောင်ကြီး)မှညွှန်ကြားရေးမှူး ဦးအောင်ကျော်ညွန့်၊ ထိုင်းနိုင်ငံ- မယ်ဆိုင်မြို့အုပ်ချုပ်ရေးမှူး Mr. Pirawat တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းက အမှာစကားပြောကြားရာ ဈေးကွက်စီးပွားရေးစနစ်တွင် ပုဂ္ဂလိကကဏ္ဍသည် အဓိကအရေးပါသော အခန်းကဏ္ဍဖြစ်၍ စီးပွားရေးအသင်းအဖွဲ့များရဲ့ စွမ်းဆောင်ရည်ကောင်းမွန်ရေးသည် အထူးအရေးကြီးကြောင်း၊ ယခုလို အခမ်းအနားများကျင်းပခြင်းဖြင့် စီးပွားရေးအရှိန်မြှင့်တင်လာမှုအပေါ် အစိုးရ၊ ပုဂ္ဂလိက ပြည်သူလုပ်ငန်းများ ပိုမိုချိတ်ဆက်နိုင်ရေး၊ သတင်းလျင်မြန်စွာချိတ်ဆက်နိုင်ရေး၊ ဈေးကွက်အရင်းအနှီးဖော်ဆောင်မှုများ၊ ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရေးတို့ကို ပြုလုပ်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။ ဆက်လက်၍မယ်ဆိုင်မြို့ အုပ်ချုပ်ရေးမှူး Mr.Pirawat နှင့် ညွှန်ကြားရေးမှူး ဦးအောင်ကျော်ညွန့်တို့က ကုန်သွယ်မှုဆိုင်ရာများနှင့်စပ်လျဉ်းပြီး အမှာစကားပြောကြားသည်။

ယင်းနောက် ရှမ်းပြည်နယ် (အရှေ့ပိုင်း)စိုက်ပျိုးရေးဦးစီးဌာနမှ တွဲဖက်ပြည်နယ်ဦးစီးမှူး ဦးဇော်မြင့်က စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများ၊ မြန်မာနိုင်ငံကုန်သည်ကြီးများအသင်း (UMS-CCI) မှ တွဲဖက်အတွင်းရေးမှူး ဦးအေးလွင်က နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းများနှင့် ကုန်သွယ်မှုလုပ်ငန်းများ၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ၊ Maekhong Institute မှ အစီအစဉ်ရေးဆွဲရေး တွဲဖက်အတွင်းရေးမှူး Mss.Shani က တောင်-မြောက်စီးပွားရေးလုပ်ငန်းရှင်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မယ်ဆိုင်မြို့ ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ Mss.Pakaimas Vierra နှင့် တာချီလိတ်မြို့ ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ ဦးမြင့်ဦးတို့က ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ သယ်ယူပို့ဆောင်ရေးနှင့်စပ်လျဉ်းပြီး ရှင်းလင်းဆွေးနွေးသည်။ ယင်းဆွေးနွေးပွဲတွင် နှစ်နိုင်ငံမှ အမှန်ကတယ်စိုက်ပျိုးထုတ်လုပ်၊ ကူးသန်းရောင်းဝယ်လျက်ရှိသောလုပ်ငန်းရှင်များ၊ ကုမ္ပဏီများက သက်ဆိုင်ရာစိုက်ပျိုးရေး၊ သတ္တုတူးဖော်ရေး၊ ဆိုလာမီးများရရှိရေး၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ၊ အိမ်ဆောက်ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းများ၊ လက်မှုပစ္စည်းလုပ်ငန်းများ၊ ပရိဘောဂ၊ စားသောက်ကုန်လုပ်ငန်းများ၊ စက်သုံးဆီရောင်းဝယ်ရေးလုပ်ငန်း စသည့်လုပ်ငန်းရှင်များက အစုအဖွဲ့အလိုက် စုဖွဲ့ကာ ဆွေးနွေးကြသည်။

ဝေယံလင်း(iprd)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၆-၄-၂၀၁၅

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၈၄၅၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၄၄၂၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၈၄၀၀၀

စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၅
ဒီဇယ်	တစ်လီတာ	ကျပ် ၆၈၀
အောက်တိန်း ၉၂	တစ်လီတာ	ကျပ် ၆၄၀
အောက်တိန်း ၉၅	တစ်လီတာ	ကျပ် ၉၀၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၁၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၄၀၀၀-၄၈၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၃၅၀၀-၃၇၀၀
၃။	ငါးရံ့	တစ်ပိဿာ	၄၅၀၀-၆၈၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၁၂၀၀၀-၁၄၀၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၇၀၀၀-၃၃၀၀၀
၇။	ငါးသလောက်	တစ်ပိဿာ	၆၅၀၀-၁၄၅၀၀
၈။	ကြက်	တစ်ပိဿာ	၄၅၀၀-၁၅၀၀၀
၉။	ဝက်	တစ်ပိဿာ	၇၀၀၀-၈၅၀၀
၁၀။	အမဲ	တစ်ပိဿာ	၈၀၀၀-၁၂၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၁၃၀၀၀-၁၈၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၄၂၀၀-၉၅၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၁၀၇၂-၁၀၇၈
ဥရောပ	တစ်ယူရို	၁၂၂၀-၁၂၃၅
စင်ကာပူ	တစ်ဒေါ်လာ	၇၈၀-၇၈၂
ထိုင်း	တစ်ဘတ်	၃၀.၅-၃၂
အိန္ဒိယ	တစ်ရူပီး	၁၅.၇-၁၆.၃
တရုတ်	တစ်ယွမ်	၁၆၅-၁၇၀
မလေးရှား	တစ်ရင်းဂစ်	၃၃၀-၃၄၃

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

နွေဆန် (အသစ်)	တစ်အိတ်	၁၆၅၀၀-၁၆၈၀၀
မိုးဆန်သစ် (မနောသုခ)	တစ်အိတ်	၁၇၀၀၀-၁၇၅၀၀
ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၈၀၀၀-၃၃၀၀၀
မြေပဲဆီ	တစ်ပိဿာ	၄၁၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၃၃၀
ဆိပ်ဖြူကြက်သွန်နီ (အသစ်)	တစ်ပိဿာ	၂၇၅-၄၀၀
ရှမ်းကြက်သွန်ဖြူ (အသစ်)	တစ်ပိဿာ	၁၁၅၀-၁၄၅၀
ကြက်သွန်ဖြူ(ကြူကုတ်)	တစ်ပိဿာ	၁၇၂၅-၁၇၅၀
အာလူး(ဆင်ဖြူကျွန်း)	တစ်ပိဿာ	၆၂၀-၈၇၀
ငရုတ်ရှည် (ညောင်ရမ်း)	တစ်ပိဿာ	၃၀၅၀-၃၁၀၀
ငရုတ်ပွ (စိမ်းစား)	တစ်ပိဿာ	၅၅၀၀-၆၀၀၀
သကြား	တစ်ပိဿာ	၈၆၀-၈၇၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-ဇော်ငတင်ပြသည်။

ပြည်တွင်းသတင်း

*** ရှေ့ဖုံးမှ**

နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များအား နယ်စပ်ရေးရာဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းနောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားတိုင်းရင်းသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ဟုမ္မလင်းမြို့နယ်ခုတင်(၁၀၀)ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိပြီး ခွဲစိတ်ကုသဆောင်နှင့် အမျိုးသမီးလူနာဆောင်တို့၌ ဆေးရုံတက်ရောက်ကုသမှုခံယူနေကြသည့်လူနာများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် ဆေးစတိုးနှင့်သွားနှင့်ခံတွင်းကုသခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီးနောက် ဆရာဝန်များနှင့်ကျန်းမာရေးဝန်ထမ်းများအား ပြည်သူလူထုကို ကျန်းမာရေးအသိပညာပေးရန်၊ ကာကွယ်ရေးနည်းလမ်းများ သိရှိစေရန်အတွက် ဆွေးနွေးမှုများ၊ ဟောပြောပွဲများ ပြုလုပ်ပေးရန်၊ ဆေးရုံတွင်သာမက နယ်မြေဆင်းပြီး ပြည်သူလူထုနှင့်ထိတွေ့ကာ ကျန်းမာရေးအသိပညာပေးရန်၊ စာသင်ကျောင်းများတွင် ဟောပြောပွဲများပြုလုပ်ရန်၊ မွေးကင်းစကလေးသေဆုံးမှုနှုန်းထားလျော့နည်းရန်နှင့် ငါးနှစ်အောက်ကလေးငယ်များ သေဆုံးမှုနည်းပါးစေရန် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မှာကြားသည်။

ယခု ဟုမ္မလင်းဆေးရုံကို ၁၉၀၀ ပြည့်နှစ်တွင် (၂၅)ခုတင်ဆံ့ပြည်သူ့ဆေးရုံအဖြစ်ဖွင့်လှစ်ခဲ့ပြီး ၁၉၄၇ ခုနှစ်တွင် ဟုမ္မလင်း မြို့ မီးလောင်ရာ၌ ဆေးရုံအဆောက်အအုံမှာ မီးထဲပါရှိသွားခဲ့ရာ ယာယီအဆောက်အအုံဖြင့် ဖွင့်လှစ်ခဲ့ရသည်။ ၁၉၅၄ ခုနှစ်တွင် ယာယီအဆောက်အအုံ ပျက်စီးသွားသဖြင့် အင်ဂျင်နီယာနေအိမ်နှင့် မြန်မာ့စီးပွားရေးဘဏ်တို့ကို တစ်လငွေကျပ် ၆၀ ဖြင့် ငှားရမ်းဖွင့်လှစ်ခဲ့ရသည်။

၁၉၇၂ ခုနှစ်တွင် ပြည်သူ့ထည့်ဝင်ငွေကျပ် နှစ်သိန်းငါးသောင်းကျော်ဖြင့် စတင်ဆောက်လုပ်ခဲ့ရာ အလျားပေ ၁၂၀၊ အနံ ၉၈ ပေ နံကပ်အဆောက်အအုံကို ၁၉၇၇ ခုနှစ်တွင် ဖွင့်လှစ်နိုင်ခဲ့သည်။

၂၀၀၄ ခုနှစ် စက်တင်ဘာလတွင် ကျန်းမာရေးဝန်ကြီးဌာနက (၂၅) ခုတင်ဆံ့ဆေးရုံမှ ခုတင် (၁၀၀) ဆေးရုံအဖြစ်အဆင့် တိုးမြှင့်သတ်မှတ်ပေးခဲ့ပြီး ယခုနောင်ပကျစ်တောင်ပေါ်နေရာရှိ မြေဧက ၁၀ ဒသမ ၅ ဧကပေါ်တွင် ငွေကျပ်သိန်းပေါင်း ၈၂၀၀ ကျော် အကုန်အကျခံတည်ဆောက်ခဲ့ရာ ၂၀၀၈ ခုနှစ်တွင် ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ဟုမ္မလင်းမြို့တွင်းနှင့် ကမ်းနားလမ်းတစ်လျှောက် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် စစ်ကိုင်းတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးစန်းရွှေ ဦးဆောင်သည့် ရှမ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များနှင့် ဟုမ္မလင်းမြို့နယ် ကျောက်ဆည်ရိပ်သာ၌ တွေ့ဆုံသည်။ **(အပေါ်ပုံ)**

အလားတူ နိုင်ငံတော်သမ္မတသည် ဟုမ္မလင်းမြို့နယ်နှင့် ဖောင်းပြင်မြို့နယ် ရွှေပြည်အေးမြို့တို့မှ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီဝင်များအား တွေ့ဆုံခဲ့သည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်နိုင်ရေးကွင်းဆင်းစစ်ဆေး

နေပြည်တော် ဧပြီ ၆

နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ရေး စိစစ်ရွေးချယ်ရေးကော်မတီ၊ မြို့ပြ/ကျေးရွာအဆင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံးနှင့် စိုက်၊ မွေးဆိုင်ရာ ဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်သည် ဖွံ့ဖြိုးတိုးတက်မှု အကောင်းဆုံးမြို့နယ်ဆုချီးမြှင့်နိုင်ရေးနှင့် ပတ်သက်၍ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကြည်နိုင်နှင့် မြို့နယ်ဆု/စံပြကျေးရွာဆု ကွင်းဆင်းစိစစ်ရေးအဖွဲ့ငယ်ခေါင်းဆောင်များနှင့်အတူ ဧပြီ ၃ ရက်က စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား တွေ့ဆုံရှင်းလင်းဆွေးနွေးခဲ့ပြီး မုံရွာမြို့နယ်အုပ်ချုပ်ရေးမှူး၏ မုံရွာမြို့နယ်ဒေသဆိုင်ရာရှင်းလင်းတင်ပြချက်၊ ဖွံ့ဖြိုးတိုးတက်မှု မှတ်တမ်းဗီဒီယိုတို့အပေါ် ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

မုံရွာမြို့နယ်သည် ရပ်ကွက် (၂၇) ရပ်ကွက်၊ ကျေးရွာအုပ်စု(၅၇) အုပ်စု၊ ကျေးရွာပေါင်း ၁၉၄ ရွာဖြင့် ဖွဲ့စည်းထားရှိကြောင်း၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍအနေဖြင့် အသားတင် စိုက်ပျိုးမြေဧရိယာပေါင်း ၁၀၃၆၁၈ ဧကရှိကြောင်း၊ သားငါးမွေးမြူ ထုတ်လုပ်မှုကဏ္ဍတွင် ကျွဲ၊ နွားမွေးမြူရေးဇုန်များ၊ ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးလုပ်ငန်းများ များစွာတည်ရှိကြောင်း၊ အသေးစား၊ အလတ်စား၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စားသောက်ရေး၊ ဝတ်ဆင်ရေး၊ နေထိုင်ရေးနှင့် လူသုံးကုန်ပစ္စည်းစက်ရုံများရှိသည့်အပြင် လျှပ်စစ်ပစ္စည်းစက်ရုံ၊ သံရည်ကျိုစက်ရုံများလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးမှာ ၂၀၁၄-၂၀၁၅ ခုနှစ်အတွင်းအကောင်အထည်ဖော်နိုင်မှု ရာနှုန်းမှာ ၉၁ ဒသမ ၉ ရာနှုန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ကြောင်း။

ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတွင် အဆင့်မြင့်ပညာကျောင်းများဖြစ်သည့် တက္ကသိုလ်၊ ကောလိပ်ပေါင်းခြောက်ကျောင်း၊ ထက်၊ လယ်၊ မူကျောင်း ပေါင်း ၁၅၅ ကျောင်း၊ ခုတင် (၃၀၀)ဆံ့ ဆေးရုံတစ်ရုံ၊ ခုတင် (၂၀၀) ဆံ့ ဆေးရုံနှစ်ရုံ၊ တိုက်နယ်ဆေးရုံနှစ်ရုံ၊ ကျန်းမာရေးဌာနခွဲ ၄၆ ခု၊ ပုဂ္ဂလိကဆေးရုံ ၁၀ ခုနှင့် တိုင်းရင်းဆေးရုံတစ်ခုရှိကြောင်း၊ ကျေးလက်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတွင် မြို့နယ်ရှိ ကျေးရွာပေါင်း ၁၉၄ ရွာ၌ ၁၂၅ ရွာမီးရရှိပြီးဖြစ်ကြောင်း လမ်းပန်းဆက်သွယ်ရေးကဏ္ဍအနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း မြို့နယ်စည်ပင်အစီအစဉ်ဖြင့် မြို့ပြလမ်းလေးလမ်း၊ တံတား ၁၀ စင်း၊ ကျေးလက်လမ်းတစ်လမ်း၊ ကျေးလက်တံတား ငါးစင်း၊ ကိုယ့်အားကိုယ်ကိုးလမ်းအနေဖြင့်လမ်း ၆၀ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ အုပ်ချုပ်ရေးနှင့် လူမှုရေးလုပ်ငန်းများတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်အထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့်တည်ငြိမ်အေးချမ်းရေးကော်မတီ စသည့်ကော်မတီများ ဆောင်ရွက်ထားရှိကြောင်း၊ ဘာသာရေး၊ လူမှုရေး၊ ယဉ်ကျေးမှုအဖွဲ့များဖြင့် လူမှုရေး လုပ်ငန်းများဆောင်ရွက်လျက်ရှိပြီး တရားဥပဒေစိုးမိုးရေးကဏ္ဍတွင် အမှုကြီး ၁၀ မျိုး၊ အခြားအမှု ခုနှစ်မျိုးစသည့် ပြစ်မှုဖြစ်ပွားမှုနည်းပါးစေရေးအတွက် ပညာပေးခြင်း၊ စောင့်ကြပ်ထိန်းသိမ်းခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဧပြီ ၄ ရက်တွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုကဏ္ဍဖြစ်သော မုံရွာမြို့နယ် ဇလုပ်ကျေးရွာ ရွှေဇလုပ်မြေ ပေါင်းစည်းလယ်ယာဥယျာဉ်အတွင်း ငါး၊ ကြက်၊ ငုံး၊ နွား၊ ဆိတ်နှင့် သိုးများ မွေးမြူထားရှိမှုနှင့် သနပ်ခါး၊ သံပရာ၊ သရက်စသည့် သီးနှံများ စိုက်ပျိုးထားရှိမှု အခြေအနေ၊ မြို့ပြအသေးစား၊ အလတ်စားကုန်ထုတ်လုပ် မှုဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍဖြစ်သော မုံရွာမြို့စက်မှုဇုန်ရှိနဒီရွှေစင်သံရည်ကျိုစက်ရုံနှင့်အေးငြိမ်းသီတာဆေးဝါးစက်ရုံတို့ ဆောင်ရွက်နေမှုအခြေအနေ၊ ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍဖြစ်သော မုံရွာပြည်သူ့ဆေးရုံကြီးအတွင်း ဆေးဝါးကုသမှုအခြေအနေနှင့်ခုတင်(၅၀၀)ဆံ့ပြည်သူ့ဆေးရုံကြီး တည်ဆောက်နေမှုအခြေအနေ၊ အုပ်ချုပ်ရေးနှင့်လူမှုရေးကဏ္ဍဖြစ်သော ရွှေတောင်မေတ္တာလူမှုရေးအသင်း၊ မီးသတ်တပ်ဖွဲ့စခန်းရှိ မီးသတ်ယာဉ်များ ကြံ့ခိုင်မှုအခြေအနေ၊ မုံရွာတောင်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့်မြို့မရဲစခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ပခုက္ကူမြို့သို့ဆက်လက် ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကွယ်လွန်သူ ဖခင်ဗိုလ်မှူးချုပ်ဘသိန်း(ငြိမ်း)နှင့်ကွယ်လွန်သူမိခင်ဒေါ်ရင်ရင်မြတို့ကို ရည်စူး၍ ကျန်ရစ်သူသားသမီးမြေးမိသားစုက လူနာများအသုံးပြုရန်အတွက် Oxygen Concentrator စက်တစ်လုံးနှင့် Suction Machine စက်တစ်လုံးကို အမှတ်(၂)တပ်မတော်ဆေးရုံ ခုတင်(၅၀၀) တပ်မှူး ဗိုလ်မှူးချုပ်စိန်လင်းထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

တောင်ငူတွင် ရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာ ဗဟုသုတဆင့်ပွားသင်တန်းဖွင့်

တောင်ငူ ဧပြီ ၆

တောင်ငူမြို့တွင် ရဲတပ်ဖွဲ့၏ ရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာ ဗဟုသုတဆင့်ပွားသင်တန်းကို ဧပြီ ၆ ရက် နံနက် ၉ နာရီက တောင်ငူမြို့နယ် အမှတ်(၂)ရဲစခန်း ခန်းမဆောင်၌ ကျင်းပသည်။ အခမ်းအနားတွင် တောင်ငူမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး အုန်းဖေက ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် အကြမ်းဖက်မှုများ ပေါ်ပေါက်လာပါက ဘယ်လို ကာကွယ်မလဲ၊ ဘယ်လိုထိန်းသိမ်းဆောင်ရွက်မလဲဆိုသည့် အချက်များနှင့် လုံခြုံရေးဆိုင်ရာ ဗဟုသုတများကို ဆွေးနွေးပြောကြားခဲ့သည်။

ယင်းနောက် တောင်ငူမြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးစံလှက ရဲတပ်ဖွဲ့ဝင်များ လိုက်နာဆောင်ရွက်ရမည့် အခန်းကဏ္ဍအပိုင်းကြီးသုံးပိုင်းကို ခွဲခြား၍ ပြောကြားပြီး လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနည်းဥပဒေများကို ဆွေးနွေးခဲ့သည်။

အဆိုပါဆင့်ပွားသင်တန်းသို့ တောင်ငူမြို့နယ်အတွင်းရှိ ရဲအရာရှိ ၃၃ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

သူရ(တောင်ငူ)

ပြည်တွင်းသတင်း

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း လာအိုပြည်သူ့တပ်မတော်မှ ချစ်ကြည်ရေးယဉ်ကျေးမှုအဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၆

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော် ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လာအိုပြည်သူ့တပ်မတော်မှ Colonel Saisamone SALAPSENG ဦးဆောင်သည့် ချစ်ကြည်ရေးယဉ်ကျေးမှုအဖွဲ့အား လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံပွဲသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး လာအိုပြည်သူ့တပ်မတော်မှ Colonel Saisamone SALAPSENG နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲ၌ နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား ရင်းနှီးချစ်ကြည်ရေး ပြယုဂ်အဖြစ် လာအိုပြည်သူ့တပ်မတော်မှ စေလွှတ်သည့်ချစ်ကြည်ရေးယဉ်ကျေးမှုအဖွဲ့၏ နှစ်(၇၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုဖျော်ဖြေပွဲအပေါ် ကျေးဇူးတင်ဝမ်းမြောက်ဂုဏ်ယူမှု၊ ဖျော်ဖြေတင်ဆက်မှုအဆင့်မီစွာဖြင့် ဖျော်ဖြေပေးနိုင်မှု၊ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ဆက်လက်ဆောင်ရွက်ရန်ရှိသည့် အချက်များနှင့် ချစ်ကြည်ရင်းနှီးမှု ဆက်လက်ရှင်သန် ခိုင်မြဲရေးဆိုင်ရာ အချက်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းဦးဆောင်သည့်အဖွဲ့ ဟုမ္မလင်းနှင့်ဖောင်းပြင်မြို့နယ်တို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံ

နေပြည်တော် မေ ၆

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း ဦးဆောင်သည့်အဖွဲ့သည် ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ဟုမ္မလင်းမြို့နယ် အားကစားခန်းမ၌ ဟုမ္မလင်းမြို့နယ်နှင့် ဖောင်းပြင်မြို့နယ်တို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ ဦးတင်နိုင်သိန်း၊ ဦးလှထွန်း၊ ဦးအုန်းမြင့်၊ ဦးဉာဏ်ထွန်းအောင်၊ ဦးဝင်းထွန်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ ဒုတိယဝန်ကြီးများ၊ ဟုမ္မလင်းမြို့နယ်နှင့် ဖောင်းပြင်မြို့နယ်တို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ဟုမ္မလင်းမြို့နယ်နှင့် ဖောင်းပြင်မြို့နယ်တို့မှ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့များ၊ စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများ၊ ရပ်မိရပ်ဖများက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများက ဟုမ္မလင်းမြို့နယ်၊ ဖောင်းပြင်မြို့နယ်နှင့် ရွှေပြည်အေးမြို့တို့အတွက် Sky Net ရုပ်သံဖမ်းစက်နှင့် ဆက်စပ်ပစ္စည်းများ၊ ခြံစောင်များ၊ ကျောင်းသုံးဗလာစာအုပ်များ၊ ဂျာနယ်များ၊ ရေထွက်ကုန်ပစ္စည်းများနှင့် မီးဖိုချောင်သုံးပစ္စည်းများကို တာဝန်ရှိသူများထံ ပေးအပ်ခဲ့သည်။ **(သတင်းစဉ်)**

◆ *ကျောဖုံးမှ*

မြန်မာယူ-၂၀ အသင်းသည် မျိုးမင်းလတ်၊ နန်းဝေမင်း၊ နိုင်လင်းထွန်း၊ သီဟထက်အောင်၊ နန္ဒကျော်၊ ကျော်မင်းဦး၊ ငြိမ်းချမ်းအောင်၊ ရွှေဝင်းထွန်း၊ မောင်မောင်စိုး၊ အောင်သူ၊ သန်းပိုင်တို့ဖြင့် ပွဲထွက်ခဲ့သည်။

Makedonija အသင်းသည် (ခ) အသင်းဖြင့်သာ ယှဉ်ပြိုင်ခဲ့သောကြောင့် မြန်မာအသင်းကို ယှဉ်ပြိုင်ကစားနိုင်ခဲ့ခြင်းမရှိဘဲ ဂိုးပြတ်ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ မြန်မာအသင်းသည် ပထမပိုင်းတွင် သန်းပိုင်၊ ငြိမ်းချမ်းအောင်နှင့် မောင်မောင်စိုးတို့၏ သွင်းဂိုးများဖြင့် သုံးဂိုးပြတ်အနိုင်ရနေခဲ့ပြီး ဒုတိယပိုင်းတွင် အရန်ကစားသမားများကို လဲလှယ်အသုံးပြုခဲ့သည်။ မြန်မာယူ-၂၀ အသင်းအတွက် အနိုင်ဂိုးများကို မောင်မောင်လွင်ကနှစ်ဂိုး၊ ရန်နိုင်ဦးနှင့် ရန်လင်းအောင်တို့က တစ်ဂိုးစီသွင်းယူပေးခဲ့သည်။

မြန်မာယူ -၂၀ အသင်းသည် မတ် ၃၁ ရက်မှစ၍ မက်ဆီဒိုးနီးယားနိုင်ငံ၌ လေ့ကျင့်နေခြင်းဖြစ်ပြီး ခြေစမ်းပွဲနှစ်ပွဲ ကစားထားရာတွင် တစ်ပွဲနိုင်၊ တစ်ပွဲသရေကျထားသည်။ ယခုခြေစမ်းခရီးစဉ်မတိုင်မီ ဆာဘီးယားနိုင်ငံ၌ လေ့ကျင့်ခဲ့သော မြန်မာ ယူ -၂၀ အသင်းသည် ဆာဘီးယား ယူ -၂၀ အသင်းနှင့် ခြေစမ်းပွဲ နှစ်ပွဲကစားခဲ့ရာ နှစ်ပွဲစလုံးရှုံးနိမ့်ခဲ့သည်။

အခွန်ဆောင်လို့ ဘဏ္ဍာတိုး တိုင်းပြည်စီးပွား ဖွံ့လို့ဖြိုး

❐ *ကျောဖုံးမှ*

ရတနာဆင်ဖြူတော်ကို ပရိတ်နံ့သာရည်ဖြင့် ပက်ဖျန်းကြိုဆိုသည်။

အခမ်းအနားသို့ ဒုတိယသမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ဒုတိယဝန်ကြီး ဦးသန်းထွန်း၊ ဒေါက်တာ ဒေါ်သက်သက်ဇင်နှင့် နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဘာသာရေးဝတ်အဖွဲ့များနှင့် ဒေသခံများ တက်ရောက်ကြိုဆိုကြသည်။

ရှေးဦးစွာ ရတနာဆင်ဖြူတော်တင် မော်တော်ယာဉ်သည် ဥပ္ပါတသန္တိစေတီတော် တောင်ဘက်မုခ်ဦးသို့ရောက်ရှိကြရာ ကြိုဆိုရေးအဖွဲ့များက "ဗုဒ္ဓံသရဏံဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိ၊ သံဃံသရဏံဂစ္ဆာမိ" ဟူသော သရဏဂုံသုံးပါးပါဠိကို ဖြည်းညင်းစွာ ရွတ်ဆိုကြသည်။

ထို့နောက် ရတနာဆင်ဖြူတော်တင် မော်တော်ယာဉ်သည် စေတီတော် အရှေ့တောင်ထောင့်အရပ်ရှိ သတ်မှတ်နေရာသို့ ဆိုက်ရောက်ကြပြီး ရတနာဆင်ဖြူတော်သည် ဦးခေါင်းအရှေ့ဘက်သို့လှည့်၍ မော်တော်ယာဉ်ပေါ်မှ ဆင်းသက်ရာ ဥပါသိကာများက ရတနာဆင်ဖြူတော်၏ ဝဲ၊ ယာ၊ ရှေ့အလယ်တည့်တည့်တို့မှနေ၍ အောင်သပြေစိုက် ငွေပန်းဖလားများဖြင့် ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း၊ ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ဒုတိယဝန်ကြီး ဦးသန်းထွန်းနှင့် ဒေါက်တာဒေါ်သက်သက်ဇင်တို့က ရတနာဆင်ဖြူတော်ကို ပရိတ်အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်း၍ ကြိုဆိုကြသည်။

ထို့နောက် ရတနာဆင်ဖြူတော်သည် ဥပ္ပါတသန္တိစေတီတော်နှင့် စေတီတော်လိုဏ်တော်အတွင်း သီတင်းသုံးစံပယ် အပူဇော်ခံလျက်ရှိသည့် ဗုဒ္ဓရုပ်ပွားတော်များနှင့် ပုံတူပွားဗုဒ္ဓမြတ်စွယ်တော်ကို လက်ယာရစ် လှည့်လည်ပူဇော်သည်။

ထို့နောက် အနန္တရာယိကမင်္ဂလာ (အန္တရာယ်ကင်းမင်္ဂလာ) အခမ်းအနားကိုကျင်းပရာ ဒုတိယသမ္မတနှင့် တာဝန်ရှိသူများက ရတနာဆင်ဖြူတော်ထားရှိမည့် ရတနာဆင်ဖြူတော် အဆောက်အအုံသို့ ရောက်ရှိလာသည့် နဝမမြောက် ရတနာ ဆင်ဖြူတော်ကို ပရိတ်နံ့သာရည်များဖြင့်ပက်ဖျန်း၍ အန္တရာယ်ကင်းမင်္ဂလာ ဆောင်ရွက်ပေးကြသည်။

ထို့နောက် ရတနာဆင်ဖြူတော်သည် ရတနာဆင်ဖြူတော် အဆောက်အအုံသို့ ဝင်ရောက်ရာ ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ဝင် ဦးမြသောင်းက ပေါက်ပေါက်များ ကြဲပက်ကြိုဆို၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး ဘေးဘယာဝေးကွာ၍ သာယာဖွံ့ဖြိုးတိုးတက်အောင်မြင်စေကြောင်း ဆုမွန်ကောင်းတောင်းသည်။

ဆက်လက်၍ ဂေဟပဝေသနမင်္ဂလာ (အဆောင်တော်သွင်းမင်္ဂလာ) အခမ်းအနားကိုကျင်းပရာ ဒုတိယသမ္မတနှင့် တာဝန်ရှိသူများက ဆင်ဖြူတော်ဆောင်အတွင်းရှိ မင်္ဂလာနေရာ၌ ရတနာဆင်ဖြူတော်ကို မင်္ဂလာပြုသောအားဖြင့် ပရိတ်အမွှေးနံ့သာရည်များဖြင့် ထပ်မံပက်ဖျန်းပေးကြသည်။

ယင်းနောက် ဘတ္တဘုဉ္ဇနမင်္ဂလာ (အစာကျွေးမွေးခြင်းမင်္ဂလာ) ကို ဆင်ယင်ကျင်းပရာ ဒုတိယသမ္မတနှင့် တာဝန်ရှိသူများက ရတနာဆင်ဖြူတော်အား အသင့်စီစဉ်ထားသည့် အစာအာဟာရများကို အာဟာရဒါနပြု ကျွေးမွေးကြသည်။

ဆက်လက်၍ ရဝိန္ဒုဒဿနမင်္ဂလာ (နေလပြမင်္ဂလာ)ကို ဆင်ယင်ကျင်းပရာ ရတနာဆင်ဖြူတော်သည် ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီးကို မျက်နှာမူ၍ ဦးခိုက်ဖူးမြော်သည်။

ယင်းနောက် နာမကရဏမင်္ဂလာ (ဘွဲ့နာမအမည်တော်ပေးမင်္ဂလာ)အခမ်းအနားကို ကျင်းပရာ အခမ်းအနားမှူးက ရတနာဆင်ဖြူတော်၏ ယာဘက်နားအနီးမှနေ၍ ဆင်ဖြူတော်၏ ကြန်အင်လက္ခဏာနှင့် ပြည့်စုံသောအမဖြစ်သည့် ဤဆင်ဖြူတော်ရတနာ၏ ဘွဲ့နာမအမည်တော်မှာ "သီရိမာလာ၊ သီရိမလာ၊ သီရိမာလာ" အမည်နာမတော်ဖြစ်သည်ဟု ကြေညာသည်။

ထို့နောက် ဒုတိယသမ္မတက "သီရိမာလာ၊ သီရိမာလာ၊ သီရိမာလာ"ဟုခေါ်ဆိုပြီး ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ဒုတိယဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဝင်များက "သီရိမာလာ၊ သီရိမာလာ၊ သီရိမာလာ"ဟု အလှည့်ကျ သုံးကြိမ်စီခေါ်ဆိုကြရာ ပရိသတ်များက ဩဘာလက်ခုပ်တီး၍ ကောင်းချီးပေးကြသည်။

ဆက်လက်၍ ပဏ္ဏာကာရ ပရိသိဋ္ဌဒါနမင်္ဂလာ (ရတနာဆင်ဖြူတော်အား လက်ဆောင်၊ လက်ဖွဲ့ပေးခြင်း) အခမ်းအနားကိုကျင်းပရာ အခမ်းအနားမှူးက "အောင်ပြီ၊ အောင်ပြီ" ဟု ကောင်းချီးမြွက်ဖော် ကြွေးကြော်လိုက်သည်နှင့်တစ်ပြိုင်နက် ဒုတိယသမ္မတနှင့် တာဝန်ရှိသူများက ရတနာဆင်ဖြူတော်အတွက် လက်ဖွဲ့နှင့် လက်ဆောင်ပစ္စည်းများကို ပေးအပ်ချီးမြှင့်ရာ တာဝန်ရှိသူက လက်ခံသည်။

ယင်းနောက် အခမ်းအနားမှူးက "ရတနာဆင်ဖြူတော် ကျန်းမာပါစေ၊ အသက်ရာကျော်ရှည်ပါစေ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးသည်လည်း ဘေးဘယာဝေးကွာ၍ သာယာဖွံ့ဖြိုးတိုးတက်အောင်မြင်ပါစေ"ဟု ဆုမွန်ကောင်းတောင်းပြီး အခမ်းအနားကို ရုပ်သိမ်းရာ ပရိသတ်များက ဩဘာလက်ခုပ်တီးကောင်းချီးပေးကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် တာဝန်ရှိသူများသည် နေပြည်တော် ဥပ္ပါတသန္တိစေတီတော် အရှေ့ဘက် ဝတ္ထုကံမြေအတွင်းရှိ ရတနာဆင်ဖြူတော်ဆောင်၌ထားရှိသည့် ဆင်ဖြူတော်များကို အသင့်စီစဉ်ထားသည့် အစာအာဟာရများ ကျွေးမွေးခဲ့သည်။

ယခု ရတနာဆင်ဖြူတော်သည် နဝမမြောက်တွေ့ရှိသော ဆင်ဖြူတော်ဖြစ်ပြီး အသက်ခုနစ်နှစ်ခန့်ရှိကြောင်းနှင့် အရပ်အမြင့် ခြောက်ပေသုံးလက်မရှိပြီး အမဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

လွှတ်တော်သို့ လာရောက်လေ့လာ

နေပြည်တော် မေ ၆

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ မြို့နယ်အတွင်းရေးမှူး ဦးစိုးသန်းခေါင်းဆောင်သည့် မြို့နယ်ပါတီကော်မတီဝင်များ၊ စည်းရုံးရေးမှူးများနှင့် ပါတီဝင် ၁၅၂ ဦး၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ မြို့နယ်အတွင်းရေးမှူး ဦးအောင်နိုင်ဦး ခေါင်းဆောင်သည့် ပါတီဝင် ၁၂၅ ဦးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်သီဟ(ပြင်ဦးလွင်မဲဆန္ဒနယ်)၏မိတ်ဆွေလေးဦး စုစုပေါင်း ၂၈၁ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိလွှတ်တော်အဆောက်အအုံ၌ကျင်းပသည့် ပထမအကြိမ်ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၉)ရက်မြောက်နေ့ကျင်းပနေမှုနှင့် လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုကြသည်။ **ကျော်ဇေယျ**

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ (၁၇)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပ

ပြည်တွင်းသတင်း

ဒုတိယဝန်ကြီး ဦးပိုက်ထွေး 4 High Tower 4 Unit Web Offset ပုံနှိပ်စက်သစ်ကို နံ့သာရည်ဖြင့် ပက်ဖျန်းပေးစဉ်။

နေပြည်တော် ဧပြီ ၆

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ (၁၇) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲရှိ ကြေးမုံသတင်းစာတိုက် ဘိုးဝဇီရခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်သတင်းစာတိုက် 4 High Tower 4 Unit Web Offset ပုံနှိပ်စက်သစ်ဖွင့်ပွဲအခမ်းအနားကိုကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးက အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးက ပုံနှိပ်စက်ကို စက်ခလုတ်နှိပ်၍ စတင်လည်ပတ်ပေးပြီး ပုံနှိပ်စက်သစ် တပ်ဆင်ပေးသော နိုင်ငံခြားသား ပညာရှင်များအား ဂုဏ်ပြုလက်ဆောင်ပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များသည် စက်ရုံအတွင်း လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါပုံနှိပ်စက်ကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်တွင် စတင်တပ်ဆင်ခဲ့ပြီး ယနေ့တွင် ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်သည်။ ယနေ့ဖွင့်လှစ်လိုက်သည့်ပုံနှိပ်စက်သစ်သည် ရောင်စုံစာမျက်နှာ ၃၂ မျက်နှာကို တစ်ပြိုင်တည်း ရိုက်နှိပ်နိုင်သည်။

ထို့နောက် နှစ်ပတ်လည်နေ့အခမ်းအနားကိုကျင်းပရာ ဒုတိယဝန်ကြီးက အမှာစကားပြောကြားရာတွင် သတင်းစာတိုက်များအနေဖြင့် လက်ရှိတိုးတက်အောင်မြင်မှုအပေါ် ကျေနပ်မနေဘဲ အမှားအယွင်း အနည်းဆုံးနှင့် အကောင်းဆုံးဖြစ်အောင် ဆက်လက်ကြိုးစား ဆောင်ရွက်သွားကြရန်၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးကို အလေးထားဆောင်ရွက်သွားရန်၊ စည်းကမ်းပိုင်း၊ ကျင့်ဝတ်ပိုင်းဆိုင်ရာများကို လေးစားလိုက်နာဆောင်ရွက်သွားရန်၊ ပုံနှိပ်စက်များကြံ့ခိုင်ရေးကို စနစ်တကျစုဖွဲ့ပြင်ဆင် ဆောင်ရွက်သွားရန်၊ သတင်းစာများ စာဖတ်ပရိသတ်ထံ နံနက်စောစော ရောက်ရှိရေးအတွက် ဖြန့်ချိရေး၊ ပို့ဆောင်ရေးနှင့် ပတ်သက်၍လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်သွားရန် နိုင်ငံတော်က ဆောင်ရွက်နေသည့် ပြည်သူ့ဗဟိုပြုမူဝါဒနှင့်အညီ ပြည်သူ့ဆန္ဒ၊ ပြည်သူ့လိုလားချက်များအပေါ် အကောင်းဆုံးဝန်ဆောင်မှုပေးသွားရန် ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးက သတင်းစာမှု ထူးချွန်ဆု(ပြင်ပ) ဆုရရှိသူများ၊ ဝင်ငွေအများဆုံးရှာဖွေပေးနိုင်မှုဆုရ ကြေးမုံသတင်းစာတိုက်နှင့် ပြုပြင်ပြောင်းလဲတိုးတက်မှု ဆုရ မြန်မာ့အလင်းသတင်းစာတိုက်တို့ကို ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်စိုး၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ် ဦးတင့်ဆွေ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအထွေထွေမန်နေဂျာ ဦးရဲနိုင်တို့က သတင်းစာမှုထူးချွန်ဆုရရှိသူများ၊ သတင်းဓာတ်ပုံထူးချွန်ဆုရရှိသူများ၊ သတင်းဆောင်းပါး၊ အင်တာဗျူးထူးချွန်ဆုရရှိသူများ၊ သတင်းစာမှုပေးပို့နိုင်မှုဆုရရှိသူများ၊ ကာတွန်းအများဆုံးပေးပို့နိုင်မှု ဆုရရှိသူများနှင့် ကာတွန်းအများဆုံးဖော်ပြနိုင်မှုဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ဇင်းနောက် ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဆုရရှိသူများသည် စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ **(သတင်းစဉ်)**

ဓာတ်ပုံ-တင်မောင်လွင်
(မြန်မာ့အလင်း)

ဒုတိယဝန်ကြီး ဦးပိုက်ထွေး 4 High Tower 4 Unit Web Offset ပုံနှိပ်စက်သစ်မှ သတင်းစာထွက်ရှိမှုကို ကြည့်ရှုစဉ်။

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ၂၀၁၅ ခုနှစ်၊ နှစ်ပတ်လည်နေ့ ထူးချွန်ဆုရရှိသူများ

စဉ်	ထူးချွန်ဆုအမည်	ဆုရရှိသူအမည်
၁	**သတင်းစာမှုထူးချွန်ဆု(ပြင်ပ)**	
	မြန်မာ့အလင်းသတင်းစာတိုက်	
	ပထမဆု	မျိုးဇေယျာ(ပျဉ်းမနား)
	ဒုတိယဆု	ကိုကြီးတင်
	တတိယဆု	သန်းထိုက်
	ကြေးမုံသတင်းစာတိုက်	
	ပထမဆု	လင်းလက်ကြယ်စင်
	ဒုတိယဆု	တိမ်တမန်
	တတိယဆု	မောင်စေအောင်
၂	**ဝင်ငွေအများဆုံးရှာဖွေပေးနိုင်မှုဆု**	ဦးခင်မောင်ကျော်ဒင် ကြေးမုံသတင်းစာတိုက်
၃	**ပြုပြင်ပြောင်းလဲတိုးတက်မှုဆု**	ဦးအောင်နိုင်ဦး မြန်မာ့အလင်းသတင်းစာတိုက်
၄	**သတင်းစာမှုထူးချွန်ဆု(ဌာနတွင်း)**	
	မြန်မာ့အလင်းသတင်းစာတိုက်	
	ပထမဆု	ခင်ရတနာ(မြန်မာ့အလင်း)
	ဒုတိယဆု	ရဲခေါင်ညွန့်(သတင်းစဉ်)
	တတိယဆု	မောင်စိန်လွင် (မြန်မာ့အလင်း)
	ကြေးမုံသတင်းစာတိုက်	
	ပထမဆု	မိုးသူဇာစိုး(သတင်းစဉ်)
	ဒုတိယဆု	အိရွှေစင်ဝင်း(ကြေးမုံ)
	တတိယဆု	ထက်ခိုင်(ကြေးမုံ)
၅	**အင်္ဂလိပ်ဘာသာသတင်းစာမှုဆု (GNLM)**	
	ပထမဆု	ဦးအေးမင်းစိုး
	ဒုတိယဆု	ဦးရဲမြင့်
၆	**သတင်းဓာတ်ပုံထူးချွန်ဆု(ပြင်ပ)**	
	မြန်မာ့အလင်းသတင်းစာတိုက်	
	ပထမဆု	မင်းထက်အောင်
	ဒုတိယဆု	တင်လှမောင်
	တတိယဆု	စိုးဝင်း(SP)
	ကြေးမုံသတင်းစာတိုက်	
	ပထမဆု	ကျော်စိုး(ကော့သောင်း)
	ဒုတိယဆု	စောသိန်းဝင်း
	တတိယဆု	လွှိုင်ကော်သား
၇	**သတင်းဓာတ်ပုံထူးချွန်ဆု(ဌာနတွင်း)**	
	မြန်မာ့အလင်းသတင်းစာတိုက်	
	ပထမဆု	ဦးမြင့်စိုး (မြန်မာ့အလင်း)
	ဒုတိယဆု	ဦးတင်စိုး(မြန်မာ့အလင်း)
	ကြေးမုံသတင်းစာတိုက်	
	ပထမဆု	ဦးဌေးအောင် (ကြေးမုံ)
	ဒုတိယဆု	ဦးကိုကိုလေး(သတင်းစဉ်)
၈	**သတင်းဆောင်းပါး/အင်တာဗျူး ထူးချွန်ဆု(ဌာနတွင်း)**	
	ပထမဆု	ခင်ရတနာ(မြန်မာ့အလင်း)
	ဒုတိယဆု	မိုးသူဇာစိုး(သတင်းစဉ်)
၉	**သတင်းစာမှုပေးပို့နိုင်မှုဆု(ပြင်ပ)**	
	မြန်မာ့အလင်းသတင်းစာတိုက်	
	ပထမဆု	တင်မောင်(မန္တလေး)
	ဒုတိယဆု	ဦးစိုးညွှန့်
	ကြေးမုံသတင်းစာတိုက်	
	ပထမဆု	ထွန်းထွန်းနိုင်
	ဒုတိယဆု	ဇေယျတု(မကွေး)
၁၀	**ကာတွန်းအများဆုံးပေးပို့နိုင်မှုဆု (ပြင်ပ)**	
	မြန်မာ့အလင်းသတင်းစာတိုက်	မှတ်ကြီး
	ကြေးမုံသတင်းစာတိုက်	ဗဟန်းအေးမင်း
၁၁	**ပြည်တွင်း/ပြည်ပသင်တန်းထူးချွန်ဆု**	
	အဆင့်မြင့်စာရင်းကိုင်နှင့် ရုံးလုပ်ငန်းကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၉၄)တွင် အဆင့်(၁)	ဒေါ်ဇာဖြူနှင်း စာရင်းကိုင်-၁
၁၂	**သတင်းစာမှုပေးပို့နိုင်မှုဆု(ဌာနတွင်း)**	
	မြန်မာ့အလင်းသတင်းစာတိုက်	
	ပထမဆု	ဦးမြင့်ဆွေ(မြန်မာ့အလင်း)
	ဒုတိယဆု	ဦးမြင့်စိုး(မြန်မာ့အလင်း)
	တတိယဆု	ဒေါ်ရီရီမြင့်(သတင်းစဉ်)
	ကြေးမုံသတင်းစာတိုက်	
	ပထမဆု	မြတ်သန္တာမောင်(သတင်းစဉ်)
	ဒုတိယဆု	သီသီမင်း(ကြေးမုံ)
	တတိယဆု	ခင်ဇာလီ(ကြေးမုံ)
၁၃	**ကာတွန်းအများဆုံးဖော်ပြနိုင်မှုဆု (ပြင်ပ)**	
	မြန်မာ့အလင်းသတင်းစာတိုက်	သူရမိုး
	ကြေးမုံသတင်းစာတိုက်	လှထွဋ်ဦး

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၂ဃ/၆၄၅၂ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန(ရွှာသာကြီး)**

နေရာကောင်း ဆိုင်ခန်းငှားမည်

ပြည်မြို့၊ လမ်းမတော်လမ်း၊ တစ်လမ်းမောင်းအနီး နှစ်ခန်းတွဲဆိုင်ခန်း ငှားမည်။

ဖုန်း-၀၉-၉၇၅၁၂၉၃၉၃၊ ၀၉-၄၄၈၀၀၀၄၀၀

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ဆောင်းပါး

ငြိမ်းချမ်းရေးရွှေတံခါး ပွင့်ခဲ့လေပြီ

ကိုကိုလှိုင်

မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများသည် ကမ္ဘာပေါ်၌ အခက်ခဲဆုံး ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများထဲတွင် ပါဝင်သည်ဟု လေ့လာသူပညာရှင်အချို့ကဆို။

ငြိမ်းချမ်းရေးရွှေတံခါးဝကို ဖွင့်လိုက်နိုင်ပြီဟု ဆိုသော်ငြားလည်း ရှေ့ဆက်ရမည့်ခရီးက ပန်းခင်းလမ်းတော့ ဖြစ်လိမ့်မည်မဟုတ်ချေ။ ပို၍ပို၍ ရှုပ်ထွေးခက်ခဲသော ကိစ္စပေါင်းများစွာက ကြိုလင့်စိန်ခေါ်နေဦးမည်။

ကမ္ဘာဦးလူတို့ နေနှင့်လကို မျှော်ခဲ့ကြသကဲ့သို့ မြန်မာပြည်သူများ အနှစ်နှစ်အလလ မျှော်လင့်ခဲ့ကြသော ငြိမ်းချမ်းရေးသည်ကား ယခုအခါ ရာဟုခံတွင်းဝမှ လွတ်လာသော ငွေစန္ဒာလမင်းကဲ့သို့ အခက်အခဲများစွာကို ကျော်လွန်ကာ အတားအဆီးများစွာကို ကျော်ဖြတ်၍ ရွှေတံခါးကြီးပွင့်သွားခဲ့လေပြီ။ နိုင်ငံတကာမှ ကမ္ဘာ့ပြည်သူများ၊ အနယ်နယ်အရပ်ရပ်မှ လှည်းနေလှေအောင်း မြင်းဇောင်းမကျန် ပြည်သူလူထုအများတို့က တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပဏာမသဘောတူညီချက်ရရှိခဲ့ခြင်းကို ဝမ်းသာအားရ သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြသည်။

ထူးခြားတိုက်ဆိုင်စွာပင် ယင်းပဏာမသဘောတူညီချက်လက်မှတ်ရေးထိုးနိုင်ခဲ့သောနေ့မှာ နိုင်ငံတော်သမ္မတကြီးဦးသိန်းစိန် စတင်၍တာဝန်ယူကာ နိုင်ငံရေးပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် လေးနှစ်မြောက်နှစ်ပတ်လည်နေ့ဖြစ်သည်။ ဤသို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ထူးခြားသော အဆင့်တစ်ဆင့်အထိ ပေါက်မြောက်အောင်မြင်ရန် လေးနှစ်တိတိ ကြိုးပမ်းဆောင်ရွက်ခဲ့ရခြင်းဖြစ်သည်ဟု နားလည်မိပါသည်။

ဤအောင်မြင်မှုသတင်းကို ဝမ်းမြောက်ဝမ်းသာ မုဒိတာပွား ခံစားနေမိချိန်တွင် ကျွန်တော်၏ စိတ်အစဉ်က လွန်ခဲ့သောလေးနှစ်ကာလသို့ ပြန်လည်ရောက်ရှိသွားခဲ့ပါ၏။ ၂၀၁၁ ခုနှစ် ယခုလို မေလတွင်ဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တော်၌ အာဆီယံ ထိပ်သီးအစည်းအဝေးနှင့်အတူ ပူးတွဲကျင်းပသော အာဆီယံပြည်သူ့ဖိုရမ်သို့ မြန်မာကိုယ်စားလှယ်များအဖြစ် ကျွန်တော်တို့ရောက်ရှိနေခဲ့ခြင်းဖြစ်သည်။ ထိုစဉ်ကစတင်တာဝန်ယူစ မြန်မာအစိုးရအပေါ် ပြည်တွင်းပြည်ပမှယုံကြည်မှု အလွန်အားနည်းနေသေးသည့် အချိန်ဖြစ်ပါ၏။ အရပ်ဘက်လူ့အဖွဲ့အစည်း ကိုယ်စားလှယ်များသာစုစည်းပါဝင် တက်ရောက်ကြသည့် ပွဲဖြစ်သည့်အတိုင်း ယင်းဖိုရမ်မှာ အလွန်လွတ်လပ်တက်ကြွကာ ဆူဆူညံညံရှိလှသည်။ ပြဿနာမှာ မြန်မာပြည်တွင်းမှ တက်ရောက်လာသည့် ကိုယ်စားလှယ်အဖွဲ့နှင့်စင်ပြိုင် ပြည်ပရောက် မြန်မာအတိုက်အခံအချို့ကလည်း ကိုယ်စားလှယ်ဟုနေရာယူထားသဖြင့် နေရာတိုင်း၌ မတူကွဲပြားသော အမြင်များဖြင့် ထိပ်တိုက်ငြင်းခုံ နေကြရခြင်း ဖြစ်ပါ၏။ မှတ်မှတ်ရရ အစည်းအဝေးနောက်ဆုံးအပိုင်းတွင် မြန်မာနှင့်ပတ်သက်၍ ဆွေးနွေးပွဲအစီအစဉ်ကို ထည့်သွင်းထားသည်။ စင်စစ်၌ တမင်သက်သက် ပြည်တွင်းမှလာသော မြန်မာကိုယ်စားလှယ်အဖွဲ့ကို လူအုပ်ဖြင့်ဝိုင်း၍ ဖိအားပေးရန် ချိတ်ဆက် စီစဉ်ထားခြင်းဖြစ်သည်။ တစ်ဖက်အုပ်စု၏ စွပ်စွဲချက်တစ်ခုမှာ "မြန်မာနိုင်ငံ၌ ဒီမိုကရေစီရပြီဟု ဆိုသော်လည်း အဘယ်ကြောင့် ငြိမ်းချမ်းရေးမရသေးဘဲ တိုင်းရင်းသားများနှင့်ပြည်တွင်းစစ်ဆက်လက်ဖြစ်ပွားနေရပါသနည်း"ဟူသော မေးခွန်းဖြစ်သည်။

ကျွန်တော်က ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးတို့မှာ သဘောတရားအရ ဆက်နွှယ်မှုရှိတန်သလောက်ရှိသော်လည်း ဒီမိုကရေစီရသည်နှင့် ငြိမ်းချမ်းရေးရရမည်ဟု တရားသေတွက်၍မရနိုင်ကြောင်း၊ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများတွင် နောက်ခံအခြေအနေအမျိုးမျိုးနှင့် အကြောင်းရင်းခံအမျိုးမျိုးရှိနိုင်ကြောင်း၊ ဒီမိုကရေစီနိုင်ငံများတွင်လည်း ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများ ရှိကြသည်သာဖြစ်ကြောင်း၊ ဥပမာ-အင်ဒိုနီးရှားနိုင်ငံ၌လည်း အာချေလွတ်မြောက်ရေးအဖွဲ့နှင့် အစိုးရတို့အကြား တိုက်ခိုက်မှုများမှာ ဒီမိုကရေစီရပြီးခြောက်နှစ်ကြာမှသာ အဆုံးသတ်နိုင်ခဲ့ခြင်းဖြစ်ပြီး ပါပူဝါတွင်မူ ယနေ့ထက်တိုင် ငြိမ်းချမ်းရေးမရရှိသေးကြောင်း၊ ကမ္ဘာ့အကြီးဆုံး ဒီမိုကရေစီနိုင်ငံကြီးဖြစ် သည့် အိန္ဒိယနိုင်ငံ၌ ဒီမိုကရေစီသက်တမ်းနှစ်ခြောက် ဆယ်ကျော်သည့်တိုင် မော်ဝါဒီလက်ဝဲသူပုန်များနှင့် တိုက်ခိုက်မှုများရှိနေဆဲဖြစ်ကြောင်း၊ အာဆီယံဒေသတွင်း ဒီမိုကရေစီ နိုင်ငံတစ်ခုဖြစ်သည့် ဖိလစ်ပိုင်၌လည်း မိုရိုခွဲထွက်ရေးလှုပ်ရှားမှုများကြောင့် ပဋိပက္ခများရှိနေဆဲဖြစ်ကြောင်း၊ မိမိတို့နိုင်ငံမှာ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး လုပ်ဆောင်သည်မှာ ရက်ပိုင်းမျှသာ ရှိသေးသဖြင့် နှစ်ပေါင်းခြောက်ဆယ်ကျော်ကြာမြင့်ခဲ့သော လက်နက်ကိုင်ပဋိပက္ခများကို နေ့ချင်းညချင်း အဆုံးသတ်ရန်မှာ လက်တွေ့မဖြစ်နိုင်ကြောင်း၊ သမ္မတကြီး၏ ပထမဆုံး မိန့်ခွန်း၌ ငြိမ်းချမ်းရေးရယူတည် ဆောက်သွားမည့် သန္နိဋ္ဌာန်ပါရှိပြီးဖြစ်ကြောင်း၊ မိမိတို့ အစိုးရအပေါ် ယုံကြည်မှုနည်းပါးနေဦးမည်ကိုသဘော ပေါက်နားလည်ကြောင်း၊ သို့သော် မိမိတို့၏ လုပ်ရပ်များကို စောင့်ကြည့်အကဲခတ်ပြီးမှ ဆုံးဖြတ်စေလိုကြောင်း၊ ဖြေရှင်းပြောကြားခဲ့သည်။ ကျွန်တော်၏အချက်အလက်များဖြင့် ယထာဘူတကျကျ ဖြေရှင်းချက်ကို တစ်ဖက်မှ ထိရောက်စွာ တုံ့ပြန်နိုင်ခြင်းမရှိခဲ့ပါ။

သို့သော်လည်း ကျားကျားမီးယပ်ဆိုသကဲ့သို့ တစ်ဖက်သတ်မျက်စိစုံမှိတ်ကာ အပုပ်ချထိုးနှက်ရန်သာ ပြင်ဆင်ထားသည့် တစ်ဖက်အုပ်စုမှလူငယ်များက "ဒါပြည်တွင်းစစ် အဖြစ်ပြိုင်နေတာမဟုတ်ဘူး" ဟု သရော်လှောင်ပြောင်ကာ ဟားတိုက်ရယ်မောခြင်းခံခဲ့ရပါသည်။

ယခုတော့ ထိုသူများကိုပြန်တွေ့ကာ ယုံပြီလားဟု မေးလိုက်ချင်ပါသေးသည်။ ထိုအုပ်စုထဲမှ အချို့မှာ ယခုအခါ သူတို့မယုံခဲ့သော အစိုးရ၏ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ပါဝင်သူများဖြစ်နေကြပြီး အချို့မှာမူ ယနေ့ထက်တိုင် "အရေးတော်ပုံ ကြာပါစေ" ဟူသော အုပ်စုတွင် ပါဝင်နေဆဲဖြစ်ရာ သူတို့၏အဖြေများမှာ တစ်သံတည်းတော့ထွက်လိမ့်မည် မထင်ပါ။ မည်သို့ပင်ဖြစ်စေ အမှန်အတိုင်း ရှုတတ်မြင်တတ်သူများကတော့ အသိအမှတ်ပြုကြလိမ့်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများသည် ကမ္ဘာပေါ်၌ အခက်ခဲဆုံး ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများထဲတွင် ပါဝင်သည်ဟုလေ့လာသူပညာရှင်အချို့က ဆိုကြပါသည်။ အဘယ်ကြောင့်ဆိုသော် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်၌ နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ လူမှုစီးပွားရေး ပြုပြင်ပြောင်းလဲမှုတို့အပြင် ငြိမ်းချမ်းရေးတည်ဆောက်မှုကိုပါ တစ်ချိန်တည်း တစ်ပြိုင်တည်းလုပ်ဆောင်ရသောကြောင့်ဖြစ်သည်။ ကိုရီးယားနှင့်အင်ဒိုနီးရှားနိုင်ငံတို့တွင် စီးပွားရေး အတော်အတန်အခြေခိုင်ပြီးမှ ဒီမိုကရေစီဖော်ဆောင်ရေးကို ကူးပြောင်းကြသည်။ တရုတ်နှင့်ဗီယက်နမ်တို့မှာမူ စီးပွားရေးပြုပြင်ပြောင်းလဲမှု အတော်ပင်ခရီးရောက်နေသည့်တိုင် နိုင်ငံရေးစနစ်ပြုပြင်ပြောင်းလဲရေးမှာ အလှမ်းကွာဝေးနေဆဲရှိသည်။ မြန်မာနိုင်ငံမှာမူ လုပ်ငန်းကြီးသုံးခုကို တစ်ပြိုင်တည်းဆောင်ရွက်နေရသည်မှာ လူတစ်ဦးတည်း ရေအိုးသုံးလုံးကို တစ်ပြိုင်တည်းရွက်နေရသကဲ့သို့ရှိသည်။

ယင်းလုပ်ငန်းကြီးသုံးခုထဲမှပင် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ကမ္ဘာပေါ်တွင် အခက်ဆုံးတစ်ခုဖြစ်နေပြန်သည်။ ဒေသတွင်းလုံခြုံရေးဆွေးနွေးပွဲတစ်ခုတက်ရောက်ခဲ့စဉ်က အတွေ့အကြုံကိုသတိရမိပါသည်။ ထိုဆွေးနွေးပွဲတွင် ဆွေးနွေးဖက်တချို့က သီရိလင်္ကာနှင့်ဖိလစ်ပိုင်နိုင်ငံတို့တွင် ငြိမ်းချမ်းရေးကြိုးပမ်းခဲ့သည့် အတွေ့အကြုံများကို တင်ပြကြသည်။ ကျွန်တော်က မြန်မာနိုင်ငံနှင့်ပတ်သက်၍ နှိုင်းယှဉ်ဝေဖန်ဆွေးနွေးရလေရာ အဆိုပါနှစ်နိုင်ငံနှင့် မြန်မာတို့မတူခြားနားပုံများကို ထောက်ပြဆွေးနွေးခဲ့သည်။ ကျွန်တော် ဆွေးနွေးဖော်ထုတ်ပြခဲ့သည့်အချက်များမှာ အောက်ပါအတိုင်းဖြစ်၏-

တစ်။ အဆိုပါနိုင်ငံများတွင် တစ်ခါဆွေးနွေးလျှင် လက်နက်ကိုင်အဖွဲ့ တစ်ဖွဲ့နှင့်သာဆွေးနွေးခြင်းဖြစ်ပြီး မြန်မာနိုင်ငံ၌မူ သီးခြားသမိုင်းကြောင်း၊ သီးခြားသဘောတရားရေးနှင့် ကိုယ်ပိုင်သီးသန့် အကျိုးစီးပွားကိုယ်စီရှိကြသော လူမျိုးစုလက်နက်ကိုင် အဖွဲ့ပေါင်းတစ်ဆယ့်ခြောက်ဖွဲ့နှင့် တစ်ချိန်တည်းဆွေးနွေးရခြင်းဖြစ်သည်။

နှစ်။ ထိုလက်နက်ကိုင်အဖွဲ့များ၏ အင်အားမှာလည်း အားလုံးစုပေါင်းလိုက်ပါက သိန်းဂဏန်းခန့်ရှိရာ ယခုခေတ်စားနေသော အာဖဂန်နစ္စတန်မှ တာလီဘန်များ၊ အီရတ်နှင့် ဆီးရီးယားမှ အိုင်အက်စ်အဖွဲ့တို့ထက်ပင် အင်အားပို၍များနေသေးသည်။

သုံး။ အဆိုပါ နှစ်နိုင်ငံမှာ ကျွန်းနိုင်ငံများဖြစ်ပြီး ကုန်းမြေချင်းထိစပ်သော အိမ်နီးချင်းနိုင်ငံမရှိ။ မြန်မာနိုင်ငံတွင်မူ အိမ်နီးချင်း ငါးနိုင်ငံရှိပြီး ယင်းတို့အနက်မှ နှစ်နိုင်ငံမှာ ကမ္ဘာပေါ်၌ လူဦးရေအများဆုံး ဒေသတွင်းအင်အားကြီးနိုင်ငံများဖြစ်သည်။ မြန်မာနိုင်ငံရှိ လက်နက်ကိုင်အဖွဲ့များမှာ အိမ်နီးချင်းနိုင်ငံများနှင့်ထိစပ်နေသော နယ်စပ်ဒေသများတွင် ရပ်တည်နေခြင်းဖြစ်သည်။

လေး။ မြန်မာနိုင်ငံသည် ကမ္ဘာ့မဟာအင်အားကြီး အမေရိကန်နှင့် ထွန်းသစ်စအင်အားကြီး တရုတ်တို့၏ မဟာဗျူဟာ အားပြိုင်မှုနယ်ပယ်အတွင်း၌လည်း ကျရောက်နေပြန်သည်။

ငါး။ အဆိုပါနိုင်ငံများ၌ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် နိုင်ငံတကာအဖွဲ့အစည်းများ၊ အခြားနိုင်ငံများမှ ကြားဝင်စေ့စပ်ညှိနှိုင်းမှုများ ရယူခဲ့သော်လည်း မြန်မာနိုင်ငံတွင်မူ အကဲဆတ်လွန်းသော သဘောသဘာဝကြောင့် ထိုသို့ကြားဝင်မှုကို လက်ခံ၍ မဖြစ်နိုင်ချေ။

ခြောက်။ မြန်မာနိုင်ငံ၏ လက်နက်ကိုင်ပဋိပက္ခမှာ နှစ် ပေါင်း ၇၀ နီးပါး ကြာမြင့်ခဲ့ပြီဖြစ်ပြီး တစ်ဖက်နှင့်တစ်ဖက် အာဃာတ၊ သံသယအစိုင်အခဲတို့က ကြီးမားလှသောကြောင့် ယုံကြည်မှုပြန်လည်တည်ဆောက်ရေးမှာ အလွန်ခက်ခဲသည့်အခြေအနေရှိသည်။

ခုနစ်။ သဘာဝသယံဇာတပေါကြွယ်ဝသော မြန်မာနိုင်ငံတွင် သယံဇာတအများအပြားမှာ တိုင်းရင်းသားနယ်မြေများ၌ ရှိနေသည့်အတွက် သယံဇာတကျိန်စာသင့်မှုလည်းရှိနေသည်။

ဤသို့သော အခြေအနေများအရ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ အခက်တကာ့အခက်ဆုံးထဲတွင် ပါဝင်နေရခြင်းဖြစ်၏။

တစ်ဖန် အခြားနိုင်ငံများ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လေ့လာပါက အပစ်အခတ်ရပ်စဲသည့် အဆင့်သို့ရောက်ရှိရန်ပင် မလွယ်ကူလှကြောင်း တွေ့ရပေလိမ့်မည်။ ဥပမာ-၂၀၀၄ ခုနှစ်က ပြန်လည်စတင်ခဲ့သည့် ထိုင်းတောင်ပိုင်းပဋိပက္ခမှာ ယနေ့ထက်တိုင် သေနတ်သံ၊ ဗုံးသံတည်းညံရှိနေဆဲဖြစ်၏။ ၂၀၁၁ ခုနှစ် အာရပ်နွေဦးမှ မြန်မာနှင့် ခေတ်ပြိုင်အရှေ့အလယ်ပိုင်းနိုင်ငံများကား စစ်မီးလျှံများအကြားတွင် ဒုက္ခပင်လယ်ဝေလျက်။

ထို့ကြောင့် ဤမျှသောကာလအတွင်း ဤသို့သော ခက်ခဲလှသည့် အခြေအနေများအကြားမှ ဤကဲ့သို့ ပေါက်မြောက်အောင်မြင်မှု ရှိနိုင်ခဲ့ခြင်းမှာ အံ့သြဘနန်းဟု မဆိုလျှင်ပင် ထိုက်ထိုက်တန်တန်အသိအမှတ်ပြုသင့်သည့် ကိစ္စဟုဆိုချင်ပါသည်။ သို့တိုင်အောင် ဤသို့ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးပဏာမသဘောတူညီချက် ရရှိမှုအပေါ် အချို့သော တုံ့ပြန်မှုများမှာ များစွာအထင်ကြီးစရာမရှိသည့် အသေးအမွှားသဖွယ်ပုံဖော်ရန်ကြိုးစား ခဲ့ကြသည်ကိုလည်း တွေ့ရသည်။ စိတ်မကောင်းဖြစ်ရသည်မှာ အခါများစွာ၌ မြန်မာဆိုလျှင် အကောင်းမပြောလိုကြသော နိုင်ငံများက ဤကိစ္စအပေါ် တစ်ခုတ်တရ ချီးကျူးနေကြချိန်တွင် မုဒိတာမပွားနိုင်သူများမှာ တစ်အူထုံ့ဆင်း ကိုယ့်နိုင်ငံသားအချင်းချင်း ဖြစ်နေခြင်းပင်။

ယခုရရှိခဲ့သည့် ပဏာမသဘောတူညီချက်သည် ငြိမ်းချမ်းရေးလမ်းကြောင်းအတွက် နိဒါန်း၏ အစမျှသာ ရှိသေးသည် ဆိုသည်မှာကား အငြင်းပွားဖွယ်မရှိပါချေ။ သို့သော်လည်း သူတစ်ပါးတို့အဖို့ လွယ်ကူသည့်ကိစ္စများမှာပင် မြန်မာနိုင်ငံတွင် ခက်ခဲနေလေ့ရှိသည့် သဘာဝအတိုင်း ဤသို့ စလုံးရေးစနိုင်ဖို့ရာပင် အတော်ကြီးကြိုးပမ်းအားထုတ်ခဲ့ကြရခြင်းဖြစ်၏။ ဤမျှသော ရလဒ်ထွက်ပေါ်လာရန်အတွက် အပြန်အလှန်ညှိနှိုင်းဆွေးနွေးလိုက်လျောပေးခဲ့ကြသော နှစ်ဖက်စလုံးကို မြန်မာပြည်သူတစ်ဦးအနေဖြင့်ကျေးဇူးအထူးတင်မိပါကြောင်းလည်း ပြောကြားလိုပါသည်။

မည်သို့ပင်ဖြစ်စေ ငြိမ်းချမ်းရေး ရွှေတံခါးဝကို ဖွင့်လိုက်နိုင်ပြီဟု ဆိုသော်ငြားလည်း ရှေ့ဆက်ရမည့် ခရီးက ပန်းခင်းလမ်းတော့ ဖြစ်လိမ့်မည်မဟုတ်ချေ။ ပို၍ပို၍ ရှုပ်ထွေးခက်ခဲသော ကိစ္စပေါင်းများစွာက ကြိုလင့်စိန်ခေါ်နေဦးမည်ဖြစ်သည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့

အများပြည်သူသို့ အသိပေးပန်ကြားခြင်း

ရန်ကုန် မေ ၆

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်၊ ဗဟန်းမြို့နယ်များတွင် ဓာတ်အားပြည့်ဝစွာအသုံးပြုနိုင်ရန်အတွက် ရန်ကင်းမြို့နယ်ရှိ 66 KV ကျိုက္ကဆံခွဲရုံ၏ 33 KV ကျိုက္ကဆံ-ကုက္ကိုင်းဖီဒါအား လိုင်းခန်း(၃)ခန်းဆွဲသားခြင်းနှင့် လိုင်း connection ကူးခြင်းလုပ်ငန်းများအား ၈-၅-၂၀၁၅ ရက်နေ့နှင့် ၁၁-၅-၂၀၁၅ရက်နေ့များတွင် နံနက် ၁၁နာရီမှ ညနေ ၃နာရီအထိနှင့် လေးနာရီကြာ ဓာတ်အားပိတ်၍လုပ်ငန်းဆောင်ရွက်ရမည်ဖြစ်ပါသည်။ ယင်းသို့ ဓာတ်အားပြတ်တောက်မှုကြောင့် လူမှုရေးအခက်အခဲများ ပေါ်ပေါက်နိုင်မှုအပေါ် နားလည်ခွင့်လွှတ်ပါရန် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အများပြည်သူများသို့ လေးစားစွာဖြင့် ပန်ကြားထားကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

သင်္ကြန်တွင်း မီးရထားဖြင့် ခရီးသွားလာသူများ အဆင်ပြေစေရန်ဆောင်ရွက်

ဖြူး မေ ၆

သင်္ကြန်ကာလတွင် မြန်မာ့မီးရထားမှ နေပြည်တော်-မန္တလေး လမ်းပိုင်းနှင့် ရန်ကုန်-နေပြည်တော် လမ်းပိုင်းတို့တွင် သင်္ကြန်အထူးရထားများ ပြေးဆွဲ၍ ပြည်သူများအား ဝန်ဆောင်မှုပေးသွားမည်ဖြစ်သည်။

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့မြန်မာ့မီးရထားဘူတာရုံ၊ ရုံပိုင်ကြီးနှင့်ဝန်ထမ်းများ၊ စည်ပင်သာယာရေးဝန်ထမ်းများနှင့် ပူးပေါင်း၍ ခရီးသည်များ စိတ်ချမ်းမြေ့စွာ ဘူတာရုံအတွင်း မီးရထားစောင့်ရင်း နားနားနေနေ လိုရာခရီးစီးနင်းသွားလာနိုင်ရေးအတွက် ဖြူးဘူတာရုံအတွင်းရှိ စာပေရေချမ်းစင်အား စာအုပ်၊ စာတမ်းများ ဖြည့်ဆည်းပေးခြင်း၊ ဘူတာရုံအတွင်းရှိ ထိုင်ခုံများတွင် ကြမ်းပိုးများ ကင်းရှင်းရန် ပိုးသတ်ဆေးဖျန်းပက်ခြင်း၊ ဘူတာရုံဝင်းအတွင်းရှိ ခွေးလေခွေးလွင့်များကို သုတ်သင်ရှင်းလင်းခြင်း လုပ်ငန်းများကို ဒုတိယအကြိမ်အဖြစ် မေ ၃ ရက်က စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။ **(၁၁၃)**

လွှတ်တော်ရေးရာ

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်းနှင့် လွှတ်တော်အတွင်းရှိ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေး

နေပြည်တော် မေ ၆

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် လွှတ်တော်အတွင်းရှိ နိုင်ငံရေးပါတီများမှတာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက နိုင်ငံတော်နှင့် နိုင်ငံသားအကျိုးစီးပွားအတွက် ပါတီစွဲ၊ ဝါဒစွဲမထားရှိဘဲ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊ ကျန်ရှိသော လွှတ်တော်သက်တမ်းအတွင်း လွှတ်တော်လုပ်ငန်းရပ်များတွင် တက်ကြွစွာပါဝင်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အမှာစကား ပြောကြားသည်။ **(ယာပုံ)**

ထို့နောက် တက်ရောက်လာကြသည့် နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများက အထွေထွေတင်ပြဆွေးနွေးကြသည်။

ယင်းနောက် တင်ပြချက်များအပေါ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ လွှတ်တော်အတွင်းရှိ နိုင်ငံရေးပါတီ (၁၈) ပါတီမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုလွှတ်တော်ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးနည်းဥပဒေများကို ပြည်ထောင်စုလွှတ်တော်ကမှတ်တမ်းတင်ခဲ့

နေပြည်တော် မေ ၆

ပြည်ထောင်စုလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၃၉ ရက်မြောက်နေ့ကို နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များအဖြစ် ထပ်မံခန့်အပ်တာဝန်ပေးခြင်းခံရသည့် ဦးအင်ဖော်နော်၊ ဦးစိုင်းခမ်းဝင်း၊ ဦးစောဘလှိုင်၊ ဦးဟောကီး၊ ဒေါက်တာ မောင်မောင်ကြည်၊ ဦးစိုင်းနွံတောင်း၊ ဦးစိုင်းထွန်းသိန်း၊ ဒေါက်တာစိုင်းစံဝင်းတို့က ပြည်ထောင်စုလွှတ်တော် နာယက၏ ရှေ့မှောက်တွင် ကတိသစ္စာပြုကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က သဘောတူညီသည့် မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီဥပဒေကြမ်း၊ ပြည်တွင်းရေကြောင်းသွားရေယာဉ် ဥပဒေကြမ်း၊ လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု ဥပဒေကြမ်းတို့ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၁ အရ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူ၍ လွှတ်တော်က မှတ်တမ်းတင်ခဲ့သည်။

ထို့နောက် ဖွဲ့စည်းပုံအခြေခံဥပဒေ ၉၇ ပုဒ်မခွဲ(ဂ)အရ ပြည်ထောင်စုလွှတ်တော်က ပြင်ဆင်စေသည်ဟု မှတ်ယူရမည်ဖြစ်သော ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က သဘောတူညီခဲ့သည့် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး နည်းဥပဒေများကို ပြည်ထောင်စု လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၄-က နည်းဥပဒေခွဲ(က) အရ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူ၍ လွှတ်တော်က မှတ်တမ်းတင်ခဲ့သည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်များဖြင့် ပြန်လည်ပေးပို့လာသည့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်း၊ အမြန်လမ်းမကြီးများ ဥပဒေကြမ်း၊ ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေကြမ်းနှင့် မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီ အတွင်းရေးမှူး ဦးစောလှထွန်းနှင့် ကော်မတီအဖွဲ့ဝင် ဦးသိန်းထွန်းဦးတို့က ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်များနှင့် သဘောထားမှတ်ချက်အစီရင်ခံစာများကို လွှတ်တော်သို့ ဖတ်ကြားတင်ပြခဲ့သည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်အစည်းအဝေး

ဆေးရုံ၊ ဆေးပေးခန်းများ၊ အဆောက်အအုံများ၊ ဝန်ထမ်းအိမ်ရာများ အချိန်မီပြီးစီးရေး ကျန်းမာရေးဝန်ကြီးဌာနမှ စစ်ဆေးဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၆

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၃၉ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ရွှေကူမဲဆန္ဒနယ်မှ ဦးဝင်းနိုင်၏ **ရွှေကူမြို့နယ် ရွှေချောင်းသာရွာနှင့် နောင်မိုကျေးရွာတို့တွင် ကျေးလက်ကျန်းမာရေးဌာနခွဲ တစ်ခုစီဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်သိန်းသိန်းဌေးက ရွှေချောင်းသာကျေးရွာအုပ်စုတွင် အိမ်ခြေ (၂၄၅)အိမ်၊ လူဦးရေ(၁၅၆၈) ဦးရှိပါကြောင်း၊ နောင်မိုကျေးရွာသည် သဘော်အင်း ကျေးလက်ကျန်းမာရေးဌာနခွဲအောက်တွင် ရှိသည့် ကျေးရွာဖြစ်ပါကြောင်း၊ သဘော်အင်း ကျေးရွာအုပ်စုတွင် လူဦးရေ(၂၅၉၂) ဦး၊ အိမ်ခြေ(၄၃၃)အိမ်ရှိပြီး မြေပြင်အနေအထားအရ နောင်မိုကျေးရွာအစား ဇင်းဘုံကျေးရွာတွင် ကျေးလက် ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ရန် ဒေသ လိုအပ်ချက်ဖြင့် ကချင်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှ တင်ပြထားပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၁၂/၂၀၁၄) ဆုံးဖြတ်ချက်အရ ရွှေကူမြို့နယ် ရွှေချောင်းသာကျေးရွာနှင့် ဇင်းဘုံကျေးရွာတို့တွင် ကျေးလက်ကျန်းမာရေးဌာနခွဲတစ်ခုစီ ဖွင့်လှစ်ပေးရန် သဘောတူညီချက်အရ (၂၀၁၅-၂၀၁၆) ဘဏ္ဍာရေးနှစ်တွင် ဖွဲ့စည်းခွင့်ပြုမိန့်ရရှိရန် စီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦး၏ **ရွှေပြည်သာမြို့နယ် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုအဆင့် ကျန်းမာရေးဝန်ကြီးဌာန၏ ကျပ်သိန်း (၂၀၀) တန် ဆေးခန်းနှစ်ခုအတွက် ခွင့်ပြုငွေကို တိုင်းဒေသကြီးမှ ဖြတ်တောက်လိုက်ခြင်းနှင့် ဝန်ကြီးဌာနအလိုက် ခွင့်ပြုငွေအား ၉ လတာကာလမျှ အသုံးမပြုဘဲ ရှိနေခြင်းတို့နှင့် စပ်လျဉ်းသည့် မေးခွန်းနှင့်** စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်သိန်းသိန်းဌေးက ပြည်ထောင်စု

စာမျက်နှာ ၈ ကော်လံ ၁ သို့

အမျိုးသားလွှတ်တော်အစည်းအဝေး

လွိုင်ကော်မြို့နယ်တွင် အခြေခံပညာကျောင်း ၂၅ ကျောင်းအတွက် ငွေကျပ် ၇၃၈ ဒသမ ၀၀ သန်း လျာထားတင်ပြပြီးဖြစ်

နေပြည်တော် မေ ၆

အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ၄၁ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဇော်မင်းအောင်က လွှတ်တော်ကိုယ်စားလှယ်များ၏ မေးခွန်းများအပေါ် ပြန်လည်ဖြေကြားခဲ့သည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်း၏ **ချောက်မြို့နယ် ရွာမကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ရှိ အန္တရာယ်ရှိ ကျောင်းဆောင်အား ဖျက်သိမ်းခွင့်ပြုပြီး ပေ(၁၂၀×၃၀) ကျောင်းဆောင်အသစ် အစားထိုးပြန်လည်ဆောက်လုပ်ပေးနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြို့နယ်ဦးစားပေးအစီအစဉ် ကျောင်းအလိုက်တန်းစီဇယားအရ မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်တွင် အခြေခံပညာ (၁၆)ကျောင်းအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေ ခေါင်းစဉ်အောက်မှ ငွေကျပ် (၄၈၆ ဒသမ ၀၀ သန်း) ကို လျာထားတင်ပြပြီးဖြစ်ပါသဖြင့် ယခု ချောက်မြို့နယ် ရွာမကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ်မရှိပါကြောင်းဖြင့် ဖြေကြားသည်။

အလားတူ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျွန်ခဲန်း၏ **ဖလမ်းမြို့နယ် ဝေဘူလကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းအား အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဖြစ်သို့ တိုးမြှင့်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှု၊ ဒေသန္တရအခြေအနေ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး စသည့်လိုအပ်ချက်များအပေါ် မူတည်၍ ကျောင်းသားဦးရေ သတ်မှတ်ချက်အဆင့် မူဝါဒကို ဖြေလျှော့ပြီး သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့က ဒေသအခြေအနေအရ ဝေဘူလကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းကို အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဖြစ် အဆင့် တိုးမြှင့်ပေးသင့်ကြောင်း သဘောထား မှတ်ချက်ပြုလာပါက ကျောင်းအဆင့်တိုး တန်းစီဇယားအရ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းနှင့် လောလောဆယ်တွင် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်မရှိပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ဆက်လက်ပြီး ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးပိုးရယ်အောင်သိန်း၏ လွိုင်ကော်မြို့ ချီကယ်ကျေးရွာအုပ်စု၊ ဒေါ်မူကလားကျေးရွာရှိ အစိုးရမူလတန်းကျောင်း လွယ်တမူ(တောင်)ကျောင်းကို RC တစ်ထပ်ကျောင်းဆောင်သစ်

စာမျက်နှာ ၈ ကော်လံ ၁ သို့

ပြည်တွင်းသတင်း

သင်တန်းဗဟုသုတများကို လက်တွေ့ပြန်လည်အသုံးချပြီး နိုင်ငံတကာအဆင့် အရည်အသွေးမီ လုပ်ငန်းတာဝန်ထမ်းဆောင်နိုင်ရန် ဆောင်ရွက်

နေပြည်တော် မေ ၆

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် အဆင့်မြင့်အရာရှိကြီးများ အထူးမွမ်းမံသင်တန်းအမှတ်စဉ် (၂) သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် ယခုသင်တန်းဖွင့်ပွဲအခမ်းအနားတွင် ပြောကြားခဲ့သည်မှာ အဆင့်မြင့် အရာရှိကြီးများသည် အစိုးရအုပ်ချုပ်ရေးယန္တရားကို ဦးဆောင်မောင်းနှင်ရသူများဖြစ်သည်နှင့်အညီ ဒီမိုကရေစီကျင့်စဉ်အရ နောင်တက်လာမည့် အစိုးရများ၏ စီမံကိန်းနှင့် ရည်မှန်းချက်များကို ဥပဒေဘောင်အတွင်း အကောင်အထည်ဖော်ရာ၌ အရည်အသွေးပြည့်ဝသည့် ယန္တရားမောင်းနှင်သူဖြစ်ရန် ယခုကဲ့သို့ အရည်အသွေးမြှင့် သင်တန်းများ ပြုလုပ်ပေးရခြင်းဖြစ်သည်ဟု ဆိုခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ၌ ယနေ့ နိုင်ငံတော်သမ္မတ ဦးဆောင်ကာ နေ့မအား ညမနား ဆောင်ရွက်နေသည့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအားလုံးအတွက် အထွေထွေ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ချမှတ်ဖော်ဆောင်ရာတွင် သန့်ရှင်းသော အစိုးရနှင့် ကောင်းမွန်သည့် အုပ်ချုပ်ရေးယန္တရား တည်ဆောက်နိုင်မှသာ ယင်းအထွေထွေ ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များ အပြည့်အဝ အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း။

ဘက်ပေါင်းစုံ ကဏ္ဍပေါင်းစုံအတွက် တွေးခေါ်မြော်မြင်နိုင်စွမ်း ခေါင်းဆောင်မှု ပေးနိုင်စွမ်းရှိခြင်း၊ လူထုလူတန်းစားအလွှာစုံမှ အကြံဉာဏ်များရယူနိုင်စွမ်းရှိခြင်း၊ စိတ်ခံစားချက်ပေါ်မူမတည်ဘဲ ရေရှည်ပေါ်ထွက်လာမည့် အကောင်းအဆိုး အကြောင်းအကျိုးရလဒ်ကို မြင်နိုင်စွမ်းရှိခြင်း၊ အဂတိလိုက်စားမှုကင်းရှင်းပြီး ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်စွမ်းရှိခြင်း စသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းမျိုးဖြစ်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ချောမွေ့စွာ လည်ပတ်နိုင်သည့် အစိုးရအုပ်ချုပ်ရေး ယန္တရားရှိစေရန် ၎င်းယန္တရားထဲပါနေကြသည့် အဆင့်ဆင့်သောလူ့စွမ်းအား အရင်းအမြစ်ဝန်ထမ်းများ၏ စွမ်းရည်အပေါ် မူတည်မှာဖြစ်ပြီး ယခုသင်တန်းပြီး၍ သင်တန်းဆင်းတော့မည့် အဆင့်မြင့်အရာရှိကြီး သင်တန်းသူ သင်တန်းသားများ၏ စွမ်းရည်လည်း ပါဝင်ကြောင်း၊ ချောမွေ့သည့်ယန္တရားရှိစေရန် မိမိတစ်ဦးချင်းစီ၏စွမ်းရည်ကို တည်ဆောက်မြှင့်တင်ကြရာတွင် အပိုင်းလိုက်ရှိပါကြောင်း၊ စာတွေ့အပိုင်း၊ လက်တွေ့အပိုင်းနှင့် စိတ်ရင်းစေတနာမှန်ဖြင့် လုပ်ဆောင်မှုအပိုင်းဖြစ်ပါကြောင်း၊ စာတွေ့မပါသည့် လက်တွေ့လုပ်ငန်းသည် ရေရှည်၊ ယှဉ်ပြိုင်အောင်နိုင်မှုမရရှိနိုင်သကဲ့သို့ တိုးတက်မှုလည်း နည်းပါးမည်ဖြစ်ပြီး၊ လက်တွေ့မပါသည့် စာတွေ့စွမ်းရည်သည်လည်း အကောင်အထည်ပေါ်လာနိုင်မည် မဟုတ်သည့်အတွက်၊ တိုးတက်ဖွံ့ဖြိုးမှုတွင် စာတွေ့နှင့် လက်တွေ့သည် ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီဖြစ်ပါကြောင်း၊ ထို့အတူ စိတ်ရင်းစေတနာမှန်မပါသည့် လုပ်ငန်းသည်လည်း အရည်အသွေးနိမ့်ကျမှာဖြစ်သည့်အတွက် လက်တွေ့ရော စာတွေ့ပါ တော်တတ်သည့် လူတော်များကို လူကောင်းဖြစ်ကြစေလိုပြီး စေတနာပါသည့် လူကောင်းများလည်း လူတော်ဖြစ်စေလိုသည် ဆိုသည်မှာလည်း အရည်အသွေးပြည့်ဝသည့် ရလဒ်ကို ရလို၍ဖြစ်ပါကြောင်း။

ယခုကဲ့သို့ အချိန်ကာလတိုအတွင်း ပြည်ထောင်စုအဆင့်ရှိ ပုဂ္ဂိုလ်များအပါအဝင်၊ စာတွေ့ လက်တွေ့ကို အတွေ့အကြုံရင့်ကျက်သည့် အထူးသင်တန်းမှူးများက ပို့ချပေးလိုက်သည့် လွန်စွာမှ တန်ဖိုးကြီးမားလှသည့် သင်ခန်းစာများကို လမ်းလွှဲသွားစေနိုင်သည်မှာ အဂတိလိုက်စားမှုကိစ္စရပ်ဖြစ်ပါကြောင်း၊ တာဝန်ခံမှု၊ တာဝန်ယူမှုနှင့် ပွင့်လင်းမြင်သာမှုရှိပြီး အဂတိလိုက်စားမှုကင်းရှင်းကြပါမှ ဌာနများ၏ယန္တရားသည် ချောမွေ့သည့် ယန္တရားအဖြစ် အရည်အသွေးမြင့်သည့် ယန္တရားတစ်ခုအဖြစ် လည်ပတ်နိုင်မည်ဖြစ်ပါကြောင်း။

၎င်းနေရာတွင် အဂတိလိုက်စားမှုဆိုသည်မှာ ဥပဒေနှင့်မညီညွတ်သည့် ငွေကြေး၊ ပစ္စည်းရယူသုံးစွဲမှုသာ ခေါ်ဆိုခြင်းမဟုတ်ဘဲ လူ့စွမ်းအား အရင်းအမြစ်နှင့် သက်ဆိုင်သည့်၊ တော်သည့် တတ်သည့်သူကို မလိုအပ်သည့်နေရာတွင် တာဝန်ထမ်းဆောင်စေခြင်း၊ မထိုက်တန်သူ အရည်အချင်းမရှိသူကို နေရာပေးရာထူးတိုးပေးခြင်းမျိုးသည်လည်း အဂတိလိုက်စားမှုပြုလုပ်ခြင်းသာဖြစ်ပါကြောင်း၊ အာရှဒေသအတွင်းရှိ နိုင်ငံငယ်တစ်ခု၏ ဆောင်ပုဒ်ဖြစ်သည့် အတော်ဆုံးသူကို အကောင်းဆုံး အလုပ်တာဝန်ပေးခြင်း၊ အကောင်းဆုံးအလုပ်တာဝန်ကို အတော်ဆုံးသူအား အပ်နှင်းတာဝန်ပေးလုပ်ဆောင်စေခြင်း၊ အဂတိလိုက်စားမှုကို လုံးဝလက်မခံခြင်းဟူသည့် စံနမူနာပြု အုပ်ချုပ်ရေးယန္တရားဖြင့် လည်ပတ်ဆောင်ရွက်နိုင်သည့်အတွက် ဖွံ့ဖြိုးဆဲနိုင်ငံမှ ဖွံ့ဖြိုးသည့်နိုင်ငံအဖြစ်သို့ ပြောင်းလဲလုပ်ဆောင်နိုင်ခြင်းသည် ဖော်ပြသည့်အရည်အသွေးများကြောင့်ပင် ဖြစ်ပါကြောင်း။

ယခုအမှတ်စဉ်(၂) အဆင့်မြင့်အထူးမွမ်းမံသင်တန်းတက်ရောက်ပြီး သင်တန်းဆင်းကြမည့် အဆင့်မြင့်အရာရှိကြီးများအနေဖြင့် သင်ကြားတတ်မြောက်သွားသည့် စာတွေ့လက်တွေ့သင်တန်း သင်ခန်းစာများကို ယခုသင်ကြားပေးသည်ထက် ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်နိုင်စေရန်၊ ပိုမိုကြွယ်ဝလာသည့်သင်တန်းဗဟုသုတများကို လက်တွေ့အဖြစ် ပြန်လည်အသုံးချပြီး မိမိတို့၏ဌာနလုပ်ငန်းစွမ်းဆောင်မှု စွမ်းဆောင်ရည် တိုးတက်လာစေရန်၊ နိုင်ငံတကာအဆင့် အရည်အသွေးမီလုပ်ငန်းတာဝန်ထမ်းဆောင်နိုင်ကြစေရန် ကြိုးပမ်းဆောင်ရွက်သွားကြပါဟု တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးက သင်တန်းနှင့်ပတ်သက်သည့် အတွေ့အကြုံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတက သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားကိုယ်စားလှယ်နှစ်ဦးထံပေးအပ်ချီးမြှင့်ပေးပြီး သင်တန်းနည်းပြများ၊ သင်တန်းသားများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ **(အပေါ်ပုံ)(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်မှ

လွှတ်တော်မှ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း ခွင့်ပြုချက်အရ ၎င်းဒေသန္တရဆေးပေးခန်းနှစ်ခု အကြီးစားမွမ်းမံရန် ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနသို့ ရန်ပုံငွေခွဲဝေပေးခဲ့ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုခဲ့သည့် တည်ဆောက်ရေး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရန် ရန်ပုံငွေခွဲဝေပေးခဲ့ခြင်းဖြစ်ပြီး ဖြတ်တောက်ခြင်း၊ လျှော့ချခြင်းများ မရှိပါကြောင်း၊ အဆိုပါ ဒေသန္တရဆေးခန်းနှစ်ခုမှာ ယိုယွင်းပျက်စီးလျက်ရှိသဖြင့် အကြီးစားမွမ်းမံခြင်းအစား အဆောက်အအုံအသစ်

ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်သိန်းသိန်းဌေး ဖြေကြားစဉ်။ (သတင်းစဉ်)

ရွှေပြည်သာ မဲဆန္ဒနယ်မှ ဦးတင်မောင်ဦး မေးမြန်းစဉ်။ (သတင်းစဉ်)

ဆောက်လုပ်သင့်သဖြင့် ဒေသန္တရဆေးပေးခန်း အသစ်ဆောက်လုပ်ရန်အတွက် အဆောက်အအုံများ ရန်ပုံငွေခေါင်းစဉ် လွှဲပြောင်းသုံးစွဲခွင့်ရရှိရေးအတွက် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနနှင့် ဆောက်လုပ်ရေးလုပ်ငန်းစိစစ်ညှိနှိုင်းရေးအဖွဲ့သို့ ပေးပို့ညှိနှိုင်းခဲ့ပါကြောင်း၊ ဒေသန္တရ ဆေးပေးခန်းများတည်ဆောက်ရန် ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် တင်ဒါအောင်မြင်သည့်ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆို ဆောင်ရွက်လျက်ရှိပါကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများ ငွေပေးချေရာတွင်လုပ်ငန်း ပြီးစီးမှုအရ ငွေပေးချေခြင်းဖြစ်၍ လုပ်ငန်းပြီးစီးမှုမရှိသည့် လုပ်ငန်းများအတွက် ရန်ပုံငွေများကိုဘဏ်မှ ထုတ်ယူထားခြင်းမရှိပါကြောင်း၊ ဆေးရုံ၊ ဆေးပေးခန်းများ၊ အဆောက်အအုံများ၊ ဝန်ထမ်းအိမ်ရာများ အချိန်မီပြီးစီးရေးနှင့် အရည်အသွေး ကောင်းမွန်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ အဖွဲ့များဖွဲ့စည်း၍ စစ်ဆေးဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်း၏ **လမိုင်း- သောင်ပြင်- တောင်ပုံ- အာယုတောင်ကျေးရွာချင်းဆက်လမ်းအား မြေသားလမ်းမှ ကတ္တရာလမ်းအဖြစ်သို့တိုးမြှင့်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ရေးမြို့နယ်အတွင်း လမိုင်း- သောင်ပြင်- တောင်ပုံ- အာယုတောင်ကျေးရွာချင်းဆက်လမ်းသည် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရန်ပုံငွေ၌ ခွင့်ပြုထားခြင်းမရှိသေး ပါကြောင်းနှင့် လတ်တလောတွင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါကြောင်း ဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့်အတည်ပြုပေးပို့သည့် "မြန်မာနိုင်ငံ စာရင်းကောင်စီဥပဒေကြမ်း"နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့်အတည်ပြုရန် လွှတ်တော်က အတည်ပြုသည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်မှ

ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းအပေါ်တွင်လည်း ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြို့နယ်ဦးစားပေးအစီအစဉ်အလိုက် တန်းစီဇယားအရ ကယားပြည်နယ် လွိုင်ကော်မြို့နယ်တွင် အခြေခံပညာကျောင်း (၂၅) ကျောင်းအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းရန်ပုံငွေ ခေါင်းစဉ်အောက်တွင် ငွေကျပ် ၇၃၈ ဒသမ ၀၀ သန်းကို လျာထားတင်ပြပြီး ဖြစ်ပါသဖြင့် ဆောက်လုပ်ပေးရန် အစီအစဉ်မရှိပါကြောင်းဖြင့် ဖြေကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော ၁၉၉၃ ခုနှစ်၊ စည်ပင်သာယာရေးအဖွဲ့များ ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်-၅/၉၃) ကို ရုပ်သိမ်းသည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြည်သူ့လွှတ်တော်၏အတည်ပြုချက်အတိုင်းထားရှိရန် သဘောတူလက်ခံထားသဖြင့်လည်းကောင်း၊ ယင်းဥပဒေနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် အမည်

ဒုတိယဝန်ကြီး ဒေါက်တာ ဇော်မင်းအောင် ဖြေကြားစဉ်။ (သတင်းစဉ်)

စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်းတင်သွင်းထားသည့် လွှတ်တော်ကိုယ်စားလှယ်မရှိသည့်အတွက် လည်းကောင်း အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခဲ့သည်။

ထို့သို့ အဆုံးအဖြတ်ရယူရာတွင် ၁၉၉၃ ခုနှစ် စည်ပင်သာယာရေးအဖွဲ့များဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်-၅/၉၃) ကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်းထားရှိရန် သဘောတူညီခဲ့သည်။

ကယားပြည်နယ် မဲဆန္ဒနယ် အမှတ်(၈) မှ ဦးပိုးရယ်အောင်သိန်း မေးမြန်းစဉ်။ (သတင်းစဉ်)

ထို့နောက် အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်မှ ဒသမပုံမှန်အစည်းအဝေးအထိ ဆောင်ရွက်မှုအခြေအနေနှင့် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆောင်ရွက်မှုအခြေအနေများ၊ ကွင်းဆင်းစိစစ်ရေးအဖွဲ့(၂) ဖွဲ့၏ တွေ့ရှိချက်များနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို ကော်မတီဥက္ကဋ္ဌက လွှတ်တော်သို့ ဖတ်ကြားတင်သွင်းခဲ့သည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးထားထိန်းသိမ်းနေခြင်းသည် အမျိုးသားယဉ်ကျေးမှု ဂုဏ်ဒြပ်မြင့်မားအောင် ဆောင်ရွက်ခြင်းဖြစ်

နေပြည်တော် ဧပြီ ၆

(၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားစာကြည့်တိုက်၌ ကျင်းပရာ (၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယကက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက် အဖွင့်အမှာစကားပြောကြားသည်။ (အောက်ပုံ)

အစည်းအဝေးသို့ ဒုတိယသမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ ဒေါက်တာဒေါ်ခင်စန်းရီ၊ ဦးအေးမြင့်ကြူ၊ ဦးဇေယျာအောင်၊ ဆပ်ကော်မတီဥက္ကဋ္ဌများ ဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဘာသာရပ်ဆိုင်ရာ အကဲဖြတ်လုပ်ငန်း အဖွဲ့ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတ ဦးညဏ်ထွန်းက အဖွင့်အမှာစကား ပြောကြားရာတွင် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုများကို ထိန်းသိမ်းရန်၊ ကာကွယ်စောင့်ရှောက်ရန်၊ လက်ဆင့်ကမ်း ပြန့်ပွားမြှင့်တင်ပေးရန် ဦးတည်ချက်များဖြင့် (၂၁) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို အစဉ်အလာမပျက် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ယခုကဲ့သို့ ဦးစီးကော်မတီ၏ ညှိနှိုင်းအစည်းအဝေးခေါ်ယူကျင်းပရခြင်းဖြစ်ပါကြောင်း။

ရာစုနှစ်များစွာက စဉ်ဆက်မပြတ် တည်ရှိဖြစ်ထွန်းခဲ့ကြသည့် တိုင်းရင်းသားညီအစ်ကို မောင်နှမများ၏ အနုသုခုမ အဆို၊ အက၊ အရေး၊ အတီးပညာရပ်များသည် အသွင်သဏ္ဍာန်၊ ဟန်ပန်၊ ဘာသာစကား စုံလင်စွာ အလှကိုယ်စီဖြင့် ခိုင်မြဲတည်ရှိနေကြပြီး လူသတင်း လူချင်းဆောင်၊ ပန်းသတင်း လေညှင်းဆောင် ဆိုသကဲ့သို့ တိုင်းရင်းသားညီရင်းအစ်ကိုများ၏ ချစ်ခင်ရင်းနှီးမှုများမှ တစ်ဆင့် ပြည်ထောင်စုအနှံ့ဖြန့်ကြက်လွှမ်းခြုံတည်ရှိနေကြခြင်း ဖြစ်ပါကြောင်း၊ ကချင်တိုင်းရင်းသားများ၏ "မနော"အက၊ ကယားတိုင်းရင်းသားများ၏ "ဒီကူး"အက၊ ကရင်တိုင်းရင်းသားများ၏" ဒုံးယိမ်း"အက၊ ချင်းတိုင်းရင်းသားများ၏ "ဝါးညှပ်"အက၊ ဗမာတိုင်းရင်းသားများ၏ "တပင်တိုင်"အက၊ မွန်တိုင်းရင်းသားများ၏ "ဟင်္သာမောင်နှံ"အက၊ ရခိုင်တိုင်းရင်းသားများ၏ "သျှင်ဒိုင်"အက၊ ရှမ်းတိုင်းရင်းသားများ၏"ကိန္နရာ"အက အစရှိသည့်အကများသည် ပြည်ထောင်စု ထက်အောက်တစ်ခွင်တွင် မူလကပင် ရင်းနှီးပျံ့နှံ့ပြီးဖြစ်ပါကြောင်း၊ ရိုးရာယဉ်ကျေးမှု အနုသုခုမ အကများကို ခြုံငုံသုံးသပ်ကြည့်လျှင် "ခေါင်း၊ ခါး၊ ခြေ၊ လက်" စသည့် တိုင်းရင်းသားအားလုံး ပိုင်ဆိုင်သည့် ရိုးရာအက အခြေခံစနစ်တစ်ခုတည်းအောက်တွင် မကွဲမပြားတည်ရှိနေကြသည်ကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း၊ အနုသုခုမ သုတေသီများက "တြိဘင်္ဂ" ဟုသတ်မှတ်သည့်အဝန်းအဝိုင်း၊ အကွေးအညွှတ်ကဟန်ထဲတွင် အလှမ်းမဝေးဘဲ တစ်ပေါင်းတစ်စည်းတည်း သက်ဝင်တည်ရှိနေသည်ကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း၊ ထိုနည်းတူစွာ တီးခတ်သည့် တူရိယာများသည်လည်း "အရွယ်အစား၊ အရေအတွက်နှင့် သံစဉ်၊ နရီ" များ ကွဲပြားသော်လည်း "ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ်" ဟူသည့် မြန်မာတိုင်းရင်းသားတို့၏ အခြေခံတူရိယာ ငါးပါးထဲက ခွဲထွက်သွားခြင်းမရှိသည်ကို တွေ့ကြရမည် ဖြစ်ပါကြောင်း။

အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး၏ မူလရှိပြီးဖြစ်သည့် ခံ့ညားထည်ဝါသည့် ဂုဏ်ဒြပ်များ အပြင် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုသုခုမပြိုင်ပွဲများကို ပေါင်းစည်းထည့်သွင်းကျင်းပနိုင်ခဲ့သဖြင့် တိုင်းရင်းသားညီနောင်အချင်းချင်းတစ်ဦး၏ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်ကို တစ်ဦးကပိုမိုပြီး ထဲထဲဝင်ဝင် နားလည်လာကြသကဲ့သို့ အဖိုးထိုက်တန်လှသည့် ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို ထိန်းသိမ်းဖော်ထုတ်ပြသနိုင်ခဲ့ကြပြီ ဖြစ်ပါကြောင်း။ ထို့အပြင် တိုင်းရင်းသားညီအစ်ကို မောင်နှမများအချင်းချင်း အပြန်အလှန်နားလည်မှုများ ပိုပြီးရရှိလာပြီး ခိုင်မြဲသည့်သွေးစည်းချစ်ကြည်မှုကိုလည်း ပိုမိုနက်ရှိုင်းစွာ တည်ဆောက်နိုင်ခဲ့ကြပြီဖြစ်ပါကြောင်း၊ အနုသုခုမပညာဆိုသည်မှာ ခက်ထန်မာကျောမှုများကို ဖြေလျှော့ထွက်ပေါက်ပေးပြီး အေးမြသန့်စင်သည့် မေတ္တာလေပြည်လေညင်းကို လှစ်ဟကြိုဆိုသည့် စိတ်ပြတင်းတံခါးပင် ဖြစ်ပါကြောင်း၊ ယဉ်ကျေးမှုအနုပညာ ပေါင်းစည်းဖလှယ်မှုများမှတစ်ဆင့် တစ်မြေတည်းနေ တစ်ရေတည်း သောက်ခဲ့ကြသည့် တိုင်းရင်းသားအချင်းချင်း နားလည်မှုများ ပိုမိုရရှိခဲ့ကြပြီး နိုင်ငံတော်က ဖော်ဆောင်လျက်ရှိသည့် အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေး၊ တိုင်းရင်းသား အချင်းချင်း သွေးစည်းညီညွတ်ရေး၊ ငြိမ်းချမ်းရေးဖော်ဆောင်ရေး အမျိုးသားရေးလုပ်ငန်းစဉ်ကြီးကို ကြီးမားစွာ အထောက်အပံ့ဖြစ်စေခဲ့ပါကြောင်း။

ယနေ့ ကမ္ဘာကြီးတွင် နည်းပညာများ၊ ရုပ်ဝတ္ထုပစ္စည်းများသည် အချိန်နှင့်အမျှ အရှိန်အဟုန်ဖြင့် လျှင်မြန်စွာ တိုးတက်နေပါကြောင်း၊ မိမိတို့၏ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအမွေအနှစ်များ၊ အဆိုပါအမွေအနှစ်များကို မြတ်နိုးတန်ဖိုးထားတတ်သည့် စိတ်ဓာတ်အခြေခံကောင်းများကို နည်းပညာများ၊ ရုပ်ဝတ္ထုပစ္စည်းများ၏ တိုက်စားဝါးမျိုမှု မခံရစေရန် ပြည်ထောင်စုတိုင်းရင်းသားအားလုံးက မျက်ခြည်မပြတ် စောင့်ကြည့်ထိန်းသိမ်းရမည့် အချိန်အခါလည်းဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများကို နှစ်စဉ်ကျင်းပနေခြင်းသည် မိမိတို့ လူမှုဓလေ့စရိုက် အစဉ်အလာများကို မြန်မာ့လူ့ဘောင်တွင် အစဉ်နိုးကြားရှင်သန်နေစေရန် စဉ်ဆက်မပြတ် စေ့ဆော်ပေးခြင်းပင် ဖြစ်ပါကြောင်း၊ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို မြတ်မြတ်နိုးနိုး တန်ဖိုးထား ထိန်းသိမ်းနေခြင်းသည် ခေတ်နောက်ပြန်ဆွဲခြင်း မဟုတ်ဘဲ အမျိုးသားယဉ်ကျေးမှု ဂုဏ်ဒြပ်တန်ဖိုး ပိုမိုမြင့်မားအောင် ရှေ့တိုးဆောင်ရွက်နေခြင်းဟု မှတ်ယူရမည် ဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့် နည်းပညာဖွံ့ဖြိုးတိုးတက်မှုနှင့် ရုပ်ပိုင်းဆိုင်ရာ ပြည့်စုံကြွယ်ဝမှုအကြားတွင် ရောက်နေသည့် လူငယ်လူရွယ်များ အနေနှင့် မြန်မာ့မူ၊ မြန်မာ့ဟန် မိမိတိုင်းရင်းသား ရိုးရာယဉ်ကျေးမှုများမှ ကင်းကွာသွေဖည်မသွားစေရန် အလေးထားဆောင်ရွက်နေခြင်းလည်း ဖြစ်ပါကြောင်း။

ရာစုနှစ်ပေါင်းများစွာ သမနိရှည်ကြာ ရင့်ကျက်ခဲ့ပြီဖြစ်သည့် ရိုးရာယဉ်ကျေးမှုများကို လေ့လာဆန်းစစ်ကြည့်လျှင် ခံ့ညားထည်ဝါမှု၊ လှပသိမ်မွေ့မှု၊ နိုင်ငံ၏ ဂုဏ်ရည်နှင့် နိုင်ငံချစ်စိတ်ဓာတ် ကြံ့ခိုင်ကြီးမားမှု စသည့်ပုံရိပ်များ ထင်ဟပ်နေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

ယဉ်ကျေးမှုသည် လူ့အဖွဲ့အစည်းတစ်ရပ်ကို တည့်မတ်ထိန်းညှိပေးသော လူမှုရေးမဏ္ဍိုင်ကြီးပင်ဖြစ်ပါကြောင်း၊ အဆိုပါမဏ္ဍိုင်ကြီး ကြံ့ကြံ့ခိုင်ခိုင် မယိုင်မလဲရပ်တည်နိုင်ရန်အတွက် ကြိုးပမ်းကြရန်လိုပါကြောင်း၊ မိမိတို့၏ ယဉ်ကျေးမှုကို ထိန်းသိမ်းကာကွယ်မြှင့်တင်ခြင်းသည် မိမိတို့ လူ့ဘောင်အဖွဲ့အစည်း၏ ဂုဏ်သိက္ခာနှင့် အမျိုးသားစရိုက်လက္ခဏာကို ကာကွယ်စောင့်ရှောက်မြှင့်တင်ခြင်းပင်ဖြစ်ပါကြောင်း။

အတိတ်သမိုင်းကြောင်း၏ခံ့ညားထည်ဝါသည့် ယဉ်ကျေးမှုအမွေအနှစ်များကို အနာဂတ်ကာလများအထိ ဆင့်ကမ်းသယ်ဆောင်သွားနိုင်ရန်အတွက် ယနေ့ပစ္စုပ္ပန်ကာလတွင် မိမိတို့အနေဖြင့် အားကြိုးမာန်တက် ထိန်းသိမ်းစောင့်ရှောက်နေကြခြင်း ဖြစ်သည်ဟု ခံယူပြီး(၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို ယခင်ကျင်းပပြီးခဲ့သော ပြိုင်ပွဲများထက် အသွင်သဏ္ဌာန်ရော အနှစ်သာရပါ ပိုမိုထူးခြား ခမ်းနားစွာကျင်းပနိုင်ရေးအတွက် တက်ရောက်လာကြသည့် ပုဂ္ဂိုလ်များ အားလုံး ဝိုင်းဝန်းဆွေးနွေးဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ယင်းနောက် (၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဦးစီး ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက မြန်မာတိုင်းရင်းသားတို့၏ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများကို စဉ်ဆက်မပြတ် အောင်မြင်စွာကျင်းပခဲ့မှုအခြေအနေများရရှိပြီး ပြိုင်ပွဲအတွေ့အကြုံများကို အခြေခံ၍ (၂၁) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး အသွင်သဏ္ဌာန်နှင့် အနှစ်သာရပိုင်းတွင် ပိုမိုထူးခြားသိုက်မြိုက်စွာဖြင့် အောင်အောင်မြင်မြင် ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် (၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဦးစီး ကော်မတီအတွင်းရေးမှူး၊ ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများဖွဲ့စည်းထားရှိမှု၊ ဖွင့်ပွဲအခမ်းအနား၊ ဆုချီးမြှင့်ပွဲအခမ်းအနားနှင့် ဂုဏ်ပြုပွဲအခမ်းအနားများ ကျင်းပမည့်နေ့ရက်နှင့် နေရာသတ်မှတ်ထားရှိမှု၊ ဘာသာရပ်ဆိုင်ရာပြိုင်ပွဲများ ရွေးချယ်သတ်မှတ်ထားရှိမှုနှင့် ပြိုင်ပွဲနေရာများ သတ်မှတ်ထားရှိမှု၊ ဆုချီးမြှင့်ရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဆပ်ကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက (၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆပ်ကော်မတီအလိုက် လုပ်ငန်းတာဝန်များ သတ်မှတ်ပြီး ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဘဏ္ဍာငွေရရှိသုံးစွဲမှု၊ ဆက်လက်ဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဘာသာရပ်ဆိုင်ရာ အကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌများနှင့် ပညာရှင်များက အဆို၊ အက၊ အရေး၊ အတီး၊ ကွက်စိပ်၊ ရုပ်သေး၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး စသည့်ပြိုင်ပွဲများအတွက် သီချင်းနှင့် ဇာတ်ရွေးချယ်ထားရှိမှု၊ ပြိုင်ပွဲလိုအပ်ချက်များ၊ အခက်အခဲများနှင့် ယခုနှစ်ပြိုင်ပွဲများ ပိုမိုအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အကြံပြုဆွေးနွေးတင်ပြကြပြီး တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့နောက် ဒုတိယသမ္မတက ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

(၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ၂၀၁၅ ခုနှစ် မေ ၇ ရက်မှ ၁၂ ရက်အထိ နေပြည်တော်ရှိ ရေဆင်းတက္ကသိုလ်နယ်မြေအတွင်း ကျင်းပသွားမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲတွင် ဝါသနာရှင်(ပထမတန်း)အဆင့်၊ ဝါသနာရှင် (ဒုတိယတန်းအဆင့်)၊ အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာ (အသက် ၁၅ နှစ်ပြည့်မှ ၂၀ နှစ်အတွင်း)အဆင့်၊ အခြေခံပညာ (အသက် ၁၀ နှစ်ပြည့်မှ ၁၅ နှစ်အတွင်း)အဆင့်တို့ ယှဉ်ပြိုင်မည်ဖြစ်ကြောင်းနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို မေ ၁၃ ရက်တွင် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန-၂ ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

စာမျက်နှာ ၆ မှ

အပစ်ရပ်စာချုပ် အတည်ပြုလက်မှတ်ရေးထိုးပြီးသည့်တိုင် လက်တွေ့မြေပြင်တွင် အမှန်တကယ်ပစ်ခတ်သံများ ကင်းဆိတ်သွားဖို့က အလွန်အကဲဆတ်လှသော စိန်ခေါ်မှုတစ်ခုဖြစ်ပြီး လက်ညှိုးကလေးတစ်ချက်ကွေးလိုက်ရုံမျှဖြင့် ပြဿနာများစွာ ရှုပ်ထွေးသွားနိုင်သည်။ ထို့ကြောင့် နှစ်ဖက်တပ်များ ပစ်ကွင်းလွတ်အောင်ပြန်လည်နေရာချထားရေး၊ စောင့်ကြည့်လေ့လာရေးအဖွဲ့များ ချထားရေး၊ မတော်တဆပြဿနာရှိလာပါက နှစ်ဖက်ညှိနှိုင်းဖြေရှင်းရေးစသည့် ကိစ္စပေါင်းများစွာကိုလည်း ဆွေးနွေးညှိနှိုင်းစီစဉ်ကြရဦးမည်ဖြစ်၏။

ထိုမှတစ်ဆင့်တက်၍ နိုင်ငံရေးဆွေးနွေးပွဲများ စတင်နိုင်ရေးအတွက် မူဘောင်များချမှတ်ရေး၊ ပါဝင်မည့်အကြောင်းအရာများ၊ ပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းများ သတ်မှတ်ရေးစသည့် ကိစ္စများ ရှိလာပေလိမ့်မည်။ ဆွေးနွေးရမည့်အကြောင်းအရာများမှာလည်း အရေးပါသလို ကျယ်ပြန့်ရှုပ်ထွေးလှသည်။ နိုင်ငံရေး၊ စီးပွားရေး၊ ဥပဒေပြုရေးစသည့်ကဏ္ဍများတွင် တန်းတူညီမျှရေးနှင့် အာဏာပိုမိုခွဲဝေရေးကဲ့သို့သော ကိစ္စများမှာ အခြေခံဥပဒေကိုပါ ပြင်ဆင်ရန်လိုမည့် အနေအထားရှိသည်။ တစ်ချိန်တည်းမှာပင် နယ်မြေငြိမ်းချမ်းသွားသည်နှင့် သိန်းနှင့်ချီသော စစ်ပြေးစစ်ဘေးရှောင်ပြည်သူများကို ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးကိစ္စများကို လုပ်ဆောင်ရပေဦးမည်။ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ၏ အနာဂတ်အရေးမှာလည်း အထူးအရေးကြီးလှသောကိစ္စတစ်ရပ်ဖြစ်သည်။ လက်နက်ကိုင်ပဋိပက္ခနှင့်အတူ ထိန်းမနိုင်သိမ်းမရကြီးထွားလာခဲ့သော မူးယစ်ဆေးဝါးနှင့်အခြားတရားမဝင်စီးပွားရေးလုပ်ငန်းများအန္တရာယ်ကို ကိုင်တွယ်ဖြေရှင်းရေး၊ နိုင်ငံတော်တစ်ဝန်းလုံးသို့ တရားဥပဒေအာဏာစက်သက်ရောက်ရေးနှင့် တရားဥပဒေစိုးမိုးရေးကိစ္စများမှာလည်း အလေးထား၍ဂရုတစိုက်ဖြေရှင်းရမည့်ကိစ္စများဖြစ်ပေသည်။

အထက်ပါကိစ္စအားလုံးကို ကိုင်တွယ်ဖြေရှင်းရန်မှာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ သံတမန်ရေး၊ စသည်ဖြင့် ဘက်ပေါင်းစုံမှ ပါဝင်လုပ်ဆောင်ရန် လိုအပ်သလို အစိုးရတစ်ဖွဲ့တည်းနှင့်လည်း တတ်နိုင်မည်မဟုတ်၊ ဥပဒေပြုလွှတ်တော်တစ်ခုတည်းနှင့်လည်း မပြီးနိုင်၊ တိုင်းရင်းသားအားလုံးပြည်သူတစ်ရပ်လုံးက နားလည်မှုရှိရှိဖြင့် တက်တက်ကြွကြွပါဝင်ကူညီဆောင်ရွက်ကြရမည့် အမျိုးသားရေး အရေးကိစ္စကြီး ဖြစ်ပါလေသည်။

သို့ဖြစ်ရာ ယခုကဲ့သို့ အောင်မြင်မှုလမ်းစကို စတင်လျှောက်လှမ်းနိုင်ခဲ့ခြင်းသည် "ခရီးမိုင်တစ်သောင်း၏ အရေးအကြီးဆုံးမှာ ပထမဆုံးခြေလှမ်းပင်ဖြစ်သည်"ဟူသော ဆိုရိုးနှင့်အညီ အရေးပါလှသော အောင်မြင်မှုကြီးဖြစ်သော်ငြားလည်း၊ ပဏာမအောင်မြင်မှု နိဒါန်း၌သာ ကျေနပ်အားရနေရန်မဟုတ်ဘဲ ရှေ့ဆက်ရဦးမည့် ခရီးကြမ်းမိုင်တစ်သောင်းအတွက် ပြည်ထောင်စုသား ညီနောင်များအားလုံး၏ချစ်ကြည်မှု၊ နားလည်မှု၊ အပြန်အလှန်ယုံကြည်မှုတို့ဖြင့် ခိုင်ခိုင်မာမာ စိတ်ပိုင်းဖြတ်ပြင်ဆင်ထားကြဖို့လိုမည် ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသတည်း။ ။

တွေ့ဆုံမေးမြန်းခန်း

မြန်မာနိုင်ငံသားများအား ကူညီကယ်ဆယ်နိုင်ရေး တာဝန်ရှိသူများ စီမံဆောင်ရွက်လျက်ရှိ

တွေ့ဆုံမေးမြန်း-ညီညီထွန်း၊ ဓာတ်ပုံ-ရဲထွဋ်

ရုရှားနိုင်ငံအရှေ့ဖျားဒေသ၌ ရုရှားငါးဖမ်းသင်္ဘော တိမ်းမှောက်မှုတွင် ပါရှိသွားသော မြန်မာသင်္ဘောသားများအတွက်မော်စကိုမြို့ရှိ မြန်မာသံရုံးအနေဖြင့် ကူညီဆောင်ရွက်နေမှု အခြေအနေများ၊ အင်ဒိုနီးရှားနိုင်ငံ ဘန်ဂျီနာကျွန်း၌ ထိန်းသိမ်းခံနေရသော မြန်မာရေလုပ်သားများ ကိစ္စနှင့်ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာန အနေဖြင့် ဆောင်ရွက်နေသည့် အခြေအနေ၊ မြန်မာကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ သွားရောက်မှုနှင့်ပတ်သက်၍ စီစဉ်ဆောင်ရွက်နေမှုအခြေအနေများကို နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် ကောင်စစ်ဝန်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးစိန်ဦးတို့ထံ သွားရောက် တွေ့ဆုံမေးမြန်းခဲ့မှုများအား ဖော်ပြလိုက်ပါသည်။

ဦးသန့်ကျော်(ဒုတိယဝန်ကြီး)
နိုင်ငံခြားရေးဝန်ကြီးဌာန

ဧပြီ(၁)ရက်နေ့ ညပိုင်းမှာ ရုရှားနိုင်ငံ အရှေ့ဖျားဒေသ ကမ်းလွန် Okhotsk ပင်လယ်အတွင်း ရုရှားငါးဖမ်းသင်္ဘော Dalnity Vostok နစ်မြုပ်ကြောင်း သတင်းရပါတယ်။ ဧပြီ၂ ရက်နေ့မှာ ရုရှားအရေးပေါ် ကယ်ဆယ်ရေးဝန်ကြီးဌာန (Emergencies Ministry) က RIA Novosti သတင်းဌာနကတစ်ဆင့် သတင်းထုတ်ပြန်ခဲ့ပါတယ်။ သင်္ဘောပေါ်မှာ သင်္ဘောသား ၁၃၂ ဦးပါပြီး အဲဒီထဲမှာ မြန်မာသင်္ဘောသား ၄၂ ဦးပါရှိပါတယ်။ မော်စကိုမြို့ မြန်မာသံရုံးက ရုရှားအရေးပေါ် ကယ်ဆယ်ရေး ဝန်ကြီးဌာနကို စုံစမ်းမေးမြန်းချက်အရ မြန်မာ ၂၂ ဦး အသက်ရှင်လျက် ကယ်ဆယ်နိုင်ခဲ့တယ်လို့ သိရှိခဲ့ရပါတယ်။

အခုတော့ အဲဒီ ၂၂ ဦးကို Andromeda လို့ခေါ်တဲ့ အခြားသင်္ဘောပေါ်မှာ ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးထားပါတယ်။ ဒီသင်္ဘောဟာ ကယ်ဆယ်ထားသူတွေနဲ့အတူ ရုရှားနိုင်ငံအရှေ့ပိုင်းဒေသမှာရှိတဲ့ Korsakov ဆိုတဲ့ ဆိပ်ကမ်းမြို့သို့ ဦးတည်သွားနေပါတယ်။ လောလောဆယ် ပင်လယ်ပြင်မှာလေကြီးပြီး လှိုင်းထန်တာကြောင့် Korsakov မြို့ကို ဒီကနေ့ ဧပြီ ၆ ရက် ရောက်ဖို့ရှိသော်လည်း ရောက်နိုင်မယ်မဟုတ်ဘူးလို့ သိရပါတယ်။ မော်စကိုမြို့ မြန်မာသံရုံးက ရုရှားအရေးပေါ်ကယ်ဆယ်ရေး ဝန်ကြီးဌာနနဲ့ ဆက်သွယ်ပြီး နိုင်ငံခြားရေးဝန်ကြီးဌာနကို သတင်းပို့နေပါတယ်။ အမှန်တော့ မြန်မာနိုင်ငံသား စုစုပေါင်း ၄၃ ဦးကို အသက်ရှင်ကယ်ဆယ်နိုင်ခဲ့ပေမယ့်လည်း တစ်ဦးဟာကယ်ဆယ်ခဲ့ပြီး နောက်ပိုင်း သေဆုံးတယ်လို့ သတင်းများရခဲ့ပါတယ်။

ဒီ Andromeda သင်္ဘောပေါ်မှာ လောလောဆယ် ဆယ်ယူရရှိထားတဲ့ သေဆုံးပြီး ရုပ်အလောင်းတွေကိုတော့ မည်သူမည်ဝါဖြစ်တယ်ဆိုတာကို စစ်ဆေးနိုင်ခြင်း မရှိသေးတဲ့အတွက် ပျောက်ဆုံးနေသေးတဲ့ မြန်မာနိုင်ငံသား သင်္ဘောသား အရေအတွက်အတိအကျကို အတည်ပြုနိုင်ခြင်း မရှိသေးတာကို ရုရှားအရေးပေါ်ကယ်ဆယ်ရေးဝန်ကြီးဌာန တာဝန်ရှိသူတွေကို ဧပြီလ ၄ ရက်နေ့မှာ သံရုံးက မေးမြန်းချက်အရ သိရပါတယ်။

သင်္ဘောနစ်မြုပ်ရတဲ့ အကြောင်းရင်းကို ရုရှား RT News သတင်းအရတော့ သင်္ဘောမှာငါးဖမ်းပိုက်တွေ အလေးချိန် ပိုမိုတင်ဆောင်တယ်၊ သင်္ဘောမှာ အနည်းဆုံးရှိရမည့်ဆီ (အရန်ဆီ) မပါဏမရှိတာကြောင့် သင်္ဘောရဲ့မျှခြေ (Balance) အပေါ် အကျိုး သက်ရောက်တာဟာ အကြောင်းတစ်ရပ် ဖြစ်တယ်လို့ အတည်မပြုနိုင်သေးတဲ့သတင်းများ အရသိရပါတယ်။

ဒီကနေ့ ထပ်ရတဲ့သတင်းမှာတော့ ပင်လယ်ပြင်မုန်တိုင်းတွေကြောင့် Andromeda သင်္ဘောဟာ Korsakov ဆိပ်ကမ်းမြို့သို့ ဧပြီ ၇ ရက်နေ့မှာ တောင်မရောက်နိုင်တော့ဘူးလို့ သံရုံးက အစီရင်ခံလာပါတယ်။

အခုအချိန်မှာ Andromeda သင်္ဘောပေါ်ရောက်သွားတဲ့ ဆေးကုသရေးအဖွဲ့များနဲ့ အဆက်အသွယ်မလုပ်နိုင်တာကြောင့် ဆိပ်ကမ်းရောက်နိုင်ပြီးနောက်မှသာ အသေးစိတ်အခြေအနေကို ထပ်သိနိုင်ပါမယ်။ သင်္ဘောဟာ တရားဝင်လိုင်စင်နဲ့ လုပ်ငန်းတွေလုပ်တာ ဟုတ်မဟုတ်ကိုလည်း လောလောဆယ် အတည်ပြုနိုင်ခြင်းမရှိသေးပါဘူး။ သင်္ဘောကုမ္ပဏီဖြစ်တဲ့ Magellan ကိုလည်း ချိတ်ဆက် ဆောင်ရွက်ဆဲဖြစ်ပြီး၊ အသက်ရှင်သူများနဲ့ သေဆုံးသူများကို ပြန်ပို့ရေးသံရုံးက ညှိနှိုင်းလျက်ရှိပါတယ်။ လိုအပ်တဲ့ စုံစမ်းစစ်ဆေးမှုတွေ၊ ဓာတ်ခွဲစမ်းသပ်မှုတွေကို ရုရှားအစိုးရဘက်က ပြုလုပ်ဦးမှာဖြစ်တယ်လို့ သိရပါတယ်။

အခုအချိန်မှာ ကယ်ဆယ်ရေးလုပ်ငန်းတွေကိုသာ အလေးထားလုပ်နေတာကြောင့် မြန်မာသင်္ဘောသားတွေဟာ အဲဒီမှာ တရားဝင်သွားပြီးအလုပ်လုပ်ကိုင်တာ ဟုတ်-မဟုတ်လည်း သံရုံးက သိဖို့လိုပါတယ်။ တရားဝင်ဟုတ်/မဟုတ် မြန်မာနိုင်ငံသားတွေကို မြန်မာသံရုံးက ဘောင်အတွင်းကနေ အပြည့်အဝကူညီမှာဖြစ်ပါတယ်။

သင်္ဘောကို ၁၉၈၉ ခုနှစ်မှာ တည်ဆောက်ခဲ့ပြီး ၂၀၁၄ ခုနှစ် ဒီဇင်ဘာလကုန်ပိုင်းမှာ ပြုပြင်ထိန်းသိမ်းမှုများ အပြည့်အဝဆောင်ရွက်ခဲ့လို့ သိရပါတယ်။ ပြင်ဆင်မှု အခြေအနေကောင်းမွန်တာကြောင့် ပင်လယ်ထွက်ခွာနိုင်တယ်လို့လည်း သတင်းအချို့မှာ တွေ့ရပါတယ်။

ရုရှားငါးဖမ်းသင်္ဘော Dalnity Vostok နစ်မြုပ်မှုမှာ ပါဝင်ခဲ့တဲ့ မြန်မာနိုင်ငံသား သင်္ဘောသား ၄၂ ဦးရဲ့ အမည်စာရင်း၊ အသက်ရှင်/သေဆုံးတဲ့ မြန်မာနိုင်ငံသား သင်္ဘောသားစာရင်းကိုလည်း ရရှိထားပြီးဖြစ်ပါတယ်။

နစ်မြုပ်သွားတဲ့ ငါးဖမ်းသင်္ဘောပါ မြန်မာနိုင်ငံသားတွေနဲ့ပတ်သက်ပြီး နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၊ +၉၅ ၆၇ ၄၁၂ ၃၄၇ယ +၉၅ ၆၇ ၄၁၂ ၁၈၅, +၉၅ ၆၇ ၄၁၂ ၀၆၃ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်သလို ရုရှားနိုင်ငံမှာရှိတဲ့ ရုရှားသဘာဝဘေး ကယ်ဆယ်ရေးဝန်ကြီးဌာန +၇၈၀၀၇၇၅၁၇၁၇, +၇၄၂၄၂၇၂၉၉၉၉, +၇၄ ၂၄၂၄၉၇၀၃၁, +၇၄၂၄၂၄၉၇၀၂၄ သို့လည်း ဆက်သွယ်စုံစမ်းနိုင်ပါတယ်။

မော်စကိုမြို့မှာရှိတဲ့ ရုရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံး ဖုန်းနံပါတ် +၇ (၄၉၅) ၆၉၁၅၆၈၄, ဖက်စ်နံပါတ် +၇(၄၉၅)၉၅၆၁၈၇၈, Political Section: political@ myanmar embassy.ru, Consular Section: consul@myanmar embassy .ru, WEBSITE: www.myanmar embassy.ru, Facebook: https:// www. facebook.com/memos-cow တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါတယ်။

ဦးစိန်ဦး(ခေတ္တညွှန်ကြားရေးမှူးချုပ်)
ကောင်စစ်ရေးရာနှင့်
ဥပဒေရေးရာဦးစီးဌာန

အင်ဒိုနီးရှားနိုင်ငံမှာ မတ် ၂၉ ရက် ထုတ်ဝေတဲ့ Jakarta Post သတင်းစာမှာ မြန်မာနိုင်ငံသားများအား ကျွန်ပြုခိုင်းစေခြင်း သတင်းဆောင်းပါးတစ်ခုပါရှိကြောင်း မြန်မာသံရုံး ဂျကာတာမြို့က တင်ပြလာပါတယ်။

Associated Press (AP)မှ မေးမြန်းချက်မှာ လူကုန်ကူးခံရသူများသည် ၎င်းတို့ ဖမ်းဆီးရမိသည့် ငါးများကို မည်သည့်နေရာသို့ တင်ပို့တယ်လို့ သိရှိခြင်းမရှိဘဲ တန်ဖိုးရှိမှုနဲ့ ၎င်းတို့စားသုံးခွင့်မရှိသည် ကိုသာ သိရှိရပါတယ်။ ရေယာဉ်မှူးများမှ ၎င်းတို့အား မသန့်ရှင်းသောရေကို သောက်သုံးစေ၍ တစ်နေ့လျှင် ၂၀ နာရီမှ ၂၂ နာရီအထိ ပိတ်ရက်မရှိ အလုပ်လုပ်ရပါတယ်၊ အနားယူချင်သူများကို ရိုက်နှက်တယ်၊ လုပ်ခလစာလုံးဝမရရှိဘူးလို့ ဖြေကြားခဲ့ကြောင်း ဖော်ပြထားပါတယ်။

ဒါ့အပြင် Benjina ဆိပ်ကမ်းမှာ စွန့်ပစ်ခံရသည့် လူကုန်ကူးခံရသူများမှာ အစားအစာနှင့် မုန့်ဖိုးရရှိရန်အတွက် လေပေါ်မှ ကုန်တင်ကုန်ချပြုလုပ်ရပါတယ်။ အများစုသည် ရေယာဉ်မှူးများမှ လက်မခံတော့သူများဖြစ်ကြပြီး ကျွန်းပေါ်တွင် သောင်တင်နေသည်မှာ ၅ နှစ်မှ ၂၀ နှစ်အထိ ကြာမြင့်နေသူများ ဖြစ်ကြပါတယ်၊ တောနက်ထဲသို့ ထွက်ပြေးတိမ်းရှောင်သူများသည် အစားအစာနှင့် သောက်သုံးရန်မိုးရေကို ကျီးလန့်စာစားရှာဖွေနေရပါတယ်၊ သန္တာကျောက်တန်း ကမ်းခြေအနီးတွင် ငါးဖမ်းလုပ်သားများ၏ သင်္ချိုင်းထားရှိပြီးထိုင်းနာမည်တုများဖြင့် ကမ္ဗည်းရေးထိုးထားပါတယ်၊ ယခင်က ရေယာဉ်ကြီးကြပ်သူများက လေလုပ်သားများ၏ အလောင်းများကို ပင်လယ်ထဲပစ်ချခဲ့တယ်၊ အာဏာပိုင်များနှင့် ကုမ္ပဏီများမှ ပင်လယ်ထွက်ခွာသူစာရင်းအတိုင်း ပြန်လည်ပါရှိရန် တောင်းဆိုကြခြင်းကြောင့် ရေယာဉ်မှူးများက သေဆုံးသူများ၏ အလောင်းများကို အအေးခန်းတွင် ငါးများနှင့်အတူ ပြန်လည်သယ်ဆောင်ခြင်းဖြစ်တယ်လို့ ဖော်ပြပါရှိပါတယ်။

မြန်မာသံရုံးမှ သံအမတ်ကြီး၏ အကြောင်းကြားမှုကြောင့် IOM အဖွဲ့မှ အကြီးအကဲဖြစ်သူ Mark Getchell ဟာ အင်ဒိုနီးရှားနိုင်ငံ မြန်မာသံရုံးမှာ မတ် ၃၀ ရက်နေ့မှာ Jakarta Post သတင်းစာပါ မြန်မာနိုင်ငံသားများအား လူကုန်ကူးခိုင်းစေခြင်း သတင်းဆောင်းပါးနဲ့ ပတ်သက်ပြီး တွေ့ဆုံဆွေးနွေးခဲ့ကြပါတယ်။

တွေ့ဆုံ ဆွေးနွေးချက်များအရ ဘန်ဂျီနာကျွန်းမှာ ရောက်ရှိနေတဲ့ မြန်မာနိုင်ငံသားဟုဆိုသူများကို သွားရောက် စစ်ဆေးဖို့အတွက် ၎င်းတို့အဖွဲ့မှ ကူညီပေးမှာဖြစ်တယ်။ ထိုဒေသသို့ရောက်ရှိနေသော ငါးဖမ်းလှေများအား ရပ်ခိုင်းထားသဖြင့် အမြန်သွားရောက်စစ်ဆေးဖို့ လိုအပ်တယ်လို့ သိရှိခဲ့ရပါတယ်။

အဲဒီလိုဆွေးနွေးပြီးနောက် IOM နဲ့ မြန်မာသံရုံးတို့ ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားမှာဖြစ်ပြီး မြန်မာနိုင်ငံရှိ လူကုန်ကူးမှုတိုက်ဖျက်ရေးအဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များပါဝင်တဲ့ အဖွဲ့တစ်ဖွဲ့ကိုလည်း ဖိတ်ခေါ်ခဲ့ပါတယ်။

နောက်ဆုံးရရှိတဲ့ သတင်းအချက်အလက်တွေအရ အင်ဒိုနီးရှားနိုင်ငံ ပင်လယ်ရေကြောင်းနှင့် ရေလုပ်ငန်းဝန်ကြီးဌာနရဲ့ စီစဉ်ဆောင်ရွက်မှုနဲ့ မြန်မာနိုင်ငံသားဟုဆိုသူ ၃၀၀ ခန့်နှင့် အခြားနိုင်ငံသား ၁၀၀ တို့ကို ဘန်ဂျီနာကျွန်းမှ ပိုမိုလုံခြုံစိတ်ချရတဲ့ အစိုးရရုံးများနဲ့ လူဝင်မှုကြီးကြပ်ရေးရုံးတို့ရှိတဲ့ Tual ကျွန်းသို့ ဧပြီ ၄ ရက်နေ့မှာ ရွှေ့ပြောင်းပြီးဖြစ်တယ်လို့ သိရှိရပါတယ်။

အဲဒီကိစ္စကိုစုံစမ်းဖို့ အန်ဘွန်ကျွန်း၊ Tual ကျွန်းနဲ့ ဘန်ဂျီနာကျွန်းသို့ သံမှူးဦးကျော်စိုးသိန်းနဲ့ သံရုံးအုပ်ဦးလှုင်ဦးတို့ဟာ အင်ဒိုနီးရှားနိုင်ငံရဲ့ တပ်ဖွဲ့ဌာနချုပ်၊ လူဝင်မှုကြီးကြပ်ရေးဌာနနှင့် IOMအဖွဲ့မှ ကိုယ်စားလှယ်များနှင့်အတူ ဧပြီ ၆ ရက်နေ့ (ယနေ့နံနက်)မှာသွားရောက်ပြီး မြန်မာနိုင်ငံသားများ ရှိ/မရှိနှင့် မြန်မာနိုင်ငံသားဟုတ်/မဟုတ် စိစစ်နိုင်ဖို့အတွက် လူတွေ့စစ်ဆေးခြင်း၊ ကိုယ်ရေးအချက်အလက် ပုံစံများဖြည့်စွက်စေခြင်း၊ ရောက်ရှိနေတဲ့ မြန်မာနိုင်ငံသားဦးရေ စာရင်းတို့ကို ကောက်ခံခြင်းစသည်များကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

မြန်မာသံရုံးအနေနဲ့ အင်ဒိုနီးရှားနိုင်ငံ ဘန်ဂျီနာကျွန်းမှာ လူကုန်ကူးခံရပြီး အမှုစေခိုင်းခံနေရတဲ့ မြန်မာနိုင်ငံသားတွေကို သွားရောက်စုံစမ်း စစ်ဆေးမှုများပြုလုပ်နိုင်ဖို့ မြန်မာနိုင်ငံရဲ့တပ်ဖွဲ့၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးအဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတို့က ကိုယ်စားလှယ်တွေ ပါဝင်တဲ့အဖွဲ့တစ်ဖွဲ့ကို အင်ဒိုနီးရှားနိုင်ငံသို့ ဆောလျင်စွာရောက်ရှိရေး ကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။

သက်ဆိုင်ရာ ကျွန်းများသို့ သွားရောက်နိုင်ဖို့အတွက် အင်ဒိုနီးရှားနိုင်ငံ ပင်လယ်ရေကြောင်းရေးရာဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဌာန၊ ဂျကာတာမြို့ရှိ ရဲဌာနချုပ်နှင့် နယ်မြေခံဒေသရဲတပ်ဖွဲ့တို့နဲ့ ဆွေးနွေးညှိနှိုင်းပြီးဖြစ်ပါတယ်။ အဆိုပါကိုယ်စားလှယ်အဖွဲ့နဲ့အတူ သံအမတ်ကြီးကိုယ်တိုင်သွားရောက်မှာ ဖြစ်ပါတယ်။

အင်ဒိုနီးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ IOM အဖွဲ့၊ စတဲ့အဖွဲ့အစည်းတွေက တာဝန်ရှိသူတွေနဲ့ တွေ့ဆုံဆွေးနွေးသွားဖို့အတွက် မြန်မာသံရုံးအနေနဲ့ ကြိုတင်အသိပေးအကြောင်းကြားထားပါတယ်။

မြန်မာ ကိုယ်စားလှယ်အဖွဲ့ ရောက်ရှိထွက်ခွာမည့်နေ့ သိရှိရပါက ဆွေးနွေးပွဲ ကျင်းပမယ့်နေ့ရက်တွေကို သက်ဆိုင်ရာဌာနများနဲ့ ညှိနှိုင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ လူကုန်ကူးခံရသူများကိစ္စနဲ့ပတ်သက်ပြီး မေးမြန်းဆွေးနွေးဖို့အတွက် ဂျကာတာမြို့ရှိ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ CID ရဲတပ်ဖွဲ့ အကြီးအကဲနှင့် သွားရောက်တွေ့ဆုံဖို့ အတွက်လည်း စီစဉ်ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။

စင်ကာပူနိုင်ငံမှ ပညာသင်ဆုကမ်းလှမ်း

နေပြည်တော် ဧပြီ ၆

၂၀၁၆ ခုနှစ်ပညာသင်ဆုအတွက် မြန်မာနိုင်ငံမှ ထူးချွန်သောကျောင်းသား ကျောင်းသူများကို စင်ကာပူအစိုးရထံ အာဆီယံ ပညာသင်ဆုလျှောက်ထားနိုင်ကြောင်း ရန်ကုန်မြို့ရှိ စင်ကာပူသံရုံးမှ သိရှိရသည်။

ပညာသင်ဆု လျှောက်ထားလိုသူများသည် ၁၉၉၉ ခုနှစ်မှ ၂၀၀၀ ခုနှစ်အတွင်း မွေးဖွားသူများဖြစ်ရမည်ဖြစ်ပြီး အနိမ့်ဆုံးပညာအရည်အချင်း Grade (9) အဆင့်ရှိသော ကျောင်းသား ကျောင်းသူများ လျှောက်ထားနိုင်ပါကြောင်းနှင့် အင်္ဂလိပ်စာကျွမ်းကျင်မှုရှိပြီး ကျောင်းစာမေးပွဲများကို ကောင်းစွာဖြေဆိုနိုင်သူဖြစ်ရမည်။

ပညာသင်ဆုအတွက် ၂၀၁၅ ခုနှစ်ဇူလိုင်လတွင် ရန်ကုန်မြို့၌ ရွေးချယ်စစ်ဆေးခြင်းပြုလုပ်ပြီး စက်တင်ဘာလတွင် လူတွေ့စစ်ဆေးခြင်းနှင့် အောက်တိုဘာလတွင် ပညာသင်ဆုအတွက် အောင်စာရင်းထုတ်ပြန်မည်ဖြစ်ကြောင်း၊ လျှောက်လွှာများကို ပြည့်စုံစွာဖြည့်စွက်ပြီး ဇွန် ၅ ရက်တွင်နောက်ဆုံးထား၍ စင်ကာပူသံရုံးသို့ အချိန်မီပေးပို့ရမည်ဖြစ်ကြောင်း သိရှိရသည်။

သန်းဦး(လေးမျက်နှာ)

သမိုင်းဝင် NCA စာချုပ်မူကြမ်း လက်မှတ်ရေးထိုးနိုင်မှုအပေါ် ရန်ကုန်မြို့ခံပြည်သူအချို့၏ သဘောထားအမြင်များ

၂၀၁၅ ခုနှစ် မတ် ၃၁ ရက်တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်မူကြမ်းကို UPWC နှင့် NCCT တို့ နှစ်ဖက် အတည်ပြုလက်မှတ်ရေးထိုးနိုင်မှုအပေါ် နယ်ပယ်အသီးသီးမှ ပြည်သူများက ဝမ်းမြောက်ဝမ်းသာကြိုဆိုခဲ့ကြသည်။

သတင်းနှင့်ဓာတ်ပုံ-ဥမ္မာသန့်

ဎင်းတို့၏ သဘောထားအမြင်များကိုလည်း မီဒီယာများမှတစ်ဆင့် ထုတ်ဖော်ပြောကြား ခဲ့ကြသည်။ မတ် ၃၁ ရက်က ဖြစ်တည်ခဲ့သည့် မြန်မာ့ငြိမ်းချမ်းရေး ဖြစ်စဉ်၏ နောက်ဆုံး ဖြစ်ပေါ်တိုးတက်မှု ဂယက်လှိုင်းသည် လူထုလူတန်းစား အတွင်းသို့ ယခုတိုင် ရိုက်ခတ်နေဆဲပင်။

သို့ဖြင့် သမိုင်းဝင် NCA စာချုပ်မူကြမ်း လက်မှတ်ရေးထိုးနိုင်မှုအပေါ် ရန်ကုန်မြို့ခံ ပြည်သူအချို့၏ သဘောထားအမြင်များကို ကောက်နုတ် စုစည်းဖော်ပြလိုက်ရပါသည်။

ဦးတင်မောင်

ဦးစိုးမြင့်

ဦးမျိုးညွန့်အောင်

ဒေါ်သင်းသင်းဆွေ

ဦးမင်းဇော်ဦး

ဦးတင်မောင်(သိုင်းဆရာကြီး)

တိုင်းပြည် မငြိမ်းချမ်းခဲ့ရင် နှစ်ဖက်လုံး အသက်တွေစတေးခဲ့ရတယ်။ ကိုယ့်တိုင်းပြည်အတွက် သားကောင်းရတနာတွေ ကျဆုံးခဲ့ရတယ်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး နှောင့်နှေးခဲ့ရတယ်။ အခုလို တိုင်းပြည်ငြိမ်းချမ်းရေးအတွက် ဆွေးနွေးမှု သဘောတူစာချုပ် မူကြမ်းတွေ လုပ်ပေးတဲ့အတွက် ဝမ်းသာပါတယ်။

ကမ္ဘာအရပ်ရပ်မှာလည်း ဝါဒကွဲ၊ ပါတီကွဲ၊ ဘာသာကွဲ အမျိုးမျိုး အကြောင်းပြပြီး စစ်ပွဲတွေ ဆင်နွှဲနေကြတယ်။ တို့နိုင်ငံမှာ အခုလို ငြိမ်းချမ်းရေး လုပ်ပေးတဲ့အတွက် ပြည်နယ် ပြည်မ မခွဲခြားဘဲ အားလုံး တန်းတူဖွံ့ဖြိုးတိုးတက်လာမယ်။ စစ်ပွဲတွေမဖြစ်အောင် လက်နက်ကိုင် အဖွဲ့အစည်းတွေ ငြိမ်းချမ်းရေး သဘောတူညီချက်တွေ လုပ်ပေးတဲ့အတွက် ငြိမ်းချမ်းပါစေလို့ ဆုတောင်းပါတယ်။

ဦးစိုးမြင့်(စီးပွားရေးလုပ်ငန်းရှင်)

တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်မူကြမ်းကို နှစ်ဖက်ညှိနှိုင်းပြုစုရေးဆွဲ ပြီးစီးနေတာကို သိရတဲ့အတွက် ဝမ်းသာပါတယ်။ ငြိမ်းချမ်းရေးရတာ ကောင်းတာပေါ့။ နယ်စပ်ဒေသတွေပါ ဖွံ့ဖြိုးတိုးတက်လာမယ်။ ပြည်သူတွေ လွတ်လွတ်လပ်လပ် အေးအေးချမ်းချမ်း သွားလာနိုင်မယ်။ စီးပွားရေးသမားတွေအနေနဲ့ နယ်စပ်ကုန်သွယ်မှုတွေကို လုပ်ကိုင်နိုင်မယ်။ လမ်းပန်းဆက်သွယ်ရေးကအစ အန္တရာယ်မရှိဘူး။ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုတာ အကုန်လုံး ပါဝင်လာရင် အကောင်းဆုံးပါ။ မြန်မာနိုင်ငံသား တစ်ယောက် အနေနဲ့ရော၊ စီးပွားရေးလုပ်ငန်းရှင် တစ်ယောက်အနေနဲ့ ကောင်းတဲ့ဘက်ကို သွားနေတာမြင်ရလို့ ဝမ်းသာမိပါတယ်။ အပစ်အခတ်ရပ်စဲဖို့ လုပ်တာကောင်းတဲ့ အလားအလာပေါ့။ ဟိုအရင်က မငြိမ်းချမ်းနေသေးတဲ့ အချိန်တွေမှာ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးတွေ အများကြီးနစ်နာခဲ့တယ်။ အခုလို လုပ်ပေးတာ ကျေးဇူးတင်ပါတယ်။

ဦးမျိုးညွန့်အောင်(ဆန်ကုန်သည်)

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်မူကြမ်းရဲ့ အတည်ပြုချက်ကို လက်မှတ်ထိုးလိုက်တဲ့အတွက် ကြိုက်တယ်။ သမ္မတကြီးကိုလည်း ချီးကျူးပါတယ်။ ဦးအောင်မင်းတို့လည်း ပါပါတယ်။ သူတို့က တစ်နိုင်ငံလုံး ငြိမ်းချမ်းဖို့အတွက် အခုလို လုပ်ပေးတာ ဝမ်းသာပါတယ်။ တိုင်းရင်းသားတွေက တစ်ယောက်နဲ့တစ်ယောက် တိုက်ခိုက်နေကြတာ သူ့ဘက်ကသေလည်း ကိုယ့်တိုင်းရင်းသားပဲ၊ ကိုယ့်နိုင်ငံသားပဲ၊ သူ့ဘက်က ပစ်လို့ ကိုယ့်ဘက်ကထိလည်း ကိုယ့်ရဲဘော် ကိုယ့်နိုင်ငံသားပဲ၊ အကုန်လုံး တစ်ယောက်နဲ့တစ်ယောက် ငြိမ်းငြိမ်းချမ်းချမ်းလေး နေကြမယ်ဆိုရင် ကောင်းတဲ့လက္ခဏာပါ။ လမ်းပန်းဆက်သွယ်ရေးတွေ ပွင့်လာပြီး စီးပွားရေးတွေလုပ်ကိုင်နိုင်မယ်။ သူတို့ဆီ သွားချင်ရင်လည်း လွတ်လွတ်လပ်လပ် သွားလာနိုင်ပြီပေါ့။ ကိုယ့်ဆီကိုလာချင်ရင်လည်း လွတ်လွတ်လပ်လပ် လာနိုင်ပြီ။ လွတ်လွတ်လပ်လပ်သွားလာနိုင်ရင် စိတ်ထဲမှာ အေးချမ်းတာပေါ့။ အခုဆိုရင် ရှမ်းပြည်သွားမလား၊ စိတ်တထိတ်ထိတ်နဲ့သွားရမှာ၊ သူတို့ကလည်း ကိုယ့်ဆီလာမယ်ဆိုရင် ကိုယ့်ကိုဖမ်းမလား၊ ပြုမလားဆိုပြီး စိုးရိမ်စိတ်တွေရှိခဲ့မယ်။ အခုလို ငြိမ်းချမ်းရေးဖော်ဆောင်လိုက်တဲ့အတွက် ကောင်းပါတယ်။ လမ်းပန်းဆက်သွယ်ရေးမှာလည်း အန္တရာယ်ကင်းတော့ စီးပွားရေးလုပ်ရတာကောင်းပါတယ်။ နိုင်ငံသားတစ်ယောက်အနေနဲ့ ပြောရရင် သမ္မတကြီး သူ့လုပ်ငန်းကို သူ တွင်တွင်ကျယ်ကျယ်လုပ်သွားတာပါ။ သမ္မတသက်တမ်း တစ်လျှောက်မှာလေ အအောင်မြင်ဆုံး လုပ်ရပ်ပဲလို့ မြင်ပါတယ်။

ဒေါ်သင်းသင်းဆွေ
(အထက-၄-ပုဇွန်တောင်)

တိုင်းပြည်ငြိမ်းချမ်းရေး တံခါးဖွင့်လာတဲ့အတွက် ဝမ်းသာပါတယ်။ နယ်စပ်ဒေသတွေမှာ မငြိမ်းချမ်းသေးတာကို မြင်ရကြားရတဲ့အတွက် ကျောင်းနေအရွယ် ကလေးတွေ တိုက်ပွဲရှောင်နေရတယ်။ ပညာရေးအနေနဲ့နိမ့်ပါးခဲ့တယ်။ စာသင်ရတာလည်း နယ်မြေမလုံခြုံတဲ့အတွက် အခက်အခဲတွေရှိနေတယ်။ ကျောင်းနေအရွယ်ကလေးတွေ မိဘကွဲ၊ ဆွေမျိုးကွဲပြီး တိုက်ပွဲရှောင်ရတဲ့အတွက် ကလေးတွေ စိတ်ဓာတ်ရေးရာ ကျဆင်းခဲ့တယ်။ ပညာသင်ကြားရတာလည်း အခက်အခဲတွေရှိတယ်။ နယ်စပ်ဒေသမှာရှိတဲ့ ကျောင်းနေအရွယ်ကလေးတွေ မငြိမ်းချမ်းသေးတာကို မြင်ရကြားရတာတွေ စိတ်မကောင်းဖြစ်ရတယ်။ အခုလို ငြိမ်းချမ်းရေး ပဏာမလက်မှတ်ရေးထိုးတာအောင်မြင်တယ် ကြားရတော့ ကလေးတွေ ကောင်းမွန်စွာ ပညာသင်ကြားနိုင်မယ်။ မိဘတွေလည်း ကောင်းကောင်းမွန်မွန် စီးပွားရှာနိုင်မယ်ဆိုရင် သူတို့လေးတွေရဲ့ အနာဂတ် လှပလာတော့မယ်လေ။ နယ်စပ်ဒေသတွေ ဖွံ့ဖြိုးတိုးတက်လာရင် ကျောင်းနေအရွယ်ကလေးတွေ အနာဂတ်ဘဝလှပပြီး ကလေးတွေဘဝ အေးအေးချမ်းချမ်းပညာ သင်ကြားနိုင်မှာပါ။ အဲဒီနေ့က မြန်မာသမိုင်းမှာ သမိုင်းဝင်တဲ့နေ့လေးပါ။

ဦးမင်းဇော်ဦး (အမှတ် ၁၀ ရပ်ကွက် အုပ်ချုပ်ရေးမှူး ပုဇွန်တောင်မြို့နယ်)

စစ်ပွဲတွေဖြစ်နေတဲ့ နိုင်ငံတစ်ခု အနေနဲ့ သက်တမ်းအရှည်ဆုံးနိုင်ငံ ဖြစ်ခဲ့တယ်။ နှစ်ပေါင်း (၆၀)မှာ ငြိမ်းချမ်းရေးရတဲ့အတွက် တိုင်းပြည်အတွက် ကောင်းတဲ့လက္ခဏာပါ။ တိုင်းရင်းသားလည်း စစ်သားပဲ၊ ဗမာလည်း စစ်သားပဲ၊ အချင်းချင်း တိုက်နေမယ့်အစား အခုလို ငြိမ်းငြိမ်းချမ်းချမ်းနဲ့ သဘောတူညီချက်တွေရလာတဲ့အတွက် ငြိမ်းချမ်းရေးအသီးအပွင့်တွေ ခံစားရတော့မှာပေါ့။ အခုလို ငြိမ်းချမ်းရေး တံခါးဖွင့်လာတာနဲ့အမျှ လမ်းပန်းဆက်သွယ်ရေးကောင်းမယ်။ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမယ်။ ရှေ့အနာဂတ်မှာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာမယ်။ မကြာခင်ကျင်းပမယ့် ပါတီစုံရွေးကောက်ပွဲတွေမှာလည်း နယ်စပ်ဒေသမကျန် နိုင်ငံသားအားလုံး တန်းတူမဲပေးခွင့်တွေ ရလာမယ်။ နယ်စပ်ဒေသရှိ တိုင်းရင်းသားအားလုံး တန်းတူညီမျှ အခွင့်အရေး အကုန်လုံးခံစားရမယ်။ ငြိမ်းချမ်းရေးအတွက် လူကြီးတွေနဲ့ လက်မှတ်ထိုးတဲ့အခါ ကမ္ဘာမှာ သက်တမ်း အရှည်ဆုံးနိုင်ငံ အနေနဲ့ အခုလို ငြိမ်းချမ်းရေးတံခါး ပွင့်လာတဲ့အတွက် နယ်စပ်တိုင်းရင်းသားတွေ ငြိမ်းချမ်းရေး အသီးအပွင့်တွေ ခံစားရမယ်။ စစ်ပွဲဖြစ်တဲ့ နယ်စပ်မှာလည်း တိုက်ပွဲရှောင်ဒုက္ခသည်တွေ မရှိတော့ဘူး။ နောက်ဆုံး ဒီမိုကရေစီနိုင်ငံမှာ တန်းတူ မဲပေးနိုင်ခွင့်ရှိလာမယ်။ နယ်စပ်တိုင်းရင်းသားအားလုံး အေးအေးချမ်းချမ်း မဲပေးနိုင်မယ်။ တိုင်းပြည်အတွက်အနာဂတ် ပိုမိုကောင်းမွန်လာမယ်လို့ ယူဆပါတယ်။

ဟိုပုံးမြို့၌ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်မူကြမ်းအား ကြိုဆိုထောက်ခံသည့် ဆန္ဒထုတ်ဖော်

ဟိုပုံး ဧပြီ ၆

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်မူကြမ်းကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းအား ကြိုဆိုထောက်ခံသည့် ဆန္ဒထုတ်ဖော်ပွဲကို ခွင့်ပြုချက်ရယူပြီး ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့၌ ဧပြီ ၆ ရက် နံနက် ၈ နာရီက ပြုလုပ်သည်။

အဆိုပါ ဆန္ဒထုတ်ဖော်ပွဲအား ရပ်မိရပ်ဖ ဦးစိုးလွင်က ဦးဆောင်၍ ဟိုပုံးမြို့ ရန်ကင်းဘုန်းတော်ကြီးကျောင်းရှေ့စုရပ်မှ ဟိုပုံး-တောင်ကြီး ပြည်ထောင်စု လမ်းမကြီးအတိုင်း၊ ထိုမှတစ်ဆင့် မွေတော်ဘုရား ကြီး လမ်းသွယ်အတိုင်း လမ်းလျှောက် ဆန္ဒထုတ်ဖော်ခဲ့ကြပြီး ဟိုပုံးမြို့ လွတ်လပ်ရေး ကျောက်တိုင်ကွင်း အတွင်းသို့ ပြန်လည်ဝင်ရောက်ခဲ့ကြသည်။

ယင်းဆန္ဒထုတ်ဖော်ပွဲတွင် "လက်နက်ကိုင် ပဋိပက္ခများ မည်သူကမှ မလိုလား" "စာချုပ်မူကြမ်း လက်မှတ်ရေးထိုးပြီးစီးမှုအား ထောက်ခံပါသည်" "ခေတ်မီနိုင်ငံတော် တည်ဆောက်ရေး မင်းမဲ့စရိုက်ဖန်တီးသူ ဒို့ရန်သူ" စသည့် လက်နက်ကိုင် ဆိုင်းဘုတ်များဖြင့် လည်းကောင်း၊ "ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေး " "တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး" "၂၀၁၅ ခုနှစ် ငြိမ်းချမ်းရေးဖော်ဆောင်မှု အောင်မြင်ရမည်" ဟူသော ကြွေးကြော်သံများ ကြွေးကြော်၍ ချီတက်ဆန္ဒထုတ်ဖော်ကြသည်။

ဆန္ဒထုတ်ဖော်ပွဲသို့ ဟိုပုံးမြို့နယ် လွယ်အွန့်ကျေးရွာ၊ ပေါင်းလင်းကျေးရွာ၊ စငေါ်ကျေးရွာ၊ စံဖူးကျေးရွာလေးရွာနှင့် မြို့ပေါ် (၆)ရပ်ကွက်မှ ဒေသခံပြည်သူလူထု အင်အား ၃၅၀ ပါဝင်ဆန္ဒထုတ်ဖော်ကြသည်။

(မြို့နယ် ပြန်/ဆက်)

နမ့်ဆန်မြို့၌ လူထုဆန္ဒဖော်ထုတ်

ကျောက်မဲ ဧပြီ ၆

ရှမ်းပြည်နယ် (မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့၌ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်ချုပ်ဆိုခြင်းကို ကြိုဆိုထောက်ခံသည့် အနေဖြင့် ဧပြီ ၆ ရက်နံနက် ၉ နာရီက လူထုဆန္ဒထုတ်ဖော်ပွဲကို ခွင့်ပြုချက်ရယူ ပြုလုပ်ခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါ ဆန္ဒဖော်ထုတ်ပွဲ၌ ၂၀၁၅ ခုနှစ် **ငြိမ်းချမ်းမှုဖော်ဆောင်ရေး၊ ဒီမိုကရေစီရှင်သန်ရေးအတွက် တည်ငြိမ်အေးချမ်းမှုရှိရေး၊ တည်ငြိမ်အေးချမ်းဒီမိုကရေစီပန်း ပွင့်လန်းဝေဖြာအေးချမ်းသာ** အစရှိသည့် ဆိုင်းဘုတ်များ ကိုင်ဆောင်ကြွေးကြော်ကာ မြို့မဂိုဏ်းချုပ် ဘုန်းတော်ကြီးကျောင်းမှ နတ်စင်ကုန်းအထိ နမ့်ဆန်မြို့ပေါ် (၆)ရပ်ကွက်နှင့် ကျေးရွာများမှ ပြည်သူလူထု အင်အား ၅၀၀ ခန့်သည် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ပြီး နံနက် ၁၀ နာရီတွင် ဆန္ဒဖော်ထုတ်ပွဲပြီးစီးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

သင်္ကြန်ကာလအကြိုစိတ်ကြွဆေးများ ပိတ်ပင်တားဆီးရေးဆောင်ရွက်

ကြံခင်း ဧပြီ ၆

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ဘက်ရဲမြို့မှတာဝန်ရှိသူများအဖွဲ့သည် ဧပြီ ၅ ရက်က ဘက်ရဲမြို့ဈေးအတွင်းရှိ ဆေးဆိုင်များနှင့် ကွမ်းယာဆိုင်များသို့ ဝင်ရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ လိင်စိတ်ကြွဆေးများ ရောင်းဝယ်ဖောက်ကားမှု မပြုရန် အသိပညာပေး ဟောပြောခဲ့ပြီး မူးယစ်ဆေးဝါးနှင့် ပတ်သက်သော ပညာပေးစာစောင်များ လက်ကမ်းဖြန့်ဝေခဲ့ကြောင်း သိရသည်။ **ရောဦးသာ**

နိုင်ငံတကာသတင်း

မြေထဲပင်လယ်ကိုဖြတ်၍ ဥရောပသို့ပြောင်းရွှေ့ရန်ကြိုးစားသူများ အီတလီကမ်းခြေစောင့်တပ်က ကယ်တင်ပေးနိုင်ခဲ့

ရောမ ဧပြီ ၆

၂၄ နာရီအတွင်း အီတလီသို့ စက်လှေများဖြင့် ဖြတ်ကူးရန်ကြိုးစားခဲ့သော ရွှေ့ပြောင်းနေထိုင်သူ ၁၅၀၀ ခန့်ကို ကယ်တင်လိုက်ရကြောင်း အီတလီကမ်းခြေစောင့်တပ်ဖွဲ့က ပြောသည်။ အီတလီရေတပ်နှင့် ကမ်းခြေစောင့်သင်္ဘောများက စက်လှေငါးစင်းဖြင့် ကူးလာသောရွှေ့ပြောင်းနေထိုင်သူများအား ကယ်တင်လိုက်နိုင်ခဲ့သည်။

ယမန်နှစ်က မြေထဲပင်လယ်မှ ဥရောပသို့ရောက်ရှိရန် ကြိုးစားခဲ့သော ရွှေ့ပြောင်းနေထိုင်သူ ၃၅၀၀ နီးပါး သေဆုံးခဲ့ပြီး ၂၀၀၀၀၀ နီးပါးကို ကယ်တင်နိုင်ခဲ့ကြောင်း ယူအင်န်အိတ်ချ်စီအာက ပြောကြားသည်။ လစ်ဗျားနိုင်ငံတွင် နိုင်ငံရေးအခြေအနေမတည်ငြိမ်မှုကြောင့် အဆိုပါအကျပ်အတည်းမှာ ပို၍ဆိုးရွားခဲ့သည်ဟုဆိုသည်။

အဆိုပါ ရွှေ့ပြောင်းနေထိုင်သူများလိုက်ပါရာ သင်္ဘောသုံးစင်းပေါ်မှ အကူအညီတောင်းခံမှုကို ဂြိုဟ်တုဖုန်း လက်ခံရရှိပြီးနောက် ကမ်းခြေစောင့် သင်္ဘောသုံးစင်းနှင့် ရေတပ်သင်္ဘောတစ်စင်း ကယ်တင်ရန်ထွက်ခွာသွားခဲ့သည်။ ကယ်ဆယ်ရေးအဖွဲ့များရောက်ရှိသွားချိန်တွင် စက်လှေနှစ်စင်း၏အခြေအနေကို ဆိုးရွားစွာတွေ့ရသည်ဟုဆိုသည်။ အဆိုပါရွှေ့ပြောင်းနေထိုင်သူများအား လမ်ပီဒူဆာကျွန်း အစ္စလီရှိ အော်ဂတ်စတာနှင့် ပေါ်တိုအမ်ပီဒိုဆယ်ဆိပ်ကမ်းများသို့ ပို့ဆောင်ပေးခဲ့သည်။ **(ဘီဘီစီ)**

သီရိလင်္ကာအစိုးရ စစ်ပွဲကျဆုံးစစ်သည် ထောင်ပေါင်းများစွာ၏ ဇနီးများကို ထောက်ပံ့ရန်စီစဉ်

ကိုလံဘို ဧပြီ ၆

သီရိလင်္ကာအစိုးရသည် နိုင်ငံ၏ဆယ်စုနှစ်သုံးစုကြာ ဖြစ်ပွားခဲ့သော စစ်ပွဲတွင် ကျဆုံးသွားသော စစ်သည်ထောင်ပေါင်းများစွာ၏ ဇနီးများကို ထောက်ပံ့ကူညီရန် ယခင်နိုင်ငံမြောက်ပိုင်း စစ်ဒဏ်ခံနေရာတွင် ထိန်းသိမ်းစောင့်ရှောက်ရေးဂေဟာတစ်ခုကို ဖွင့်ပေးတော့မည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ရုံး၏ဖော်ပြချက်တွင် တနင်္လာနေ့က ပြောခဲ့သည်။ အမျိုးသမီးများ ဦးဆောင်သော မိသားစုဘဝမြှင့်တင်ရေး နိုင်ငံလုံးဆိုင်ရာ ဗဟိုဌာနတစ်ခုကို ယခင်တမီးလ်ကျားသူပုန်များလွှမ်းမိုးရာ ကီလိုနိုချာချီဒေသတွင် တည်ထောင်ပေးမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ရုံးက ဖော်ပြချက်တွင် ပြောခဲ့သည်။

သီရိလင်္ကာနိုင်ငံ မြောက်ပိုင်းတစ်ခုတည်းတွင် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုပေါင်း ၅၀၀၀၀ နီးပါးရှိကြောင်း၊ ၎င်းတို့၏ ကိုယ်အားဉာဏ်အားဖြင့် သားသမီးများ၏ စားသောက်ရေး၊ နေထိုင်ရေးနှင့် ပညာရေးများကို ပြည့်စုံလုံလောက်အောင် မစွမ်းဆောင်နိုင်ကြောင်း စသည်ဖြင့် အစီရင်ခံစာတွင် ဖော်ပြထားသည်။ **(ဆင်ဟွာ)**

မင်းသားဟာရီ စစ်မှုထမ်းရန် ဩစတြေးလျသို့ရောက်ရှိ

ဆင်ဒနီ ဧပြီ ၆

ဗြိတိသျှမင်းသား ဟာရီသည် ဩစတြေးလျ ကာကွယ်ရေးတပ်နှင့်အတူ လေးပတ်ကြာ စစ်မှုထမ်းမီ အဆိုပါနိုင်ငံသို့ ရောက်ရှိလာသည်။ ၎င်းသည် စစ်မှုထမ်းရန် တာဝန်ကျရာနေရာသို့ မသွားရောက်မီ အမည်မသိ ဩစတြေးလျတပ်ဖွဲ့ဝင်တစ်ဦး၏ အုတ်ဂူသို့ သွားရောက်လိမ့်မည်ဟု ဆိုသည်။

မင်းသားဟာရီသည် စစ်ရေးတာဝန် ထမ်းဆောင်နေစဉ်အတွင်း ဩစတြေးလျတပ်ဖွဲ့ဝင်များနှင့် အတူကင်းလှည့်ခြင်း၊ အထူးတပ်ဖွဲ့ များနှင့် လေ့ကျင့်ခြင်းများ ပြုလုပ်သွားမည်ဟု ဆိုသည်။

စစ်ရေးတာဝန် ထမ်းဆောင်စဉ်အတွင်း ဝေလဗိုလ်ကြီးဟုခေါ်သော မင်းသားဟာရီသည် ၁၀ နှစ်ကြာ စစ်မှုထမ်းပြီးနောက် ဗြိတိသျှတပ်မတော်မှ ဇွန်လတွင် ထွက်ခွာလိမ့်ဟုဆိုသည်။ ဩစတြေးလျနိုင်ငံအတွင်း တာဝန်ထမ်းဆောင်စဉ် အတွေ့အကြုံကောင်းများ ရယူသွားမည်ဖြစ်ကြောင်း ၎င်းကပြောသည်။ မင်းသားဟာရီက စစ်ရေးတာဝန်များထမ်းဆောင်အပြီး အနာဂတ်တွင် လူမှုရေးလုပ်ငန်းများ ကောင်းမွန်စွာ လုပ်ဆောင် သွားနိုင်လိမ့်မည်ဟု ယုံကြည်ထားသည်။ **(ဘီဘီစီ)**

ဆော်ဒီအရှေ့ပိုင်းဒေသကို စီးနင်းမှုပြုလုပ် ရဲတစ်ဦးသေဆုံး

ရီယာ့ဒ် ဧပြီ ၆

ရေနံကြွယ်ဝချမ်းသာသော ဆော်ဒီနိုင်ငံအရှေ့ပိုင်း အာဝါမီယာမြို့ကို လွန်ခဲ့သော တနင်္ဂနွေနေ့က စစ်မြေပြင်အဖြစ်ပြောင်းလဲစေခဲ့သည့် ဝင်ရောက်စီးနင်းမှုတစ်ခုတွင် ဆော်ဒီရဲတစ်ဦး ပစ်သတ်ခံရပြီး သုံးဦး ဒဏ်ရာရရှိသွားကြောင်း နိုင်ငံပိုင်သတင်းအေဂျင်စီ အက်စ်ပီအေက ပြောခဲ့သည်။

လက်နက်နှင့် အပြန်အလှန် ပစ်ခတ်မှုတွင် ရဲတပ်ကြပ်တစ်ဦး ဒဏ်ရာရရှိခဲ့ပြီး ၎င်းကိုဆေးရုံသို့ ခေါ်ဆောင်သွားရာ ယင်းဆေးရုံ၌ပင် သေဆုံးခဲ့သည်။ ၎င်းကို သူရဲကောင်း အာဇာနည်တစ်ဦးအနေဖြင့် လက်ခံနိုင်ရန် ဆုတောင်းပေးရမည်ဖြစ်ကြောင်း၊ လုံခြုံရေးအစောင့်သုံးဦး ဒဏ်ရာရရှိခဲ့ပြီး နိုင်ငံသားတစ်ဦးနှင့် နိုင်ငံခြားသားနေထိုင်သူတစ်ဦး အနည်းငယ်ဒဏ်ရာရရှိခဲ့ကြောင်း အဆိုပါနိုင်ငံပိုင်သတင်းအေဂျင်စီက ထပ်မံပြောဆိုခဲ့သည်။

ရဲတပ်ဖွဲ့ဝင်များသည် အကြမ်းဖက်ပစ္စည်းများ၊ လက်နက်များ၊ ပစ္စတိုများနှင့် ဆက်သွယ်ရေးပစ္စည်းများကို ရှာဖွေခဲ့ကြောင်း အဆိုပါသတင်းအေဂျင်စီက ပြောဆိုခဲ့သည်။ ထို့ပြင် ရဲအရာရှိများကို ဦးတည်တိုက်ခိုက်သော ဆော်ဒီလေးဦးကိုလည်း ဖမ်းဆီးခဲ့ကြောင်း ယင်းသတင်းအေဂျင်စီကပင် ထပ်လောင်းပြောဆိုခဲ့သည်။ ဒီဇင်ဘာလက ရေနံကြွယ်ဝချမ်းသာသော ဆော်ဒီနိုင်ငံအရှေ့ပိုင်း အာဝါမီယာမြို့တွင်ဖြစ်ပွားသော ပဋိပက္ခတွင် ဆော်ဒီလုံခြုံရေးတပ်ဖွဲ့များက စစ်သွေးကြွလေးဦးကို သတ်ခဲ့သည်။

အဆိုပါ နေရာသည် ဆော်ဒီရှီးယိုက်များ အင်အားကြီးထွားရာဖြစ်ပြီး မငြိမ်မသက်မှုဖြစ်ပွားရာ အချက်အချာကျဆုံးနေရာဖြစ်သည်။ အဆိုပါနေရာတွင် ၂၀၁၁ ခုနှစ် မငြိမ်သက်မှုများဖြစ်ပွားကတည်းက ယခုချိန်ထိ လူ ၂၀ ကျော် အသတ်ခံရကာ အသတ်ခံရသူအများစုမှာ ဒေသခံပြည်သူများ ဖြစ်ကြသည်။ **(ရိုက်တာ)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
ဆရာအတတ်ပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
၂၀၁၅-၂၀၁၆ ပညာသင်နှစ်
လုပ်ငန်းခွင်အကြိုမူလတန်းဆရာအတတ်ပညာသင်သန်း(PPTT)
အမှတ်စဉ်(၂/၁၅)သင်တန်းသားများခေါ်ယူခြင်း

၁။ ၂၀၁၅-၂၀၁၆ပညာသင်နှစ်အတွက် ပညာရေးကောလိပ်များတွင် လုပ်ငန်းခွင်အကြိုမူလတန်းဆရာအတတ်ပညာသင်တန်း (PPTT)အမှတ်စဉ်(၂/၁၅)ဖွင့်လှစ်မည်ဖြစ်ပါ၍ တက်ရောက်လိုသူများ လျှောက်ထားနိုင်ပါသည်။

၂။ သင်တန်းဝင်ခွင့်လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။

(ခ) လျှောက်ထားသူနှင့် မိဘနှစ်ဦးစလုံး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ဂ) ပြင်ပဘွဲ့ရများအတွက် အသက်(၃၀)ဖြစ်ပြီး ဝန်ထမ်းဖြစ်ပါက အမြဲတမ်းဝန်ထမ်းအဖြစ် လုပ်သက်အနည်းဆုံး နှစ်နှစ်တာဝန်ထမ်းဆောင်ခဲ့ပြီး အသက်(၃၅)နှစ်ထက်မကြီးသူဖြစ်ရန်နှင့် သက်ဆိုင်ရာဌာန၏ ခွင့်ပြုချက်ကို ပူးတွဲတင်ပြရမည်။

(ဃ) ဝန်ထမ်းများမှာ လစာမဲ့ခွင့်ဖြင့် သင်တန်းတက်ရပါမည်။

(င) သက်ဆိုင်ရာခရိုင်များတွင် ရေးဖြေဖြေဆိုရမည်။

(စ) ၂၀၁၅-၂၀၁၆ပညာသင်နှစ်၊ လုပ်ငန်းခွင်အကြိုမူလတန်း ဆရာအတတ်ပညာသင်တန်း(PPTT)အမှတ်စဉ် (၂/၁၅)ကို ၂၀၁၅ခုနှစ် ဇွန်လတွင် ဖွင့်လှစ်ပို့ချမည်ဖြစ်ပါသည်။

၃။ ၂၀၁၅-၂၀၁၆ပညာသင်နှစ်၊ လုပ်ငန်းခွင်အကြိုမူလတန်း ဆရာအတတ်ပညာသင်တန်း(PPTT)အမှတ်စဉ်(၂/၂၀၁၅)အတွက် လျှောက်ထားသူများသည် ဝင်ခွင့်ရေးဖြေနှင့် လူတွေ့နှုတ်ဖြေကို ဖြေဆိုကြရမည်ဖြစ်ပါသည်။

၄။ ရေးဖြေစာမေးပွဲကို ၂၀၁၅ခုနှစ် မေ ၅ရက်တွင် ကျင်းပမည်ဖြစ်ပြီး(အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတ)ဖြေဆိုရပါမည်။

၅။ ရေးဖြေစာမေးပွဲများကို တိုင်းဒေသကြီး/ပြည်နယ်များရှိ ခရိုင်စာစစ်ဌာန ဖွင့်လှစ်ထားသည့် အခြေခံပညာကျောင်းများ၌ ဖြေဆိုရပါမည်။

၆။ ရွေးချယ်ခံရသူများစာရင်းကို မြို့နယ်ရုံးများ၊ ခရိုင်နှင့်တိုင်းဒေသကြီး/ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးရုံးများတွင် ထုတ်ပြန်ကြေညာပါမည်။

၇။ သတ်မှတ်ထားသည့် အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြထားခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြထားသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၈။ လျှောက်လွှာနှင့်အတူ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်း ထောက်ခံစာ၊ ဘွဲ့လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် ကျန်းမာကြောင်း ထောက်ခံစာမိတ္တူတို့ကို ပူးတွဲတင်ပြရမည်။

၉။ လျှောက်ထားသူများသည် လျှောက်လွှာကို ၂၀၁၅ခုနှစ် ဧပြီ ၂၈ရက်မှစတင်၍ မြို့နယ်ပညာရေးမှူးရုံးများသို့ တင်ပြလျှောက်ထားရမည်။ ပညာရေးဝန်ကြီးဌာန(သို့မဟုတ်)ဦးစီးဌာနသို့ တိုက်ရိုက်လျှောက်ထားမှု မပြုရ။

၁၀။ လူတွေ့စစ်ဆေးရန်လာရောက်သည့်အခါ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်းထောက်ခံစာ(မူရင်း)၊ ဘွဲ့လက်မှတ်(မူရင်း)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)နှင့် ကျန်းမာကြောင်းထောက်ခံစာ(မူရင်း)တို့ကို ယူဆောင်လာရမည်။ ဆရာတစ်ဦးတွင် ရှိသင့်ရှိထိုက်သည့် သွင်ပြင်လက္ခဏာအင်္ဂါရပ်နှင့် ကျန်းမာရေးအခြေအနေတို့ကို လူတွေ့စစ်ဆေးမည် ဖြစ်ပါသည်။

၁၁။ လျှောက်ထားသူသည် သတ်မှတ်ထားသော သင်တန်းဝင်ခွင့်လျှောက်လွှာပုံစံအတိုင်း ကိုယ်တိုင်ရေးသားဖြည့်သွင်းကာ ခြောက်လအတွင်း ရိုက်ကူးထားသည့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(မျက်မှန်တပ်သူဖြစ်ပါက မျက်မှန်နှင့်တစ်ပုံ၊ မျက်မှန်မပါတစ်ပုံ)ကို ကပ်၍ တင်ပြရမည့်အထောက်အထားများပူးတွဲလျက် ၂၀၁၅ ခုနှစ် ဧပြီ ၉ရက် နောက်ဆုံးထား၍ သက်ဆိုင်ရာမြို့နယ် ပညာရေးမှူးရုံးများသို့ လျှောက်ထားနိုင်ပါသည်။

တင်မျိုးကြည်
ညွှန်ကြားရေးမှူးချုပ်

၂၀၁၅-၂၀၁၆ ပညာသင်နှစ်
လုပ်ငန်းခွင်အကြိုမူလတန်းဆရာအတတ်ပညာသင်တန်း(PPTT)
အမှတ်စဉ်(၂/၁၅)သင်တန်းဝင်ခွင့်လျှောက်လွှာ

ဓာတ်ပုံ

၁။ လျှောက်ထားသူ၏အကြောင်းအရာ-

အကြောင်းအရာ	အမည်	နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်	ဝန်ထမ်းဖြစ်ပါက ရာထူး/ဌာန/ကျောင်း
လျှောက်ထားသူ			
ဖခင်			
မိခင်			

၂။ လျှောက်ထားသူ၏မွေးသက္ကရာဇ်-------------ခုနှစ်--------လ၊-------------ရက်၊ အသက်( )နှစ်၊ ( )လ

၃။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့သည့် စာစစ်ဌာန------------------------------
ခုနှစ်------------------၊ မြို့နယ်--------------------တိုင်းဒေသကြီး/ပြည်နယ်----------------------

၄။ မူလဘွဲ့အမည်နှင့်အဓိကယူခဲ့သည့်ဘာသာ------------------------------
အောင်မြင်ခဲ့သည့်တက္ကသိုလ်နှင့်ခုနှစ်------------------------------

၅။ အိမ်ထောင်ရှိ/မရှိ(ရှိပါက)ဇနီး/ခင်ပွန်းအမည်------------------------------
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်------------------------------

၆။ လက်ရှိနေရပ်လိပ်စာအပြည့်အစုံနှင့်ဖုန်းနံပါတ်------------------------------
----
ဆက်သွယ်ရန်လိပ်စာအပြည့်အစုံနှင့် ဖုန်းနံပါတ်------------------------------
----

၇။ သင်တန်းပြီးဆုံး၍ မူလတန်းပြအဖြစ်ခန့်ထားပါက ဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်ကြောင်း ဝန်ခံလက်မှတ်ရေးထိုးပါသည်။

(လျှောက်ထားသူလက်မှတ်)

ရက်စွဲ။ ၂၀၁၅ခုနှစ် ဧပြီလ( )ရက်

ပထမပြန်စာမေးပွဲ ဆက်လက်ကျင်းပ

နေပြည်တော် ဧပြီ ၆

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပလျက်ရှိသည့် ၂၀၁၅ ခုနှစ် ပထမပြန်စာမေးပွဲကို တိုင်းဒေသကြီးနှင့် ပြည်နယ်စာဖြေဌာန ၂၃၈ ဌာနတို့၌ ဖြေဆိုကြသည်။

၂၀၁၅ ခုနှစ် ပထမပြန်စာမေးပွဲ ပထမလတ်၊ ပထမကြီး စာရင်းသွင်းသံဃာ၊ သီလရှင် စုစုပေါင်း ၂၉၇၆၃ ပါးအနက် ၂၂၈၂၄ ပါး ဖြေဆိုကြသဖြင့် ၇၆ ဒသမ ၆၉ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

သာသနာရေးဝန်ကြီးဌာန
၁၃၇၆-ခုနှစ်၊ ပထမပြန်စာမေးပွဲ နေ့ရက်အလိုက် ဖြေဆိုမှုအခြေအနေ

ရက်စွဲ၊ ၆-၄-၂၀၁၅

ဖြေဆိုသည့် ဘာသာ၊ ပထမကြီးတန်း-ပဋ္ဌာန်းကုသလတိတ်
ပထမလတ်တန်း-ဇာတ်တော်ကြီး(ဘာသာပြန်)

စဉ်	အကြောင်းအရာ	စာရင်းသွင်း	ဖြေဆို	ပျက်ကွက်	ရာခိုင်နှုန်း
၁။	ပထမကြီးတန်း	၁၅၁၄၃	၁၁၄၄၄	၃၆၉၉	၇၅.၅၇
၂။	ပထမလတ်တန်း	၁၄၆၂၀	၁၁၃၈၀	၃၂၄၀	၇၇.၈၄
	ပေါင်း	**၂၉၇၆၃**	**၂၂၈၂၄**	**၆၉၃၉**	**၇၆.၆၉**

တောင်ကြီးမြို့၌ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး ငြိမ်းချမ်းစွာစုပေါင်းဆန္ဒထုတ်ဖော်ပွဲပြုလုပ်

တောင်ကြီး ဧပြီ ၆

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်မူကြမ်းကို အတည်ပြုလက်မှတ်ရေးထိုးနိုင်ခြင်း အား ကြိုဆိုထောက်ခံသည့် ဆန္ဒထုတ်ဖော်ပွဲကို ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် တောင်ကြီးမြို့နယ်၌ ဧပြီ ၆ ရက် နံနက် ၉ နာရီက ခွင့်ပြုချက်ရယူပြီး ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆန္ဒထုတ်ဖော်ပွဲတွင် "အပစ်အခတ်ရပ်စဲကြ၊ ပြည်သူ့ဆန္ဒ၊ အပစ်အခတ် အမြန်ရပ်စဲပေးပါ၊ ငြိမ်းချမ်းရေးကို လိုလားပါသည်၊ လူထုအားလုံး အေးချမ်းစွာနေလိုသည်၊ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး၊ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေး၊ အပစ်အခတ်ရပ်စဲရေးစာချုပ်လက်မှတ်ရေးထိုးခြင်းအား ထောက်ခံပါသည်"စသည့် လက်ကိုင်ပိုစတာများကိုင်ဆောင်၍ "တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး၊ ငြိမ်းချမ်းမှုခိုင်မာရေး၊ ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေး၊ နိုင်ငံတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အောင်ရမည်"ဟု ကြွေးကြော်သံများဖြင့် လမ်းလျှောက်ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

အဆိုပါ ထောက်ခံဆန္ဒထုတ်ဖော်ပွဲသို့ တောင်ကြီးမြို့နယ်အတွင်းရှိ ရပ်ကွက် ၂၂ ရပ်ကွက်နှင့် ကျေးရွာများမှ ရှမ်း၊ ပအိုဝ်း၊ ဓနု၊ အင်းသား၊ ကိုးကန့်၊ တောင်ရိုး၊ တိုင်းရင်းသားပေါင်းစုံ အင်အား ၃၀၀၀၀ ခန့် ပါဝင်၍ တောင်ကြီးမြို့ ပြည်နယ်အားကစားဘောလုံးကွင်းသို့ လမ်းလျှောက်ဆန္ဒထုတ်ဖော်ကြသည်။

အဆိုပါ ဆန္ဒထုတ်ဖော်ပွဲတွင် "ငြိမ်းချမ်းရေးဟာ ကျွန်တော်တို့ ပြည်သူတွေ အလိုလားအတောင့်တဆုံးသောအရာ၊ အလိုချင်ဆုံးသော ဆန္ဒဖြစ်တာနှင့်အညီ ယနေ့ ကျွန်တော်တို့ရဲ့ အကြီးမားဆုံးသော မျှော်လင့်ချက် ရောင်ခြည်အလင်းတန်းများ လင်းလက်တောက်ပလာပြီ ဖြစ်ပါတယ်။ ပြည်သူတစ်ရပ်လုံး ငြိမ်းငြိမ်းချမ်းချမ်းနဲ့ စိတ်ချမ်းမြေ့စွာ နေထိုင်နိုင်ဖို့ ကျန်းမာပျော်ရွှင်၊ ဖွံ့ဖြိုးတိုးတက်တဲ့ဘဝတွေ ထာဝရပိုင်ဆိုင်ခံစားနိုင်ဖို့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူမူကြမ်း အတည်ပြုလက်မှတ်ရေးထိုးခြင်းကို တစ်ခဲနက် ထောက်ခံကြိုဆိုကြပါ" ဟု ရှမ်းစာပေယဉ်ကျေးမှုအဖွဲ့မှ ဦးစိုင်းဆေဟန်က ပြောကြားသည်။

မြန်မာနိုင်ငံဟာ "တိုင်းရင်းသားပေါင်းစုံ အေးအတူပူအမျှ အတူတကွ လက်တွဲပြီး စုပေါင်းနေထိုင်ကြတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်၊ ကျွန်တော်တို့နိုင်ငံဟာ ပဋိပက္ခတွေကြောင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရပါတယ်၊ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်တည်ဆောက်ရေးမှာ တစ်နိုင်ငံလုံး တစ်စိတ်တည်း တစ်ဝမ်းတည်း ပူးပေါင်းလက်တွဲပြီး အပစ်အခတ်ရပ်စဲရေးကို တစ်ခဲနက် ထောက်ခံကြိုဆိုကြပါစို့" ဟု အင်းတိုင်းရင်းသား ဦးမျိုးနိုင်က ပြောကြားသည်။

ဆက်လက်၍ ပအိုဝ်းတိုင်းရင်းသား ဦးခွန်မောင်ထွန်းက "နိုင်ငံတော်သမ္မတ ဦးဆောင်ပြီး တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သမိုင်းမော်ကွန်းတင် လက်မှတ်ရေးထိုးစာချုပ်ချုပ်ဆိုခဲ့ပြီး ပြည်သူတစ်ရပ်လုံး အေးအေးချမ်းချမ်းနဲ့ တရားဥပဒေစိုးမိုးမှုအောက်မှာ နေထိုင်ကြပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံသစ်ကို ဆက်လက်လျှောက်လမ်းရာမှာ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးကို ဝိုင်းဝန်းထောက်ခံတဲ့အနေနဲ့ ဒီဆန္ဒဖော်ထုတ်ပွဲကို ပြုလုပ်ရခြင်းဖြစ်ပါတယ်" ဟု ပြောကြားသည်။

(ခရိုင် ပြန်/ဆက်)

ကျေးရွာနေပြည်သူများအတွက် ထောက်ပံ့လှူဒါန်း

လှိုင်လင် ဧပြီ ၆

လှိုင်လင်မြို့နယ် လှိုင်လင်အရှေ့ ကျေးရွာအုပ်စု ဟိုခိုက်ကျေးရွာ၌ လှိုင်လင်ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဇင်ဇင်သော်နှင့် အဖွဲ့ဝင်များ၊ ပင်လုံမြို့နယ်မှအသင်းဝင်များသည် မတ်လနောက်ဆုံးပတ်က ကျေးရွာနေပြည်သူများအတွက် လေးပီပါဆံ့ ကျောက်စည်သုံးလုံးနှင့် ကျေးရွာမူကြိုကျောင်းရှိ ကလေးငယ်များအတွက် ခြိုစောင် ၁၀ ထည်၊ အခင်း ၁၀ ထည်နှင့် သွားတိုက်ဆေး၊ သွားတိုက်တံများအား ကျေးရွာအရောက် သွားရောက်ကာ ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။ **ဝင်းမင်းသန်း(iprd)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အားကစားဝန်ကြီးဌာန
အားကစားနှင့်ကာယပညာဦးစီးဌာန
နေပြည်တော်

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အားကစားဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၏ ငွေလုံးငွေရင်းအသုံးစရိတ်ပါ အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်-

(က) လယ်ဝေးမြို့နယ်(25M) သေနတ်ပစ်ကွင်းတည်ဆောက်ခြင်း၊ အားကစားကွင်း ပြုပြင်ခြင်း
(ခ) တပ်ကုန်းမြို့နယ် မီတာ(၁၀၀) Synthetic လမ်းခင်းခြင်း
(ဂ) တပ်ကုန်းမြို့နယ် အားကစားကွင်း အဆင့်မြှင့်တင်ခြင်း
(ဃ) ပေါင်းလောင်းအားကစားရုံ 11/0.4 KV, 200 KVA Transformer တစ်လုံး တပ်ဆင်ခြင်းနှင့် မီးသွယ်တန်းခြင်းလုပ်ငန်း

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၇-၄-၂၀၁၅ မှ ၂၄-၄-၂၀၁၅ရက်အထိ နေ့စဉ်နံနက် ၉း၃၀ နာရီမှ ညနေ ၄း၃၀နာရီအတွင်း အားကစားဝန်ကြီးဌာန၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ ဂိတ်(E)၊ D(23)၊ အားကစားကွင်း/အားကစားရုံဌာနခွဲတွင် တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို လာရောက်ဆက်သွယ် စုံစမ်းထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၁-၅-၂၀၁၅ရက် နံနက်၉း၃၀နာရီမှ ၄း၃၀ နာရီအတွင်း ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ ဂိတ်(E)၊ D(23)၊ အားကစားကွင်း/အားကစားရုံဌာနခွဲသို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဖုန်း-၀၆၇-၄၁၃၈၃၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အားကစားဝန်ကြီးဌာန
အားကစားနှင့်ကာယပညာဦးစီးဌာန
နေပြည်တော်

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အားကစားဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၏ နေပြည်တော် အားကစားတက္ကသိုလ်တွင် အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ ခေါ်ယူလိုပါသည်-

(က) ခြံစည်းရိုးကာရံခြင်းလုပ်ငန်း
(ခ) အတွင်းရေနုတ်မြောင်း ဆောင်ရွက်ခြင်း
(ဂ) ကွန်ကရစ်လမ်းခင်းခြင်း

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၇-၄-၂၀၁၅ မှ ၂၄-၄-၂၀၁၅ရက်အထိ နေ့စဉ်နံနက် ၉း၃၀ နာရီမှ ညနေ ၄း၃၀နာရီအတွင်း အားကစားဝန်ကြီးဌာန၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ ဂိတ်(E)၊ D(23)၊ အားကစားကွင်း/အားကစားရုံဌာနခွဲတွင် တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို လာရောက်ဆက်သွယ် စုံစမ်းထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၁-၅-၂၀၁၅ရက် နံနက်၉း၃၀နာရီမှ ၄း၃၀နာရီအတွင်း ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ ဂိတ်(E)၊ D(23)၊ အားကစားကွင်း/အားကစားရုံဌာနခွဲသို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဖုန်း-၀၆၇-၄၁၃၈၃၄

ပြည်ထဲရေးဝန်ကြီးဌာန
ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီ

အိတ်ဖွင့်တင်ဒါ Open Tender ခေါ်ယူခြင်း

(၁) ပြည်ထဲရေးဝန်ကြီးဌာန ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီသည် ပြည်ထဲရေးဝန်ကြီးဌာန၏ ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများအတွက် လိုအပ်သော ရုံးသုံးစက်ကိရိယာ၊ မီးသတ်ယာဉ်နှင့်ယာဉ်စက်ပစ္စည်းများ၊ လုံခြုံရေး၊ စစ်ဆေးရေးနှင့်ဆက်သွယ်ရေးပစ္စည်းများ ဝယ်ယူရန်ရှိပါသဖြင့် ပြည်တွင်း မြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

(၂) အဆိုပါပစ္စည်းများတင်သွင်းလိုသော ပြည်တွင်းမြန်မာနိုင်ငံသားပုဂ္ဂလိကလုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာများကို ၂၂-၄-၂၀၁၅ရက်မှစ၍ နေပြည်တော်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁၁)တွင် ဝယ်ယူနိုင်ပြီး ၁၅-၅-၂၀၁၅ရက် ညနေ ၄ နာရီတွင် နောက်ဆုံးထား၍ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။ လုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာများနှင့်အတူ ကုမ္ပဏီမှတ်ပုံတင်နှင့်ကုမ္ပဏီ Profile စသည်တို့ကို တင်ဒါစည်းကမ်းချက်များနှင့်အညီ တင်သွင်းရမည်ဖြစ်ပါသည်။

(၃) တင်ဒါဖွင့်လှစ်မည့်ရက်အား နိုင်ငံပိုင်သတင်းစာများမှ ထပ်မံကြေညာမည်ဖြစ်ပါသည်။

(၄) အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

(က) မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဖုန်း-၀၆၇-၄၁၂၅၁၂၊ ၄၁၂၀၄၅
(ခ) အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ဖုန်း-၀၆၇-၄၃၁၃၇၃၊ ၄၃၁၃၉၆
(ဂ) အကျဉ်းဦးစီးဌာန ဖုန်း-၀၆၇-၄၃၁၄၁၆၊ ၄၃၁၄၂၀
(ဃ) မီးသတ်ဦးစီးဌာန ဖုန်း-၀၆၇-၄၂၀၀၂၅၊ ၀၁-၆၆၀၅၄၄

ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီ

ပြည်တွင်းသတင်း

ကမ်းလွန်ရတနာနှင့်ဇောတိကသဘာဝဓာတ်ငွေ့စီမံကိန်းများ ဧပြီလအတွင်းနှစ်ပတ်လည်ပြုပြင်ထိန်းသိမ်းမှုပြုလုပ်စဉ် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုမရှိအောင် ညှိနှိုင်းစီစဉ်ထား

နေပြည်တော် ဧပြီ ၆

ကမ်းလွန်သဘာဝဓာတ်ငွေ့စီမံကိန်းများဖြစ်သော ရတနာနှင့် ဇောတိက သဘာဝဓာတ်ငွေ့စီမံကိန်းတို့သည် ယခုနှစ်အတွက် နှစ်ပတ်လည်ပြုပြင်ထိန်းသိမ်းမှုကို ပြုလုပ်ရန် ရတနာစီမံကိန်းသည် ဧပြီ ၁၁ ရက်မှ ၁၉ ရက်အထိလည်းကောင်း၊ ဇောတိကစီမံကိန်းသည် ဧပြီ ၂၀ ရက်မှ ၂၇ ရက်အထိ လည်းကောင်း ထုတ်လုပ်မှုကို ရပ်ဆိုင်းရမည်ဖြစ်သည်။

သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု ရပ်ဆိုင်းစဉ် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးမှုမထိခိုက်စေရန်အတွက် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့်ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းတို့မှ ကြိုတင်ညှိနှိုင်းစီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

ဧပြီ ၁၁ ရက်မှ ၁၉ ရက်အထိ ရတနာသဘာဝဓာတ်ငွေ့စီမံကိန်းမှ သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု ရပ်ဆိုင်းစဉ်ကာလအတွင်း သဘာဝဓာတ်ငွေ့ကို ဇောတိကသဘာဝဓာတ်ငွေ့စီမံကိန်းမှ ရယူဖြန့်ဖြူးရန်စီစဉ်ဆောင်ရွက်ထားရာ ဇောတိကသဘာဝဓာတ်ငွေ့ကို သာကေတဓာတ်ငွေ့တာဘိုင်သုံးလုံးနှင့် Gas အင်ဂျင်များသို့လည်းကောင်း၊ လှော်ကားတာဘိုင်တစ်လုံးသို့ လည်းကောင်း၊ မော်လမြိုင်တာဘိုင်နှစ်လုံးသို့လည်းကောင်း၊ သထုံတာဘိုင်သုံးလုံးသို့ လည်းကောင်း ဖြန့်ဖြူးပေးထားမည်ဖြစ်ပြီး လျှပ်စစ်ဓာတ်အားပြတ်တောက်မှုမရှိစေရန် ဖြည့်ဆည်းဖြန့်ဖြူးပေးနိုင်ရန်လည်း မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းက ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများနှင့် ညှိနှိုင်းဆောင်ရွက်ထားပြီးဖြစ်သည်။

ထို့ပြင် ဇောတိကသဘာဝဓာတ်ငွေ့စီမံကိန်းမှ သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုရပ်ဆိုင်းမည့် ဧပြီ ၂၀ ရက်မှ ၂၇ ရက်ကာလအတွင်းတွင်လည်း ရတနာသဘာဝဓာတ်ငွေ့စီမံကိန်းမှ သဘာဝဓာတ်ငွေ့ကို ရယူပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်သောစက်ရုံများသို့ ဖြန့်ဖြူးသွားရန် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းသို့ ညှိနှိုင်းစီစဉ်ဆောင်ရွက်ပြီးဖြစ်ရာ ရတနာသဘာဝဓာတ်ငွေ့ဖြင့် အလုံသဘာဝဓာတ်ငွေ့ တာဘိုင်နှစ်လုံးနှင့် Toyo Thai တာဘိုင်နှစ်လုံးသို့ လည်းကောင်း၊ ရွာမဓာတ်ငွေ့တာဘိုင်နှစ်လုံးနှင့် ဓာတ်ငွေ့အင်ဂျင်များသို့ လည်းကောင်း၊ ရွာမ EGAT တာဘိုင်တစ်လုံးသို့ လည်းကောင်း၊ လှော်ကား ဓာတ်ငွေ့ တာဘိုင်တစ်လုံးနှင့် ဓာတ်ငွေ့အင်ဂျင်စက်များသို့ လည်းကောင်း၊ သာကေတဓာတ်ငွေ့ တာဘိုင်နှစ်လုံးသို့ လည်းကောင်း၊ မြန်အောင်ဓာတ်ငွေ့တာဘိုင်တစ်လုံးသို့ လည်းကောင်း၊ ရွှေတောင်တာဘိုင်နှစ်လုံးသို့ လည်းကောင်း သဘာဝဓာတ်ငွေ့များဖြန့်ဖြူးဖြည့်ဆည်းသွားရန် စီစဉ်ထားပြီးဖြစ်သည်။

ဧပြီလနှစ်သစ်ကူးသင်္ကြန်ကာလ အပါအဝင် ကာလများတွင် ကမ်းလွန်သဘာဝဓာတ်ငွေ့စီမံကိန်းများ ဓာတ်ငွေ့ထုတ်လုပ်မှုရပ်ဆိုင်းမည့်အချိန်တွင် ပြည်သူများ လျှပ်စစ်ဓာတ်အားပြတ်တောက်မှု မရှိစေရေးအတွက် လိုအပ်သော စီစဉ်ဆောင်ရွက်မှုများကို မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းတို့ ညှိနှိုင်း၍ စီစဉ်ဆောင်ရွက်ထားကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(မြန်မာ့အလင်း)**

နှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း သတင်းစာများ အလှည့်ကျထုတ်ဝေမည်

နေပြည်တော် ဧပြီ ၆

မြန်မာ့နှစ်သစ်ကူး ရုံးပိတ်ရက်များအတွင်း ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ် သတင်းစာများကို အလှည့်ကျ ထုတ်ဝေသွားမည်ဖြစ်သည်။

ဧပြီ ၁၂၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆ တို့တွင် ကြေးမုံနှင့်ဂလိုဘယ်နယူးလိုက်အော့ဖ်မြန်မာသတင်းစာတို့ကို ထုတ်ဝေသွားမည်ဖြစ်ပြီး မြန်မာ့အလင်းသတင်းစာ ခေတ္တရပ်နားမည်ဖြစ်သည်။

ဧပြီ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁ တို့တွင် မြန်မာ့အလင်းသတင်းစာကို ထုတ်ဝေသွားမည်ဖြစ်ပြီး ကြေးမုံနှင့် ဂလိုဘယ်နယူးလိုက်အော့ဖ်မြန်မာသတင်းစာတို့ကို ခေတ္တရပ်နားသွားမည်ဖြစ်သည်။

ထို့အတူ ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)မှ ထုတ်ဝေလျက်ရှိသည့် မန္တလေးကဏ္ဍစာမျက်နှာကိုလည်း သင်္ကြန်ရုံးပိတ်ရက်ကာလများဖြစ်သော ဧပြီ ၁၅၊ ၁၈၊ ၂၂ ရက်များတွင် ရပ်နားမည်ဖြစ်ပြီး ရုံးပိတ်ရက်ကျော်လွန်ပါက ပုံမှန်ပြန်လည်ထုတ်ဝေသွားမည်ဖြစ်သည်။

သတင်းစာကြော်ငြာများကိုမူ သတင်းစာတိုက်များ၏ အလှည့်ကျပိတ်ရက်ကာလများတွင် ပိတ်ရက်မရှိ လက်ခံပေးသွားမည်ဖြစ်ပြီး ဧပြီ ၂၂ ရက်မှစ၍ သတင်းစာများအားလုံး ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

လမ်းမတော် ၈ လမ်း၌ မီးလောင်မှုဖြစ်ပွား

ရန်ကုန် ဧပြီ ၆

ဧပြီ ၅ ရက် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်ခန့်က ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အမှတ် (၃) ရပ်ကွက် ၈ လမ်း တိုက်အမှတ် ၅၂ ပိုင်ရှင်ဦးရဲမြင့်၏ ရွှေပြည်တန်အကြော်လုပ်ငန်း၌ မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးမှာ ၎င်းတိုက်၏ လေးလွှာမှ စတင်လောင်ကျွမ်းခြင်းဖြစ်ပြီး အပေါ်ထပ်သို့ ကူးစက်ခဲ့ခြင်းဖြစ်သည်။ မီးလောင်မှုနှင့်ပတ်သက်၍ လမ်းမတော်မြို့နယ် မြို့မရဲတပ်ဖွဲ့စခန်းမှ ဒုတိယရဲမှူး ထွန်းအောင်ကျော်က "အခုလောလောဆယ် သိရတဲ့အချက်က ပဲကြော်(နှစ်ပြန်ကြော်) ကြော်ရာက စတင်လောင်တယ်လို့ သိရတယ်။ အသေးစိတ်အချက်အလက်ကတော့ ဆောင်ရွက်ဆဲပါ" ဟု သတင်းထောက်များ၏ အမေးကို ဖြေကြားခဲ့သည်။

မီးလောင်ရာသို့ မြို့နယ်စုံမှ မီးငြိမ်းသတ်ရေယာဉ်အစီး ၂၀၊ သန္ဓေမီးသတ် ၃၀ ခန့်၊ အရန်မီးသတ် ၅၀ ခန့် ရောက်ရှိလာပြီး ငြိမ်းသတ်ပေးမှုကြောင့် မွန်းလွဲ ၁၂ နာရီ ၃၅ မိနစ်ခန့်တွင် လောင်နေသော မီးကို ထိန်းပေးနိုင်ခဲ့ပြီး မွန်းလွဲ ၁၂နာရီ ၄၅ မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့သည်။ **ကိုကြီးတင်**

လမ်းမတော် ၈ လမ်း၌ မီးလောင်နေသည်ကို ငြိမ်းသတ်ရန် ကြိုးပမ်းနေစဉ်။

နိုင်ငံတကာသတင်း

တူရကီနိုင်ငံတွင် တွစ်တာနှင့် ယူကျူတို့အားတရားရုံးအမိန့်ဖြင့် ပိတ်ပင်

ဘာသာပြန်-စိုးသူရ

အစ္စတန်ဘူလ် ဧပြီ ၆

တူရကီနိုင်ငံတွင် တရားရုံး၏ ဆုံးဖြတ်ချက်အရ လူမှုကွန်ရက်များဖြစ်သော တွစ်တာနှင့်ယူကျူတို့အား ပိတ်ပင်ခဲ့ကြောင်း တူရကီ ဆက်သွယ်ရေးလုပ်ငန်းစုက ပြောကြားသည်။

တူရကီနိုင်ငံတွင် ၂၀၁၄ ခုနှစ် မတ်လက ပြည်တွင်းရွေးကောက်ပွဲများ ကျင်းပစဉ် ၎င်းဝက်ဘ်ဆိုက်များအား ယာယီပိတ်ပင်ခဲ့သည်။

ထိုသို့ဖြစ်ရခြင်းမှာ တူရကီဝန်ကြီးချုပ် တာရစ်အာဒိုဂန်၏ အတွင်းစည်း အတွင်းခြစားမှုပြဿနာများ ဝက်ဘ်ဆိုက်သို့ ရောက်ရှိခဲ့ခြင်းကြောင့် ဖြစ်သည်။ တရားရုံး၏ဆုံးဖြတ်ချက်ကို နိုင်ငံတကာက ပြင်းထန်စွာဝေဖန်ခဲ့သည်။

ယခုကဲ့သို့ ပိတ်ပင်မှုသည် တူရကီရှေ့နေတစ်ဦးအား လက်ဝဲအုပ်စုတစ်စုက ဓားစာခံအဖြစ် ဖမ်းဆီးပြီးနောက် ကယ်တင်ရေးဆောင်ရွက်ရာတွင် ၎င်းရှေ့နေ သေဆုံးအပြီး ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ **(ရိုက်တာ)**

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ဇီဇဝါအိမ်ရာနေ
ဒေါက်တာသိန်းထွန်း (ဆေးရုံအုပ်ကြီး၊ ရန်ကုန်ကလေးဆေးရုံကြီး)-ဒေါ်ညွှန့်ညွှန့်ရှိန်တို့၏သား

ဒေါက်တာချစ်သိန်းညွှန့် (B.D.S, Ygn)

နှင့်

မွန်ပြည်နယ်၊ ရေးမြို့၊ ရန်ကြီးအောင်ရပ်၊ နတ်မောက်လမ်း၊ အမှတ် (၅၂)နေ
ဦးလှဝင်းရှိန်-ဒေါ်ညွှန့်အေး (ရွှေကမ္ဘာစိန်ရွှေရတနာဆိုင်)တို့၏သမီး

ဒေါက်တာမြဝတ်မှုံ (B.D.S, Ygn)

တို့၏ ၈-၃-၂၀၁၅ ရက်တွင် ရေးမြို့အင်ကြင်းတောင် စွန်းလွန်းဂူဓမ္မအေးရိပ်သာကျောင်းတွင် ကျင်းပပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးနှင့် ပြည်ခိုင်ဖြိုးခန်းမတွင် ကျင်းပသောမင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ခဲ့သော ဂုဏ်သရေရှိဧည့်ပရိသတ်အပေါင်းနှင့် ဆွေမျိုးမိတ်သင်္ဂဟတို့အားလည်းကောင်း၊ ၂၉-၃-၂၀၁၅ ရက်တွင် Chatrium Hotel Mandaly Room ၌ ကျင်းပပြုလုပ်သော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲတွင် မော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဒေါ်စိုးစိုးအောင်အားလည်းကောင်း၊ အသိသက်သေများအဖြစ် လက်မှတ်ရေးထိုးပေးပါသော ဦးသိန်းဟန် [ဒုညွှန်ကြားရေးမှူး-ငြိမ်း၊ စစစ]နှင့်ဇနီး ဒေါ်ဖြူဖြူဝင်း၊ ဒေါက်တာအောင်ကျော်နှင့်ဇနီး ဒေါ်ကေသီလွင်တို့အားလည်းကောင်း၊ ၅-၄-၂၀၁၅ရက်တွင် Sedona Hotel (Grand Ballroom)၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာပန်းကုံးနှင့်မင်္ဂလာလက်စွပ်ဆင်မြန်းချီးမြှင့်ပေးပါသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးစိုးဟန်လင်းနှင့် ဒေါ်နန္ဒာအောင်တို့အားလည်းကောင်း၊ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦးအားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးပါသော မအေးမြတ်မွန်ပွင့်ထွန်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးများ ကိုင်ဆောင်ပေးပါသော ဒေါက်တာထက်ထက်မိုးဖြူ၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော ဒေါက်တာနီနီဝင်းရွှေ၊ သတို့သားအရံ မောင်သူရထွန်း၊ မောင်းတိုးတက်အောင်၊ သတို့သမီးအရံ မမြဝတ်ဆံ၊ မဖူးပွင့်သဇင်၊ တေးသံသာများဖြင့်ဖျော်ဖြေပေးပါသော Cupid Music Band၊ မိတ်ကပ်အလှပြင်ပေးပါသော မထက်(Pop Soul)၊ ဓာတ်ပုံနှင့်ဗွီဒီယို စိုင်းဘုန်းထူး၊ မင်္ဂလာဝတ်စုံနှင့် ပန်းအလှသီတဂူ(သစ်ခွခြံ)၊ ဖိတ်စာများရိုက်နှိပ်ပေးပါသော Lovey Dovey၊ မင်္ဂလာပွဲစီစဉ်ကတည်းက အစစအရာရာကူညီပေးပါသော လေးလေးဦးမင်းရှိန်အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့ကို လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဒေါက်တာချစ်သိန်းညွှန့်-ဒေါက်တာမြဝတ်မှုံ

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ အမှတ်(၉)၊ ဇေယျာမြိုင်ရပ်ကွက်၊ မြေကွက်အမှတ် ၆၅၄၊ ဦးပိုင်အမှတ် ၁၄၆၊ မြေဧရိယာ ၀ ဒသမ ၁၁၂ ဧက၊ နှစ် ၃၀ မြေငှားဂရန်ရရှိပြီးသောမြေကွက်နှင့် ယင်းမြေနှင့်တွဲလျက်ရှိသော မြေအကျယ်အဝန်း ၁၉၀ပေ × ပေ၅၀ မြေကွက်တို့၏ပိုင်ရှင် မူဟာမက်ကာဗီ၏သား အိမ်ဘီယာအာမောက်(ခ)ဦးခင်ဇော်နိုင် ၁၂/ကမန(နိုင်)၀၁၄၇၈၆ နှင့် ဇနီးဖြစ်သူ ဦးမာမက်အာလန်၏သမီး ဒေါ်နီလာဝင်း KMW-၁၃၆၇၅၅ နှင့် သက်ဆိုင်သူအများသိစေရန် ကြေညာအပ်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၇/ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ အမှတ် ၃၀၇ နေ ကျွန်ုပ်၏မိတ်ဆွေ ဦးမျိုးအေး ၁၂/ဥကတ(နိုင်)၀၄၃၆၀၃ နှင့် အိမ်ဘီယာအာမောက်(ခ)ဦးခင်ဇော်နိုင်နှင့် ဇနီးဒေါ်နီလာဝင်းတို့သည် မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ အမှတ်(၉)၊ ဇေယျာမြိုင်ရပ်ကွက်၊ မြေကွက်အမှတ် ၆၅၄၊ ဦးပိုင်အမှတ် ၁၄၆၊ နှစ် ၃၀ ဂရန်မြေအမျိုးအစား၊ ဧရိယာ ၀ ဒသမ ၁၁၂ ဧကရှိ မြေကွက်ပေါ်တွင် ပေ(၆၀×၆၀)ပတ်လည် သုံးထပ်တိုက်တစ်လုံးနှင့် အဆိုပါမြေကွက်နှင့်တွဲလျက်ရှိသော မြေပေ ၁၉၀ × ပေ၅၀ မြေကွက်ပေါ်တွင် ၃၇ပေ×၇၂ပေရှိ နှစ်ထပ်တိုက်တစ်လုံးတို့ကိုတည်ဆောက်ပြီး ဟိုတယ်လုပ်ငန်းအကျိုးတူလုပ်ကိုင်ကြရန် သဘောတူခဲ့ပြီး ၁၄-၁-၂၀၁၄ ရက်စွဲပါ နှစ်ဦးသဘောတူကတိစာချုပ်ဖြင့် ဦးမျိုးအေးက ငွေရင်းစိုက်ထည့်ပြီး မြေရှင်များက ဟိုတယ်တည်ဆောက်သည့်လုပ်ငန်းကို လုပ်ကိုင်ခဲ့ကြပါသည်။

နှစ်ဦးသဘောတူကတိစာချုပ်အရ ဟိုတယ်အဆောက်အအုံဆောက်လုပ်ခြင်းအား တစ်နှစ်ကျော်လာသည်အထိ မြေရှင်ဘက်မှ အဆောက်အအုံအား ပြီးစီးအောင် မတည်ဆောက်နိုင်သည့်အပြင် ငွေစာရင်းရှင်းလင်းရန် ဦးမျိုးအေးဘက်မှ အကြိမ်ကြိမ်တောင်းဆိုသော်လည်း မြေရှင်ဘက်မှ ရက်ချိန်းအကြိမ်ကြိမ်ပေးပြီး စာရင်းရှင်းလင်းရန် ပျက်ကွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ဦးမျိုးအေး၏သဘောတူခွင့်ပြုချက်မရရှိဘဲ မြေရှင်များသည် ဆောက်လုပ်ဆဲဟိုတယ်နှင့် ဟိုတယ်တည်ရှိရာမြေကွက်အား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုလုပ်မှုမှန်သမျှကို ကန့်ကွက်ကြောင်းနှင့် ပြုလုပ်ပါက ပြုလုပ်သူ၏တာဝန်သာဖြစ်မည်ဖြစ်ကြောင်း မြေပိုင်ရှင်များနှင့် သက်ဆိုင်သူအများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်ဝတ်ရည်ဝင်း LL.B တရားလွှတ်တော်ရှေ့နေ (၁၀၂၀၇)
အမှတ် -၁၈၊ မေဓာဝီလမ်းမ၊ ၈/ရပ်ကွက်
မြောက်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၄၂၀၂၇၆၅၃၀

ဦးသာထွန်း B.A,R.L တရားလွှတ်တော်ရှေ့နေ (၁၉၀၁)
အမှတ် ၂၀၂၊ ဥက္ကာ(၇)လမ်း၊ ၈/ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၁-၉၆၉၉၄၈၄၊
၀၉-၄၂၁၁၃၉၃၅၇

တရားမဝင်သစ် ၁၇၃တန်ကျော်နှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိ

ရပ်စောက် ဧပြီ ၆

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ သစ်နှင့်သစ်တောထွက်ပစ္စည်းများ တရားမဝင်ခိုးယူ၊ သယ်ဆောင်ရောင်းဝယ်မှုများ ပိုမို ပြုလုပ်လာကြသောကြောင့် သစ်တောဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် အခြားသော ဆက်စပ်အဖွဲ့အစည်းများ ပူးပေါင်း၍ သော်လည်းကောင်း၊ မိမိအစီအစဉ်ဖြင့် လည်းကောင်း ဖမ်းဆီးအရေးယူလျက်ရှိသည်။ **(အပေါ်ပုံ)**

မတ် ၂၃ ရက်က ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်ခင်မောင်လွင်ဦးဆောင်သောရဲတပ်ဖွဲ့ဝင်များသည် ရပ်စောက်မြို့အထွက် ရပ်စောက်-ရွှေညောင်ကားလမ်းဘေးမှ တရားမဝင်အင်သစ် ၂၅ လုံး (၁၂ ဒသမ ၇၉၆၀) တန် တင်ဆောင်ထားသောယာဉ်အမှတ် မ/---- Hino တစ်စီးနှင့် အင်သစ် အလုံး ၃၀ (၁၅ ဒသမ ၈၅၈၀) တန် တင်ဆောင်ထားသောယာဉ် အမှတ် ၃ခ/--- Nissan ယာဉ်တစ်စီးတို့အား ပြစ်မှုကျူးလွန်သူလေးဦးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မတ် ၂၈ ရက်က တောင်ကြီးခရိုင် ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီးမြင့်ထူး ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များနှင့် ရပ်စောက်မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် ရပ်စောက်မြို့နယ် အုတ်ကျင်းကျေးရွာနေ ဦးစိုးခိုင်၏ သစ်စက်ဝင်းအတွင်း ဝင်ရောက်စစ်ဆေးခဲ့ရာ တရားမဝင်အင်ကြင်း၊ သစ်ရာနှင့် အင်သစ် ၂၄၉ လုံး (၁၄၅ ဒသမ ၅၃၀) တန်၊ လွှဝိုင်းသုံးဝိုင်း၊ လျှာထိုးစက် တစ်လုံးနှင့် အင်ဂျင်နှစ်လုံးတို့ကို ဖမ်းဆီးရမိ ခဲ့ပြီး စုစုပေါင်း တရားမဝင် သစ်ရာ၊ အင်ကြင်းနှင့် အင်သစ် ၁၇၄ တန်ကျော်ကို ဖမ်းဆီးဖော်ထုတ်အရေးယူနိုင်ခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ကျေးရွာလုံးကျွတ် ဆိုလာမီးလင်းရေး ဖွင့်ပွဲကျင်းပ

ဝါးခယ်မ ဧပြီ ၆

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်အတွင်းရှိ ကျေးရွာများသို့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝါးခယ်မမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေလုံးငွေရင်းဖြင့် Brothers Group Co.,Ltd. က တာဝန်ယူဆောင်ရွက်သည့် ဆိုလာမီးလင်းရေးသုံးပစ္စည်းများကို တပ်ဆင်လျက်ရှိသည်။ ဝါးခယ်မမြို့နယ် ကျေးရွာများဖြစ်ကြသော ပျဉ်းမကွင်းကျေးရွာအုပ်စု(ခနောင်ကျေးရွာ)၊ ဖိုးခမ့်ဒေါင့် ကျေးရွာအုပ်စု (စစ်တန်းလေးအိမ် တန်းကျေးရွာ)၊ မြဂိုးကြီးကျေးရွာအုပ်စု (ကုလားချောင်းကျေးရွာ)၊ တြိန်းကျွန်းကျေးရွာအုပ်စု(သောင်တန်းကျေးရွာ)တို့တွင် မတ် ၂၅ ရက်က ကျေးရွာလုံးကျွတ် ဆိုလာမီးလင်းရေးဖွင့်ပွဲကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလွင်၊ တာဝန်ရှိသူများနှင့် ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

မောင်မောင်

သင်္ကြန်ကာလအတွင်း ရန်ကုန်မြို့ပတ်ရထားများနှင့် အမြန်ရထားခရီးစဉ်အချို့ ယာယီရပ်နားထားမည်

ရန်ကုန် ဧပြီ ၆

မဟာသင်္ကြန် ကာလအတွင်း ရန်ကုန်မြို့ပတ် ဆင်ခြေဖုံးလမ်းပိုင်း ရထားများနှင့် အမြန်ရထား ခရီးစဉ်အချို့အား ယာယီရပ်နားထားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ ထုတ်ပြန်ချက်အရ သိရသည်။

၂၀၁၅ ခုနှစ် မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ဆင်ခြေဖုံးလမ်းပိုင်း ရထားများဖြစ်သော (ခ) အဲကွန်း အထူးရထားတွဲဆိုင်း၊ (ဇ) အဲကွန်း အထူးရထားတွဲဆိုင်း၊ (ဂ) အဲကွန်း အထူးရထားတွဲဆိုင်း၊ (လ) အဲကွန်း အထူးရထားတွဲဆိုင်း အပါအဝင် ကျန်မြို့ပတ်ရထားတွဲဆိုင်းများဖြစ်သော (တ)၊(ဒ)၊(သ)၊ (ဟ)၊ (အ)၊(ည)၊(ယ)၊ (ဘ)၊(ဃ)၊ (ထ)၊ (ဏ) နှင့် ကမ်းနားလမ်း RBE ရထားတွဲဆိုင်းများကိုလည်း ယာယီရပ်နားမည်ဖြစ်ပြီး ရန်ကုန်မြို့ဆင်ခြေဖုံးလမ်းပိုင်း၌ လက်ရှိတစ်ရက်လျှင် ခေါက်ရေ ၂၁၅ ခေါက်ပြေးဆွဲမှုအား ခေါက်ရေ ၁၂၅ ခေါက်ယာယီရပ်နားသွားမည်ဖြစ်ကာ သင်္ကြန်ကာလအတွင်း တစ်ရက်လျှင် ခေါက်ရေ ၉၀ နှုန်းဖြင့် အချို့ခရီးစဉ်ကို

ပြေးဆွဲပေးမည် ဖြစ်ကြောင်းနှင့် အဆိုပါ သင်္ကြန်ကာလအတွင်း တစ်ရက်လျှင် ခေါက်ရေ ၉၀ ပြေးဆွဲပေးသွားမည့် ရထားတွဲဆိုင်းများမှာ (က)၊ (င)၊ (စ)၊ (ဆ)၊ (ပ)၊ (န)၊ (မ) ရထားတွဲဆိုင်းများဖြစ်ကြောင်း သိရသည်။

ထို့အပြင် ဧပြီ ၁၄ ရက်မှ ၁၆ ရက်ထိကို အမြန်ရထားများဖြစ်သော ရန်ကုန်-မန္တလေးလမ်းပိုင်းအမှတ် ၅ အဆန် ၆ အစုန်၊ရန်ကုန်-မော်လမြိုင်လမ်းပိုင်းအမှတ် ၃၅ အဆန်၃၆ အစုန်၊ မန္တလေး-မြစ်ကြီးနားလမ်းပိုင်းများဖြစ်သော အမှတ် ၃၇ အဆန်၃၈ အစုန်၊ အမှတ် ၅၇ အဆန် ၅၈ အစုန်၊ အမှတ် ၃၃ အဆန်၃၄အစုန်၊ ရန်ကုန်-နေပြည်တော် လမ်းပိုင်း အမှတ် ၇ အဆန်၈အစုန်၊ ရန်ကုန်-ပုဂံ-ပခုက္ကူလမ်းပိုင်း အမှတ် ၆၁ အဆန် ၆၂ အစုန် အပါအဝင် လမ်းပိုင်းအားလုံး၌ ပြေးဆွဲလျက်ရှိသည့် RBE ရထားများအားလုံးကိုလည်း ယာယီရပ်နားမည်ဖြစ်သည်။

မြန်မာ့မီးရထားတိုင်းများမှ လမ်းပိုင်းအားလုံး၌ ပြေးဆွဲလျက်ရှိသည့် ခရီးတို ရထားခရီးစဉ်များအားလုံးကိုလည်း ဧပြီ ၁၃ ရက်မှ ၁၆ ရက်အထိ ယာယီရပ်နားထားမည်ဖြစ်ကာ ခရီးသည်များနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ဘူတာများအား အချိန်မီ သိရှိစေရန် ကြေညာထားရှိမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ စုံစမ်းသိရသည်။

သတင်းနှင့်ဓာတ်ပုံ-
စိုးဝင်း(SP)

ကလေး-ဂန့်ဂေါလူစီးရထားတွဲနှင့် ဘရိတ်တွဲသစ်များ အသစ်လဲလှယ်တပ်ဆင်မည်

ဂန့်ဂေါ ဧပြီ ၆

ကလေး-ဂန့်ဂေါမီးရထားလမ်းပိုင်းတွင် ပြေးဆွဲလျက်ရှိသော ကလေး-ဂန့်ဂေါ လူစီးမီးရထားတွင် ခရီးသည်များစိတ်ချမ်းမြေ့စွာ စီးနင်းလိုက်ပါနိုင်ရေးအတွက် လူစီးတွဲများကို အဆင့်မြှင့်တင် အသစ်လဲလှယ် တပ်ဆင်သွားနိုင်ရန် မြန်မာ့မီးရထားက စီစဉ်ဆောင်ရွက်နေပြီဖြစ်ကြောင်း ဂန့်ဂေါဘူတာရုံပိုင်ကြီး ဦးသက်နိုင်၏ ပြောကြားချက်အရ သိရသည်။

ကလေး-ဂန့်ဂေါလူစီးမီးရထားတွင် လူစီးတွဲငါးတွဲနှင့် ဘရိတ်တွဲတစ်တွဲတို့ကို အဆင့်မြှင့်တင် အသစ်လဲလှယ် တပ်ဆင်သွားမည်ဖြစ်ပြီး ရထားတွဲများအဆင့်မြှင့်တင် အသစ်လဲလှယ် တပ်ဆင်ခြင်းလုပ်ငန်းကို ဧပြီ ၁၂ ရက်တွင် စတင်အကောင်အထည်ဖော်နိုင်ရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်ကြောင်း ၄င်းကပြောသည်။

“ယခုကလေး-ဂန့်ဂေါ လူစီးမီးရထားမှာ အသစ်လဲလှယ်တပ်ဆင်သွားမယ့် လူစီးတွဲသစ်တွေမှာ အပေါ့စား ဖိုက်ဘာထိုင်ခုံတွေကို သန့်ရှင်းသပ်ရပ်စွာ တပ်ဆင်ထားပြီး လျှပ်စစ်မီးအလင်းရောင် လုံလောက်စွာရရှိဖို့နဲ့ သန့်စင်ခန်းတွေကောင်းမွန်ဖို့လည်း စီစဉ်ဆောင်ရွက်ထားတာတွေ့ရပါတယ်။ ဒီလူစီးတွဲသစ်တွေမှာ ခရီးသည်တွေ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ စီးနင်းလိုက်ပါနိုင်ကြမှာဖြစ်ပါတယ်” ဟု ဂန့်ဂေါဘူတာ ရုံပိုင်ကြီး ဦးသက်နိုင်က ပြောသည်။

ကြီးမြင့်နိုင်(လှိုင်ကော်)

ပြည်တွင်းသတင်း

မဟာသင်္ကြန်ပွဲတော်ကာလ နေပြည်တော်တွင် ကား/ဆိုင်ကယ် မောင်းနှင်သူများ လိုက်နာရန်

၂၀၁၄ ခုနှစ်၊ မဟာသင်္ကြန်ကာလအတွင်း နေပြည်တော်တွင် ယာဉ်မတော်တဆမှု(၁၃) မှုဖြစ်ပွားခဲ့ပြီး ဒဏ်ရာရရှိသူ ၅၇ ဦး၊ သေဆုံးသူ ၁၁ ဦးရှိခဲ့ပါသည်။

သို့ဖြစ်ပါ၍ ၂၀၁၅ ခုနှစ်၊ မဟာသင်္ကြန်ကာလအတွင်း နေပြည်တော်မှ မိဘပြည်သူများ ယာဉ်မတော်တဆမှုကြောင့် ထိခိုက်နစ်နာမှုမရှိစေရေး၊ ယာဉ်အန္တရာယ်မဖြစ်ပွားစေရေးတို့အတွက် ကား/ဆိုင်ကယ် မောင်းနှင်သူများအနေဖြင့် အောက်ပါ စည်းကမ်းချက်များအား တိကျစွာလိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

၁။ မူးယစ်သောက်စား၍ ယာဉ်မောင်းနှင်ခြင်းမပြုရ။
၂။ အပျော်လွန်ကျူး စည်းကမ်းမဲ့ပြိုင်မောင်းခြင်း၊ လုမောင်းခြင်း၊ အရှိန်ပြင်းမောင်းခြင်းမပြုရ။
၃။ ယာဉ်နံပါတ်ပြားမပါဘဲ မောင်းနှင်ခြင်းမပြုရ။
၄။ ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များ တပ်ဆင်ခြင်း လုံးဝမပြုရ။
၅။ ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်းမပြုရ။
၆။ ဖျက်သိမ်းထားသော ယာဉ်အိုယာဉ်ဟောင်းများ၊ မှတ်ပုံမတင်ရသေးသော ယာဉ်များနှင့်ပြုပြင်ဆဲယာဉ်များ မောင်းနှင်ခြင်းမပြုရ။
၇။ ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင် (ဗွီးတက်) မပါဘဲ မမောင်းရ။
၈။ ယာဉ်ကြောပြောင်းပြန် စီးနင်းမောင်းနှင်ခြင်းမပြုရ။
၉။ ထော်လာဂျီကဲ့သို့ အနှေးယာဉ်များကိုအသုံးပြု၍ ရေကစားခြင်းမပြုရ။
၁၀။ မော်တော်ဆိုင်ကယ်များအား အိတ်ဇောပိုက်ဖြုတ်၍ စီးခြင်း၊ အသံကျယ်လောင်စွာစီးခြင်း၊ နံပါတ်ပြားတွန့် ခေါက်၍စီးခြင်း၊ ရှေ့/နောက် နံပါတ်ပြားမပါဘဲစီးခြင်း၊ နှစ်ဦးထက်ပို၍စီးခြင်း၊ ဆိုင်ကယ်စီးဦးထုပ်မပါဘဲ စီးခြင်းနှင့် ရင်ပေါင်တန်းစုဖွဲ့စီးခြင်းများ မပြုရ။
၁၁။ နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်းမပြုရ။
၁၂။ သံစုံဟွန်းများ တပ်ဆင်ကာ အသုံးမပြုရ။
၁၃။ မော်တော်ယာဉ်များတွင် ညစ်ညမ်းသောစာသားများ၊ ဆိုင်းဘုတ်၊ ပန်းချီ၊ ရုပ်ပုံ၊ အခြားမသင့်လျော်သောပစ္စည်းများ ရေးသားချိတ်ဆွဲ၍ မောင်းနှင်ခြင်းမပြုရ။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ကျေးရွာများသို့ ထင်းများဝေငှပေး

ပျော်ဘွယ် ဧပြီ ၆

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ မတ်လနောက်ဆုံးပတ်က ကနဖော့ကျေးရွာ၊ မြင်းကျကျေးရွာနှင့် အင်းမကျီးကျေးရွာများသို့ ထင်းများဝေငှခဲ့သည်။

ပျော်ဘွယ်မြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ခုနှစ် သဘာဝတောထိန်းလုပ်ငန်းစဉ် ရှစ်ရပ်မှတစ်ခုဖြစ်သော ဓမ္မတာမျိုးဆက်ခင်း ဧက ၁၀၀ ပြုလုပ်ရာမှ ထွက်ရှိလာသော ထင်း ၉ ဒသမ ၁၄၇၆ တန်ကို ဦးစီးအရာရှိ ဦးခင်မောင်ကျော်၊ ဒုတိယဦးစီးမှူး ဦးမောင်မောင်လှိုင်နှင့် ဝန်ထမ်းများက ကနဖော့ကျေးရွာအိမ်ထောင်စု ကိုးစု၊ မြင်းကျကျေးရွာမှ အိမ်ထောင်စု ၂၁ စု နှင့် ဖောင်းတောကျေးရွာမှ အိမ်ထောင်စု ၁၁ စု စုစုပေါင်း ၄၁စုကို တစ်အိမ် ထောင်စုလျှင် ၀ ဒသမ ၂၂၃ တန် နှုန်းဖြင့် ထင်းအခမဲ့ဝေငှပေးခဲ့ကြောင်း သိရသည်။

ရှုလိုင်မိုး

ဧပြီ ၄ ရက်က ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်းရှိ အသင်းရုံးရှေ့တွင် မဟာသင်္ကြန်ကြိုဆို၍ ဆန်လေးတင်းခွဲ၊ ဆိတ်သား ပိဿာ ၁၁၀၊ ကြက်သား ပိဿာ ၃၅၊ ပဲကုလားဟင်းနှင့် အအေးစုံပုလင်း ၁၅၀၀ ကျော်ဖြင့် စတုဒိသာ ကျွေးမွေးလျက်ရှိရာ စားသုံးသူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။
တင်ဝင်းလေး (ကြည့်မြင်တိုင်)

ပြည်တွင်းသတင်း

မုံရွာမြို့တွင် ဟိုတယ်ဇုန်တစ်ခုတည်ထောင်ရန် နေရာသတ်မှတ်

မုံရွာ မေ ၆

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့သည် နိုင်ငံခြားဧည့်သည်များ၊ မြန်မာနိုင်ငံတစ်ဝန်းမှ ခရီးသွားပြည်သူများ၊ စီးပွားရေးလုပ်ငန်းရှင်များစွာ ဝင်ထွက်သွားလာကြသောမြို့ဖြစ်ရာ ၎င်းတို့ တည်းခိုနေထိုင်ရေး၊ ဒေသခံလုပ်ငန်းရှင်များနှင့် ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန် ဖွံ့ဖြိုးတိုးတက်သည့် မြို့အင်္ဂါရပ်နှင့်ညီမျှသည့် ဟိုတယ်ဇုန်တစ်ခုတည်ထောင်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သိရသည်။

အဆိုပါဟိုတယ်ဇုန်ကို မုံရွာမြို့ကမ်းနားပတ်လမ်းနှင့် အိုးဘိုတောင်အင်းဘေးတစ်လျှောက်ရှိ အကျယ်အဝန်းဧရိယာ ၂၀ ဒသမ ၅ဧကတွင် တည်ဆောက်သွားနိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"မုံရွာမြို့က တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပြီး ကမ္ဘာလှည့်ခရီးသွားတွေ၊ ပြည်တွင်း လုပ်ငန်းရှင်တွေ၊ ခရီးသွားတွေဝင်ရောက်မှုက များလာတဲ့အတွက် မုံရွာမြို့နဲ့ပတ်ဝန်းကျင်ဒေသတွေကို လာပြီးလေ့လာတာပဲဖြစ်ဖြစ်၊ စီးပွားရေးကိစ္စတွေနဲ့ပဲဖြစ်ဖြစ် ရောက်လာကြတဲ့အခါမှာ အဆင့်မီမီ တည်းခိုနိုင်ဖို့၊ ပြည်တွင်းလုပ်ငန်းရှင်တွေအနေနဲ့လည်း ဟိုတယ်လုပ်ငန်းတွေကို တိုးချဲ့လုပ်ကိုင်နိုင်ဖို့နဲ့ ပြည်သူတွေအနေနဲ့လည်း အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိစေဖို့အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က အခုလို စီစဉ်တာပါ"ဟု ဟိုတယ်ဇုန် တည်ဆောက်ရေးလုပ်ငန်းနှင့်ပတ်သက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့သည် ရှေးဟောင်း သမိုင်းဝင်တန်ခိုးကြီးဘုရားများရှိခြင်း၊ ရေမြေတောတောင် သဘာဝအရ အပန်းဖြေရန်နေရာကောင်းများခြင်း၊ ချင်းတွင်းအထက်ပိုင်း၊ ချင်းပြည်နယ်နှင့် အိန္ဒိယနိုင်ငံသို့ ကုန်စည်စီးဆင်းရာတွင် အချက်အချာကျသော မြို့တစ်မြို့ဖြစ်ခြင်းတို့အပြင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးလည်းရှိပြီး တိုင်းဒေသကြီးအဆင့် ရုံးစိုက်ရာ မြို့ဖြစ်သောကြောင့် စီးပွားရေးအရဖြစ်စေ အလည်အပတ်ဖြစ်စေ လာရောက်ကြသော ပြည်တွင်း ပြည်ပဧည့်သည်များအတွက် ဟိုတယ်များ လိုအပ်လျက်ရှိနေကြောင်း သိရသည်။

ဖိုးချမ်း(မုံရွာ)

ကနီမြို့ပြည်သူ့ဆေးရုံတိုးချဲ့လူနာဆောင်နှင့် ဝန်ထမ်းအိမ်ရာတည်ဆောက်မှုများပြီးစီး

ကနီ မေ ၆

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်၌ ၂၀၁၄ ခုနှစ် ဩဂုတ်လအတွင်းက စတင်ဆောင်ရွက်ခဲ့သော (၂၅)ခုတင်ဆံ့ ပြည်သူ့ဆေးရုံ လူနာဆောင် တိုးချဲ့တည်ဆောက်ခြင်းနှင့် ဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်း လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

မြို့နယ်ပြည်သူ့ဆေးရုံ လူနာဆောင်တိုးချဲ့ဆောင်နှင့် ဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုရန်ပုံငွေကျပ် သန်း ၃၀၀ ဖြင့် Bright Star Wave ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ဆေးရုံလူနာဆောင် တိုးချဲ့တည်ဆောက်ရာတွင် အလျား ပေ ၇၀၊ အနံ ၂၈ ပေရှိ သံကူကွန်ကရစ်အာရ်စီတစ်ထပ်ဆောင်ကို ပင်မလူနာဆောင်၏ လက်ဝဲဘက်နှင့် လက်ယာဘက်တို့တွင် တိုးချဲ့ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ ထို့အပြင် အလျား ၈၈ ပေ၊ အနံ ၃၂ ပေအကျယ်ရှိ လေးခန်းတွဲ လေးထပ် သံကူကွန်ကရစ် အာရ်စီ ဝန်ထမ်းအိမ်ရာ တည်ဆောက်မှုလည်း သတ်မှတ်ရက်အတွင်း ရာနှုန်းပြည့်ဆောက်လုပ်ပြီးစီးခဲ့ကြောင်း ကုမ္ပဏီ၏ ဆောက်လုပ်ရေးတာဝန်ခံတစ်ဦးက ပြောသည်။ အဆိုပါလေးထပ်ဆောင် ဝန်ထမ်းအိမ်ရာမှာ ကနီမြို့၏ ပထမဆုံးအထပ်မြင့်အဆောက်အအုံလည်း ဖြစ်ကြောင်း သိရသည်။

မြို့နယ်ပြည်သူ့ဆေးရုံလူနာဆောင် တိုးချဲ့တည်ဆောက်ခြင်းနှင့် ဝန်ထမ်းအိမ်ရာများတည်ဆောက်ခြင်းလုပ်ငန်း ပြီးစီးမှုအခြေအနေများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး၊ မြို့နယ်ပြည်သူ့ဆောက်လုပ်ရေးနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေးကော် မတီဝင်များ၊ မြို့နယ်အထောက်အကူပြုကော်မတီနှင့် မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများက မေ ၃ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

သန်းဌွေးအောင်(ကနီ)

၂၀၁၅ခုနှစ် မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ(နေပြည်တော်) ပထမပွဲစဉ်၏ စတုတ္ထနေ့ (၁၈)ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် မေ ၆

မြန်မာနိုင်ငံတွင် ထူးချွန်သော ဂေါက်သီး အားကစားသမားများ ပေါ်ထွက်လာစေရေး အတွက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ တိုက်တွန်း အားပေးကူညီမှုဖြင့် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေက ကြီးမှူး၍ရောဝတီဘဏ်လီမိတက်မှ အဓိကကူညီပံ့ပိုးပေးသော ၂၀၁၅ ခုနှစ် ပထမပွဲစဉ် (နေပြည်တော်) ၏ စတုတ္ထနေ့ (၁၈) ကျင်းပြိုင်ပွဲကို မေ ၅ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရွှေရိုင်ရယ် မြန်မာဂေါက်ကလပ်၌ ဆက်လက်ကျင်းပသည်။

စတုတ္ထနေ့(၁၈)ကျင်းအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ အမှတ်တရလက်ဆောင်ကို မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး ဦးအောင်လှဟန်က ပေးအပ်ချီးမြှင့်၍ ရွှေရိုင်ရယ်မြန်မာဂေါက်ကွင်း(နေပြည်တော်)မှ General Manager ဒေါ်ခင်ဆွေအေးက လက်ခံယူသည်။

ထို့နောက် အပျော်တမ်းအမျိုးသမီး၊ အမျိုးသား ပညာရှင်အဆင့်တို့၏နေ့အလိုက် အကောင်းဆုံး ရိုက်ချက်ဆုများကို ရောဝတီဘဏ်လီမိတက်မှ အထွေထွေမန်နေဂျာ ဦးသန့်ဇော်စိုးက ပေးအပ်ချီးမြှင့်သည်။

ဆက်လက်ပြီး အားကစားဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသက်လွင်က အပျော်တမ်းအဆင့်အမျိုးသမီးပြိုင်ပွဲ၌ စုစုပေါင်း ရိုက်ချက် ၂၂၇ ချက်ဖြင့် တတိယရရှိသော အေးအေးအောင်၊ စုစုပေါင်းရိုက်ချက် ၂၂၁ချက်ဖြင့် ဒုတိယရရှိသော မေဦးခိုင်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်လှဟန်က အပျော်တမ်းအဆင့်အမျိုးသားပြိုင်ပွဲ၌ စုစုပေါင်း ရိုက်ချက် ၂၉၃ ချက်ဖြင့် တတိယရရှိသော မောင်မဲ၊ စုစုပေါင်းရိုက်ချက် ၂၈၇ ချက်ဖြင့် ဒုတိယရရှိသော ဟိန်းစည်သူတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးက Professional အဆင့်ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၂၈၀ (8 Under) ဖြင့် ဒုတိယပူးတွဲဆုရရှိသော အောင်ဝင်း (HAN Golf Academy)၊ သိန်းဇော်မြင့် (Mizuno) တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက အပျော်တမ်းအဆင့်အမျိုးသမီးပြိုင်ပွဲတွင် စုစုပေါင်း ရိုက်ချက် ၂၂၀ ချက်ဖြင့်ပထမရရှိသော ယဉ်မေမျိုး၊ အပျော်တမ်းအဆင့်အမျိုးသားပြိုင်ပွဲတွင် စုစုပေါင်း ရိုက်ချက် ၂၈၂ ချက် (6 Under) ဖြင့် ပထမရရှိသော မောင်မောင်ဦး၊ Professional အဆင့်ပြိုင်ပွဲ၌ စုစုပေါင်းရိုက်ချက် ၂၇၈ ချက် (10 Under) ဖြင့် ပထမရရှိသော မျိုးဝင်းအောင်တို့အား ဆုများကို ပေးအပ်ချီးမြှင့်ပြီး ရောဝတီဘဏ်လီမိတက်ကိုယ်စား General Manager ဦးကျော်ဇော်ဟန်က ပထမရရှိသွားသော မျိုးဝင်းအောင်အား ဆုကြေးငွေချက်လက်မှတ်ကို ပေးအပ်ချီးမြှင့်သည်။

မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမပွဲစဉ် (နေပြည်တော်)အား ရောဝတီဘဏ်လီမိတက်မှ အဓိကကူညီပံ့ပိုးပေးပြီး Official Hotel အဖြစ် Kempinski Hotel (Nay Pyi Taw) က ထပ်မံပံ့ပိုးပေးကြောင်း သိရသည်။

ဖိုးသော်ဇင်

ကျွန်းလှ၌ မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

ကျွန်းလှ မေ ၆

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် မော်ကယ်ကျေးရွာမြောက်ဘက် တစ်ဖာလုံခန့်အကွာ ဝေဟတ်ချောင်း ကုန်းထိပ်တွင် မေ ၁ ရက် မွန်းလွဲ ၁နာရီက မူးယစ်ဆေးဝါးများဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျွန်းလှမြို့နယ် ပေပင်ချောင်ရဲစခန်းမှ ရဲတပ်ကြပ်ကြီး မြင့်သောင်းသည် တာဝန်ရှိသူများနှင့်အတူ မူးယစ်ဆေးဝါး သတင်းအရ ပင်လည်ဘူးမြို့နယ် မန်တန်ကျေးရွာနေ နိုင်ထွန်းနှင့် နောင်ပူအင်းအုပ်စု ငွေးချိုကျေးရွာနေ အောင်ကြည်လွင်တို့အားရှာဖွေရာ Levis တံဆိပ်ပါ အညိုရောင်ဘေးလွယ်အိတ်အတွင်းမှ အစိမ်းရောင် Joker ပလတ်စတစ်အိတ်ထဲတွင် ဘိန်းဖြူဟု ယူဆရသော ပင်နီဆီလင်ပုလင်းဖြင့် ထည့်လျက်ဖြူဝါရောင်အမှုန့် ၀ ဒသမ ၅ ဂရမ်ခန့် ပုလင်း ၃၅လုံး စုစုပေါင်း ၁၀ ဒသမ ၅ ဂရမ်ခန့် တန်ဖိုးငွေကျပ် ငါးသိန်းခန့်ကိုလည်းကောင်း။

အရှိုးအသွား ၁၀ လက်မခန့် ကော်ရိုးတပ်ပြောက်ကျားနိုင်လွန်ဓားအိမ်ပါ စတီးလ်ဓားတစ်ချောင်း၊ ပင်နီဆီလင်ပုလင်းဖြင့် ထည့်ထားသော ဖြူဝါရောင်အမှုန့် ဝဒသမ ၅ဂရမ် ပုလင်းတစ်လုံး၊ ရွှေရောင်စက္ကူအပိုင်းအစတစ်ခု ငွေစက္ကူ ရောရာ ငွေကျပ်၁၄၈၉၀၀၊သုံးတောင့်ထိုး ခတ်မီးတစ်လက် နောင်ပူအောင်ထိန်လင်းတံဆိပ်ပါ အရိုးအသွား လက်မ၂၀ခန့်ရှိ သတ္တုရိုးတပ်ဓားရှည် တစ်ချောင်းတို့ကိုလည်းကောင်း သိမ်းဆည်းရမိကြောင်း သိရသည်။

အဆိုပါ မူးယစ်ဆေးဝါးများကို ကျွန်းလှမြို့နယ် ချောင်းဇောက်ကျေးရွာအနီးအမည်မသိသူတစ်ဦးထံမှ ဝယ်ယူခဲ့ကြောင်းပြောပြပြီး မူးယစ်ဆေးဝါးများသယ်ဆောင်လာသော ပြစ်မှုကျူးလွန်သူနိုင်ထွန်း (၂၅နှစ်)နှင့်အောင်ကြည်လွင် (၂၉နှစ်) တို့ကို အမှုစစ်ပေပင်ချောင်စခန်းမှူး ဒုရဲအုပ် အောင်ကျော်စွာက အမှုဖွင့်ပြီး တရားရုံးတင်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

ဆိုလာစနစ်ဖြင့် ရွာလုံးကျွတ်မီးလင်းပြီ

တပ်ကုန်း မေ ၆

နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်အနောက်ဘက်မိုင် ၂၀ အကွာရှိသံပုရာကုန်းကျေးရွာသည် မြို့နှင့် အလှမ်းဝေးသော်လည်း ဆိုလာစနစ်ဖြင့် ရွာလုံးကျွတ်မီးထိန်ထိန်လင်းလာပြီဖြစ်သည်။

အဆိုပါ သံပုရာကုန်းကျေးရွာ မီးလင်းရေးအတွက် ဆိုလာမီးလင်းရေးဖွင့်ပွဲကို မေ ၂ ရက်ကယင်းကျေးရွာအတွင်း၌ကျင်းပရာ နေပြည်တော်ကောင်စီဝင်ဦးဖုန်းဇော်ဟန်နှင့် တာဝန်ရှိသူများက တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။ အဆိုပါကျေးရွာသည် လမ်းပန်းဆက်သွယ်ရေး အခက်အခဲကြောင့် ယခင်က မီးမရရှိသော်လည်း ယခုအခါ နေပြည်တော်ကောင်စီ၏ ခွင့်ပြုရန်ပုံငွေ ၈၅ ဒသမ ၀၀၀သန်းဖြင့် အိမ်ခြေပေါင်း ၄၅၅ အိမ်ကို ဆိုလာစနစ်ဖြင့် မီးရရှိအောင် Jasmine ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မောင်မွှေး

စာကြည့်တိုက်ဝန်ဆောင်မှု မြှင့်တင်ရေးအလုပ်ရုံဆွေးနွေး

သံတွဲ မေ ၆

သံတွဲခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့်စာကြည့်တိုက် ဝန်ဆောင်မှုမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကိုမတ် ၂၈ ရက်က သံတွဲခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခန်းမတွင် ကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ သံတွဲခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဦးမြင့်ရွှေက ဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကိုရှင်းလင်းဆွေးနွေးပြီးဒေါ်ခင်မိမိ (ခရိုင်ဦးစီးအရာရှိ-ငြိမ်း) က ၂၁ ရာစုခေတ် စာကြည့်တိုက်မှူးများ၏ အရေးပါဆုံးကဏ္ဍခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

သင်္ကြန်ကာလအတွင်းလိုက်နာရန် ယာဉ်စည်းကမ်းသတိပေးချက်များထုတ်ပြန်

တာချီလိတ် မေ ၆

မဟာသင်္ကြန်ကာလအတွင်း၌ တာချီလိတ်မြို့၌ယာဉ်မတော်တဆဖြစ်ပွားမှု လျော့နည်းစေရေးအတွက် တာချီလိတ်ခရိုင်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ ညွှန်ကြားမှုဖြင့် အမှတ်(၆၄)ယာဉ်ထိန်းရဲတပ်ဖွဲ့စု၊ တပ်စိတ်(၂)တာချီလိတ် ယာဉ်ထိန်းရဲတပ်ဖွဲ့က အသိပေးနှိုးဆော်ချက်နှင့် ကြေညာချက်များ ထုတ်ပြန်ထားကြောင်း သိရသည်။

ကြေညာချက်တွင် သင်္ကြန်ကာလအတွင်း မူးယစ်သောက်စား၍ မောင်းနှင်ခြင်းမပြုရန်၊ အပျော်လွန်ကျူး စည်းကမ်းမဲ့ပြိုင်မောင်းခြင်း၊ လုမောင်းခြင်း၊ အရှိန်ပြင်းမောင်းနှင်ခြင်းမပြုရန်၊ ယာဉ်၏ဘေးတံခါးများဖြုတ်၍မောင်းနှင်ခြင်း မပြုရန်၊ ဖျက်သိမ်းထားသော ယာဉ်အို၊ ယာဉ်ဟောင်းများနှင့်ပြုပြင်ဆဲယာဉ် များ မောင်းနှင်ခြင်းမပြုရန်၊ ယာဉ်ကြောပြောင်းပြန်မောင်းနှင်ခြင်းမပြုရန်၊ ထော်လာဂျီကဲ့သို့ အနှေးယာဉ်များကို အသုံးပြု၍ ရေကစားခြင်းမပြုရန်၊ မော်တော်ဆိုင်ကယ်မောင်းနှင်ရာတွင် ဆိုင်ကယ်စီးဦးထုပ်ဆောင်း၍ မေးသိုင်းကြိုးတပ်ရန်၊ မော်တော်ဆိုင်ကယ်များကို အိတ်ဇောဖြုတ်မောင်းနှင်ခြင်း၊ စက်သံဆူညံစွာဖြင့် ပါဝါအိပ်ဇောတပ်မောင်းနှင်ခြင်း၊ သံစုံဟွန်းများတပ်ဆင် မောင်းနှင်ခြင်းမပြုရန်၊ ယာဉ်နှင့် ဆိုင်ကယ်များတွင် ညစ်ညမ်းစာသားများ၊ ဆိုင်းဘုတ်၊ ပန်းချီ၊ ရုပ်ပုံများနှင့် အခြားမသင့်လျော်သော ရုပ်ပုံပစ္စည်းများ ရေးသားချိတ်ဆွဲပြီး မောင်းနှင်ခြင်းမပြုရန် စသည့်အချက်များ ပါရှိသည်။

အဆိုပါကြေညာချက်ပါ အချက်များကို အများပြည်သူသိရှိစေရန် သက်ဆိုင်ရာက မေ ၃ ရက်မှစ၍ ညစဉ်အသံချဲ့စက်ဖြင့် တာချီလိတ်မြို့တွင်းလိုက်လံ အသိပေးနှိုးဆော်ကာ စည်းကမ်းပျက်ယာဉ်များကို ပူးပေါင်းအဖွဲ့များဖြင့် စစ်ဆေးအရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ သင်္ကြန်မတိုင်မီ လက်ရှိ အချိန်တွင်လည်း အများပြည်သူစိတ်အနှောင့်အယှက်ဖြစ်စေမည့် ဆိုင်ကယ် အိတ်ဇောဖြုတ်မောင်းနှင်ခြင်း၊ ပါဝါအိတ်ဇောတပ် မောင်းနှင်ခြင်းများကို စစ်ဆေးဖမ်းဆီးပြီး ထိရောက်စွာအရေးယူဆောင်ရွက်လျက်ရှိကြောင်း ယာဉ်ထိန်းရဲတပ်ဖွဲ့မှ သိရသည်။

မြင့်မိုရ်(တာချီလိတ်)

ဆိုင်ကယ်များမှ ဖြုတ်ချထားသော အိတ်ဇောများကို တွေ့ရစဉ်။

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

သင်္ကြန်ကာလအတွင်း မှုခင်းဖြစ်ပွားမှုလျော့နည်းကျဆင်းရေး၊ မူးယစ်ဆေးဝါးနှင့် လိင်စိတ်ကြွဆေးများ ရောင်းချမှုမရှိရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

မြန်အောင်

မဟာသင်္ကြန်ကာလအတွင်း မြန်အောင်မြို့တွင် ယာဉ်တိုက်မှုဖြစ်ပွားခြင်းမရှိစေရန်အတွက် မြန်အောင်မြို့ နေခြည်ဈေးရှေ့၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာစောင်များကို မေ ၅ ရက်က ဖြန့်ဝေခဲ့ကြောင်း သိရသည်။

မြန်အောင်မြို့နယ်ရဲတပ်ဖွဲ့မှူး၏ စီစဉ်ညွှန်ကြားမှုဖြင့် မြန်အောင်မြို့မရဲစခန်း ဒုစခန်းမှူး ရဲအုပ် ဝင်းမင်းထွန်း ဦးဆောင်သောတပ်ဖွဲ့ဝင်များသည် ဈေးရောင်း ဈေးဝယ်လာသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေခဲ့ပြီး မော်တော်ဆိုင်ကယ်မောင်းနှင်သူများ လိုက်နာရမည့် ယာဉ်စည်းကမ်းများကို ပညာပေးပြောကြားခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြန်အောင်မြို့နယ်ရဲတပ်ဖွဲ့သည် သင်္ကြန်မတိုင်မီနှင့် မဟာသင်္ကြန်ကာလအတွင်း မြန်အောင်မြို့နယ်၌ မှုခင်းဖြစ်ပွားမှုလျော့နည်းစေရန် ကြိုတင် ကာကွယ်ရေးလုပ်ငန်းများနှင့် ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းထိန်းသိမ်းရေး၊ မူးယစ်ဆေးဝါးများ ဖော်ထုတ်ဖမ်းဆီးရေး၊ ကာမစိတ်နှိုးဆွသော ဆေးဝါးများကို ဆေးဆိုင်များတွင် မရောင်းချစေရေးနှင့် တရားမဝင် အရက်ပုန်းရောင်းချခြင်းများ မရှိစေရန်အတွက် ရပ်ကွက်ကျေးရွာများတွင် အရှိန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

(မြို့နယ် ပြန်/ဆက်)

သထုံ

မြန်မာ့ရိုးရာအတာသင်္ကြန်ကာလအတွင်း မှုခင်းကျဆင်းရေး၊ ယာဉ်အန္တရာယ် ကင်းရှင်းရေးနှင့် စည်းစနစ်တကျ ရေကစားကြစေရေးတို့အတွက် သထုံခရိုင် ရဲတပ်ဖွဲ့မှူး ဦးဆောင်သော တပ်ဖွဲ့ဝင်များသည် သထုံမြို့နယ် ဇရစ်ချောင်ကျေးရွာအုပ်စု အလံတရာစေတီတော်အနီးရှိ ငြိမ်းချမ်းရေးဓမ္မာရုံ၌ ဒေသခံလူငယ်များနှင့် ရပ်မိရပ်ဖများအား ဧပြီလ ၄ ရက်က အသိပညာပေး ဆွေးနွေးသည်။

ဆွေးနွေးပွဲတွင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်မောင်မြင့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်မင်းနှင့် သထုံမြို့မ ရဲစခန်းမှူး ရဲအုပ်သိုက်စိုးတို့က အတာသင်္ကြန်ကာလအတွင်း ယဉ်ကျေးမှုနှင့်လျော်ညီစွာ ရေကစားကြရေး၊ တုတ်၊ ဓားနှင့် လက်နက်များ ကိုင်ဆောင်ခြင်းမပြုရေး၊ မူးယစ်ဆေးဝါး၏ ဆိုးကျိုးများနှင့် မှုခင်းကျဆင်းရေးဆိုင်ရာများကိုလည်းကောင်း၊ အမှတ်(၇၈) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးရုံးမှ တပ်ဖွဲ့စုမှူး ဒုတိယရဲမှူးမျိုးမင်းသိန်းကလည်း အတာသင်္ကြန်ကာလအတွင်း သိသင့်သိထိုက်သည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့် စည်းကမ်းမဲ့မောင်းနှင်ခြင်းများ မပြုကြရေး ဆွေးနွေးဟောပြောကာ အသိပညာပေး လက်ကမ်းစာစောင်များကို ဝေငှပေးခဲ့သည်။

သက်ဦး(သထုံ)

ဘားအံ

ကရင်ပြည်နယ် ဘားအံမြို့တွင် သင်္ကြန်ကာလအတွင်းမှုခင်းလျော့နည်းကျဆင်းရေးနှင့် မူးယစ်ဆေးဝါးများ၊ လိင်စိတ်ကြွဆေးဝါးများ တရားမဝင် ရောင်းချခြင်း သုံးစွဲခြင်းမရှိရေးအတွက် ဆေးဆိုင်ပိုင်ရှင်များအား အသိပညာပေးဟောပြောပွဲကို မေ ၁ ရက်က ဘားအံမြို့မရဲစခန်း၌ ပြုလုပ်သည်။

ဟောပြောပွဲတွင် ဘားအံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဇော်မင်းအောင်က အမှာစကားပြောကြားပြီး ဘားအံမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်အေးနှင့် ဘားအံမူးယစ်တပ်စု(၁၁)မှ ဒုတိယရဲမှူးအောင်မြင့်ဇော်က သင်္ကြန်ကာလအတွင်း မှုခင်းမဖြစ်ပွားစေရေး၊ မူးယစ်ဆေးဝါးနှင့် လိင်စိတ်ကြွစေသောဆေးဝါးများ သုံးစွဲရောင်းဝယ်ခြင်း မရှိရေးတို့ကိုလည်းကောင်း၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာခင်မိုးသွယ်က အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ ထုတ်ပြန်ထားသော စံမညီဆေးဝါးများ၊ ဆေးဝါးအတုများနှင့် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးအမျိုးအစား ၄၀ ၏အကြောင်းနှင့် ဆေးဝါး ရောင်းချသူများ လိုက်နာရမည့်အချက်များကိုလည်းကောင်း ရှင်းလင်းဟောပြောသည်။ ဟောပြောပွဲသို့ ဘားအံမြို့နယ်အတွင်းရှိ ဆေးဝါးအရောင်းဆိုင်ပိုင်ရှင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

နေမျိုးလွင်(ပြန်/ဆက်)

ရေး

မွန်ပြည်နယ် ရေးမြို့နယ်အတွင်း မြန်မာ့နှစ်သစ်ကူးကာလ အတာသင်္ကြန်ရက်အတွင်း အများပြည်သူ စိတ်အေးချမ်းမြေ့စွာ ရေကစားနိုင်ရန်အတွက် ယာဉ်စည်းကမ်းထိန်းသိမ်းရေးနှင့် မှုခင်းကျဆင်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ရေးမြို့မရဲစခန်း၌ မေ ၃ ရက်က ကျင်းပသည်။

ဟောပြောပွဲတွင် ရေးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်သော်က အသံဆူညံသံများကြောင့် ပတ်ဝန်းကျင်အနှောင့်အယှက်ဖြစ်စေနိုင်သဖြင့် မြို့ပေါ်ရပ်ကွက်အတွင်းရှိ ဆိုင်ကယ်ပြင်ဆိုင်များအနေဖြင့် ဆိုင်ကယ်များကို အိတ်ဇောများဖြုတ်ပေးခြင်း၊ ပြောင်းလဲတပ်ဆင်ပေးခြင်းများ မပြုလုပ်ရန်ဟောပြောပြီး ရေးမြို့မရဲစခန်းမှူး ဒုရဲမှူးပြုံးချိုက မှုခင်းဖြစ်ပွားမှု လျော့ကျစေရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများလိုက်နာပြီး ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ရပ်မိရပ်ဖပြည်သူများကလည်း ပူးပေါင်းဆောင်ရွက်ပေးကြရန် ပညာပေးဟောပြောခဲ့သည်။

နေမျိုးထွဋ်(ရေး)

ပြည်တွင်းသတင်း

နွေရာသီအားကစားသင်တန်းများ သင်တန်းဆင်းပွဲကျင်းပ

ကျောက်ပန်းတောင်း မေ ၆

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၌ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်းဖွင့်လှစ်ခဲ့သော နွေရာသီအားကစားသင်တန်းဆင်းပွဲကို မြို့နယ်အားကစားခန်းမ၌ မေ ၃ ရက်က ကျင်းပခဲ့သည်။

နွေရာသီ အားကစားသင်တန်းများအဖြစ် ဘောလုံး၊ အေရိုးဗစ်နှင့် ပိုက်ကျော်ခြင်းသင်တန်းများကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကာ ဘောလုံးအားကစားနည်းတွင် သင်တန်းသား ၆၀၊ အေရိုးဗစ်သင်တန်းတွင် သင်တန်းသူ ၆၀ နှင့် ပိုက်ကျော်ခြင်းခတ်သင်တန်းတွင် သင်တန်းသား ၃၀ စုစုပေါင်း ကျောင်းသားကျောင်းသူ ၁၅၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ မတ် ၂၃ ရက်မှ မေ ၄ ရက်အထိဖြစ်ကြောင်း သိရသည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးဦးစောထွန်းဝင်းက ဂုဏ်ပြုအမှာစကားပြောကြားသည်။ ထို့နောက် ဘောလုံးအားကစားသင်တန်းသား လူငယ်လေးများက ဘောလုံးထိန်းသိမ်းနည်းစနစ်များကို အဖွဲ့လိုက်သရုပ်ပြကစားကြပြီး အေရိုးဗစ်သင်တန်းသူလေးများကလည်း သက်ငယ်တန်းနှင့်သက်လတ်တန်းခွဲ၍ အဖွဲ့လိုက်သရုပ်ပြဖျော်ဖြေခဲ့ကြသည်။

ထို့နောက် နွေရာသီ အားကစားသင်တန်းမှ ဘောလုံးအားကစားနည်းသင်တန်းဆင်းလက်မှတ်များကို မြို့နယ်အုပ်ချုပ်ရေးမှူးကလည်းကောင်း၊ အေရိုးဗစ်သင်တန်းဆင်းလက်မှတ်များကို ဒုတိယမြို့နယ်ပညာရေးမှူး ဦးစိန်လှကလည်းကောင်း သင်တန်းသားသင်တန်းသူများအား ပေးအပ်သည်။ သင်တန်းဆင်းပွဲသို့ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းသီတာချိုစင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ နည်းစနစ်မှူး ဒေါ်ဝင်းမင်းသန်းနှင့် နည်းပြဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

နေအောင်(iprd)

မြေနုကျွန်းစိုက်တောင်သူများ ထောပတ်ပဲ အထွက်နှုန်းကောင်းသော်လည်း ဈေးအရနည်း

မကွေး မေ ၆

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်အတွင်းရှိ ကျေးရွာများမှ ထောပတ်ပဲစိုက်တောင်သူများအနေဖြင့် ထောပတ်ပဲများ အထွက်နှုန်းကောင်းသော်လည်း ဈေးကောင်းမရသဖြင့် တွက်ချေမကိုက်ကြောင်းသိရသည်။

မကွေးမြို့နယ် မြင်ကွန်းတိုက်နယ်ကျေးရွာများဖြစ်သည့် သဲရင်းတော၊ ကျွန်းမြတ်၊ မီးသေ၊ ဒဟတ်တောကျေးရွာများမှ တောင်သူများသည် ဧရာဝတီမြစ်ကမ်းဘေးရှိ မြေနုကျွန်းများတွင် မြေပဲ၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ငရုတ်နှင့် ထောပတ်ပဲကို အများဆုံး စိုက်ပျိုးကြသည်။

“ဒီနှစ်လည်း အရင်နှစ်လိုပဲ ထောပတ်ပဲ ထွက်နှုန်းကောင်းတယ်။ တောင်သူတစ်ဦးကို ထောပတ်ပဲ တင်း ၂၀ ကနေ တင်း ၄၀ ကျော်လောက်အထိ ရကြတယ်။ ဒါပေမယ့် ဈေးကတော့ မနှစ်က တစ်တင်းကို ကျပ် ၂၆၀၀၀ လောက်ရတယ်။ ဒီနှစ်မှာ တစ်တင်းကို ကျပ် ၁၆၅၀၀ လောက်ပဲရတယ်။ မနှစ်ကနဲ့ ဒီနှစ်ဈေးမှာ တစ်တင်း ငွေ ၉၀၀၀ လောက် ကွာနေတယ်။ ဒါကြောင့် စိုက်ပျိုးစရိတ်၊ အလုပ်သမားအငှားချရတဲ့စရိတ်နဲ့ သယ်ယူပို့ဆောင်ခစရိတ်တွေနဲ့ဆိုရင် အရင်းလောက်ပဲရကြတယ်”ဟု ဒဟတ်တောကျေးရွာမှ တောင်သူတစ်ဦးက ပြောသည်။

အခြားစိုက်ခင်းများဖြစ်သော ကြက်သွန်နှင့် အာလူးများမှာလည်း ယခုနှစ်တွင် အချိန်အခါမဟုတ် ရွာသွန်းခဲ့သည့်မိုးကြောင့် သီးနှံများ ပျက်စီးသဖြင့် ကြက်သွန်နှင့် အာလူးစိုက်သူများ အရှုံးပေါ်ကြကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

ခွဲထက်ရှင်

ထရန်စဖော်မာသစ်တပ်ဆင်ပြီး၍ ဓာတ်အားလုံလောက်စွာဖြန့်ဝေနိုင်

အောင်လံ မေ ၆

လျှပ်စစ်ဓာတ်အားသုံးစွဲမှု ပိုမိုများပြားလေ့ရှိသော နွေရာသီကာလတွင် မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ်ရှိ မြို့ပေါ်ရပ်ကွက်များသို့ ဓာတ်အားဖြန့်ဖြူးပေးနေသော အောင်လံဓာတ်အားခွဲရုံ၌ ဓာတ်အားလုံလောက်စွာ ဖြန့်ဝေပေးနိုင်ရန် ထရန်စဖော်မာသစ်ကို တပ်ဆင်ခဲ့ရာ မတ်လကုန်တွင် ပြီးစီးခဲ့သဖြင့် မေ ၁ ရက်မှစ၍ ဓာတ်အားလုံလောက်စွာ ဖြန့်ဝေလျက်ရှိကြောင်း သိရသည်။

အောင်လံမြို့ရှိ မူလဓာတ်အားခွဲရုံမှ မြို့ပေါ်ရပ်ကွက်များသို့ ဓာတ်အားဖြန့်ဝေမှုမှာ ဝန်အားပြည့်နီးပါးဖြစ်နေသဖြင့် နွေရာသီတွင် ဓာတ်အားလုံလောက်စွာဖြန့်ဖြူးပေးနိုင်ရန် (၆၆/၁၁)ကေဗွီ ထရန်စဖော်မာသစ်တစ်လုံးကို ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်မြင့်စိန်၏ ကြီးကြပ်မှုဖြင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်မင်းဦးနှင့် ဝန်ထမ်းများ ပူးပေါင်း၍ တိုးချဲ့တပ်ဆင်ခဲ့ခြင်းဖြစ်သည်။

ထရန်စဖော်မာသစ် တပ်ဆင်ပြီးနောက် မြို့ပေါ်မှ လျှပ်စစ်ဓာတ်အားအသုံးပြုသူ ပြည်သူများအတွက် ဝန်အားပိုမိုလုံလောက်စွာ ဖြန့်ဖြူးပေးနိုင်ရေးကိုလည်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းဌာနအနေဖြင့် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(၁၁၉)**

လီဗာပူးတို့ ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ ရုန်းကန်ရမည်

ကောင်းမြတ်သူ

လီဗာပူးအသင်းရဲ့ ချန်ပီယံလိဂ်ဝင်ခွင့်နေရာရဖို့ အခွင့်အရေးကတော့ အဆုံးသတ်သွားပြီလို့ နည်းပြရော်ဂျာက ညည်းတွားပြောဆိုလိုက်ပါတယ်။ သို့ပေမယ့် ပဥ္စမနေရာက လီဗာပူးကို ရှစ်မှတ်အသာရနေပေမယ့် ထိပ်ဆုံးနေရာ လေးနေရာအတွက် မသေချာသေးကြောင်း မန်ယူ နည်းပြဗန်ဟားလ်က ဆိုပါတယ်။ "ရာသီအကုန်မှာ ထိပ်ဆုံးနေရာလေးရဖို့ ကျွန်တော် အတော်စိုးရိမ်မိပါတယ်"လို့ အာဆင်နယ်အသင်းကို လေးဂိုး - တစ်ဂိုးဖြင့် ရှုံးနိမ့်အပြီး နည်းပြရော်ဂျာက ဆိုပါတယ်။ ကျွန်တော်တို့ရဲ့ ပြိုင်ပွဲကတော့ရှိနေဆဲပါ။ စတုတ္ထနေရာရဖို့ ကျွန်တော်တို့ ပြိုင်နေကြတာပါ။ လီဗာပူး၊ အာဆင်နယ်နဲ့ မန်ယူတို့ပေါ့ ဗန်ဟားလ်က မန်ယူ-အက်စ်တွန်ဗီလာကို သုံးဂိုး - တစ်ဂိုးနဲ့နိုင်ပြီးချိန်မှာ ပြောကြားလိုက်ပါတယ်။ လီဗာပူးအသင်းဟာ ချန်ပီယံလိဂ်ဝင်ခွင့် ဒုတိယအကြိမ်ဆက်တိုက်ရဖို့ ကြိုးစားနေတဲ့အသင်း ဖြစ်ပါတယ်။ သို့ပေမယ့် ထိပ်ဆုံးလေးနေရာအနက်က စတုတ္ထနေရာရဖို့ အတော်လေးရုန်းကန်ရတော့မယ့်အနေအထားဖြစ်ပါတယ်။

ဘွန်ဒက်စ်လီဂါဖလားကို သုံးနှစ်ဆက်တိုက် ဆွတ်ခူးဖို့နီးလာတဲ့ ဘိုင်ယန်မြူးနစ်

ဂျာမန်ဘွန်ဒက်စ်လီဂါဖလားပြိုင်ပွဲမှာ ဘိုင်ယန်မြူးနစ်အသင်းအနေနဲ့ သုံးနှစ်ဆက်တိုက် ချန်ပီယံဆုဆွတ်ခူးဖို့ နီးကပ်လာပါပြီ။ ဘိုင်ယန်မြူးနစ်က ဒေါ့မွန်ကို တစ်လုံးတည်းသောဂိုးနဲ့အနိုင်ရသွားပြီးတဲ့နောက် တတိယအကြိမ် ဆက်တိုက်ဖလားဆွတ်ခူးဖို့ နီးစပ်သွားခဲ့ပါတယ်။ ဘိုင်ယန်မြူးနစ်ရဲ့ တစ်လုံးတည်းသောအနိုင်ဂိုးကိုတော့ တိုက်စစ်မှူး လီဝမ်ဒေါ့စကီးက သွင်းယူပေးခဲ့တာပါ။

လီဝမ်ဒေါ့စကီးဟာ ပြီးခဲ့တဲ့ နွေရာသီက ဒေါ့မွန်အသင်းမှ ပြိုင်ဘက်ဘိုင်ယန်မြူးနစ်ကို ပြောင်းရွှေ့ခဲ့တာပါ။ လီဝမ်ဒေါ့စကီးဟာ ဘိုင်ယန်အတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို သွင်းပေးနိုင်ခဲ့ပေမယ့် အသင်းဟောင်းအပေါ် အနိုင်ရခဲ့ခြင်းအပေါ် အောင်ပွဲခံပျော်ရွှင်နေတာ မရှိခဲ့ပါဘူး။ ဘိုင်ယန်မြူးနစ်အသင်းဟာ လက်ရှိအခြေအနေမှာတော့ ဇယားထိပ်မှာ ၁၀ မှတ်အသာနဲ့ ဦးဆောင်နေပါပြီ။

ဒီ့အတွက် တတိယအကြိမ် ဆက်တိုက်ဖလားဆွတ်ခူးဖို့နီးစပ်သွားခဲ့ပါပြီ။ ဘိုင်ယန်မြူးနစ်ဟာ ဒီနှစ်သာ ဘွန်ဒက်စ်လီဂါဖလားဆွတ်ခူးနိုင်မယ်ဆိုရင် ၁၄ ကြိမ်မြောက် ဘွန်ဒက်စ်လီဂါဖလားအဖြစ် ဆွတ်ခူးနိုင်မှာဖြစ်ပါတယ်။ ဒီနှစ်ထဲမှာ ဘိုင်ယန်မြူးနစ်အသင်းဟာ ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ကိုပါ တက်ရောက်လာတဲ့အသင်းဖြစ်ပါတယ်။

ဘရာဇီးခေတ် ပြန်ရောက်မှာလား

တစ်ကျော့ပြန် ဒွန်ဂါလက်ထက်မှာ ရလဒ်ကောင်းတွေရယူနေတဲ့ ဘရာဇီးအသင်းဟာ ကမ္ဘာ့ဘောလုံးစင်မြင့်ပေါ်မှာ ပြန်လည်ရပ်တည်နိုင်တော့မယ့် အရိပ်အယောင်တွေ မြင်တွေ့နေရပြီလို့ ဘရာဇီးရဲ့ ကမ္ဘာကျော်တိုက်စစ်မှူးဟောင်း ရော်နယ်ဒိုက ပြောကြားလိုက်ပါတယ်။

လက်ရှိနည်းပြဒွန်ဂါဟာ ၂၀၁၀ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဘရာဇီးအသင်းကို ကွာတားဖိုင်နယ်အထိသာ ပို့ဆောင်နိုင်ခဲ့ပေမယ့် အခုဘရာဇီးနည်းပြအဖြစ် ပြန်လည်တာဝန်ယူချိန်မှာတော့ ကမ္ဘာ့ထိပ်တန်းအသင်းတွေနဲ့ ခြေစွမ်းပွဲတွေ ကစားခဲ့ရာမှာ ပွဲတိုင်းဂိုးပြတ်နိုင်ပွဲတွေရရှိနေပါတယ်။

လက်ရှိ ဘရာဇီးအသင်းမှာ ခြေစွမ်းပြဂိုးသွင်းယူနေတဲ့ တိုက်စစ်မှူးနေမာ၊ အော်စကာနဲ့ဝီလျံတို့က အတွဲညီနေပြီး ဘရာဇီးကို အသွင်သစ်အဖြစ်ရောက်ရှိလာအောင် ဒွန်ဂါပုံသွင်းနေခြင်းဖြစ်ပါတယ်။ ဘရာဇီးမှာ လက်ရှိအကောင်းဆုံးကစားနေတဲ့ လူတွေကတော့ ဖာမီနို၊ နေမာ၊ အော်စကာ၊ ဝီလျံ၊ ဂတ်စ်တာဗိုတို့ဖြစ်ပြီး နိုင်ပွဲစိတ်ဓာတ် ပြင်းပြင်းနဲ့ ကစားနေတာမို့ နိုင်ပွဲတွေရယူနေခြင်း ဖြစ်ပါတယ်။

နည်းပြဒွန်ဂါကတော့ ဘရာဇီးကစားသမားတွေဟာ ယုံကြည်မှုရှိပြီး ရှေ့၊ လယ်၊ နောက် ဟန်ချက်ညီတဲ့ကစားဟန်ကြောင့် အခုလို ရလဒ်ကောင်းတွေရရှိနေတာဖြစ်တယ်လို့ ထုတ်ဖော်ပြောကြားနေပါတယ်။ ဒွန်ဂါဟာ ဘရာဇီးအသင်းကို တိုက်စစ်ဖွင့်ပြီး အမြန်ပေး၊ အရှိန်မြှင့်ထိုးဖောက်ကစားဟန်နဲ့ တစ်ဦးချင်းကျွမ်းကျင်မှုအပေါ်မှာ ပြိုင်ပွဲကိုရလဒ်ကောင်းအောင် အားထုတ်စေတာဖြစ်ပါတယ်။

တစ်ဦးချင်းစီရဲ့ အားသာချက်၊ အားနည်းချက်တွေကိုသိရှိထားတဲ့ ဒွန်ဂါဟာ လာမယ့် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဘရာဇီးအသင်းကို အောင်မြင်မှုတွေရရှိအောင် အစွမ်းကုန်ကြိုးစားသွားမယ်လို့ ဘရာဇီးပရိသတ်တွေကို ပြောကြားထားပါတယ်။ ဘရာဇီးအသင်းကို အခုအနေအထားတိုင်း ခြေစွမ်းကောင်းတွေ ဆက်လက်ရရှိနေအောင် ကြိုးစားသွားမယ်လို့လည်း နည်းပြဒွန်ဂါက ပြောပါတယ်။ လက်ရှိဘရာဇီးရဲ့ ခြေစွမ်းကောင်းမွန်မှုက ကစားသမားတွေကြောင့်ဖြစ်ပြီး မိမိရဲ့ထူးခြားတဲ့ စွမ်းဆောင်ရည်ကြောင့် မဟုတ်ဘူးလို့လည်း ဆိုနေပါတယ်။

လာမယ့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဘရာဇီးအသင်းဟာ အံ့သြစရာကောင်းတဲ့ခြေစွမ်းနဲ့အတူ ကမ္ဘာ့ပရိသတ်တွေရဲ့ စိတ်ဝင်တစားစောင့်ကြည့်ရမယ့်အသင်းအဖြစ် ရပ်တည်နိုင်မှာဖြစ်ပြီး ကမ္ဘာ့ဖလားရယူရေးကိုလည်း မျိုးဆက်သစ်တွေနဲ့အတူ လက်တွေ့အကောင်အထည်ဖော်သွားမယ်လို့ ဆိုနေပါတယ်။

ဘရာဇီးအသင်းဟာ တစ်ဦးချင်းစွမ်းရည်ပေါ်မှာတည်မှီနေပြီး တစ်ဦးကောင်းပေါ်မှာ မှီခိုနေတဲ့အသင်းမဟုတ်ဘူးဆိုတာကိုလည်း လက်တွေ့ဖော်ဆောင်ပြသသွားမယ်လို့ နည်းပြဒွန်ဂါက ပြောကြားနေပါတယ်။ ဘရာဇီးအသင်းမှာ ကစားသမားကောင်းတွေပေါ်များနေပေမယ့် စုဖွဲ့မှုအပိုင်းနဲ့ အသင်းလိုက် ကစားအားလျော့နည်းနေတာမို့ ဒါတွေကို အချိန်ယူ ပြင်ဆင်သွားရမယ်လို့ ဒွန်ဂါက ပြောကြားပါတယ်။ ဒါကြောင့် ကမ္ဘာတစ်ဝန်းက ပရိသတ်တွေမျှော်လင့်ထားတဲ့ ဘရာဇီးခေတ်ပြန်ရောက်မရောက် စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

မိုးမြင့်လင်းလက်

CONGRATULATION DOCTOR SOE MYINT AUNG (WAKEMA)
Ph.D(Alternative Medicines)
Managing Director(M.S.C Computer & Education Centre)
(The Guoman Tower Convention Hall in London, United Kingdom)
International Quality Crown Award Convention
(International Quality Crown Award, London-2014 (Diamond Category))
(Ph.D)
(CID)

ကြော်ငြာ

Sunday, April 12, 2015			
Yangon	(07:00)	Naypyitaw	(07:55)
Naypyitaw	(11:35)	Yangon	(12:30)
Yangon	(17:00)	Mandalay	(17:55)
Mandalay	(19:00)	Yangon	(19:55)

Monday, April 13, 2015			
Yangon	(07:00)	Naypyitaw	(07:55)
Naypyitaw	(08:05)	Mandalay	(08:35)
Mandalay	(09:05)	Yangon	(10:00)
Yangon	(17:00)	Mandalay	(17:55)
Mandalay	(19:00)	Yangon	(19:55)

Tuesday, April 14, 2015			
Yangon	(07:00)	Naypyitaw	(07:55)
Naypyitaw	(08:05)	Mandalay	(08:35)
Mandalay	(09:05)	Yangon	(10:00)
Yangon	(17:00)	Mandalay	(17:55)
Mandalay	(19:00)	Yangon	(19:55)

Wednesday, April 15, 2015			
Yangon	(07:00)	Naypyitaw	(07:55)
Naypyitaw	(11:35)	Yangon	(12:30)
Yangon	(17:00)	Mandalay	(17:55)
Mandalay	(19:00)	Yangon	(19:55)
Yangon	(06:00)	Mandalay	(07:25)
Mandalay	(10:10)	Yangon	(11:35)

Thursday, April 16, 2015			
Yangon	(07:00)	Naypyitaw	(07:55)
Naypyitaw	(08:00)	Mandalay	(08:50)
Mandalay	(13:30)	Naypyitaw	(14:00)
Naypyitaw	(14:25)	Yangon	(15:00)
Yangon	(17:00)	Mandalay	(17:55)
Mandalay	(19:00)	Yangon	(19:55)

ကြော်ငြာ

ရာဝတီဘဏ်
AYA Bank
နှစ်ဟောင်းကုန်လို့
နှစ်သစ်ကူးချိန်
တန်ခူးကာလ
ဥအချိန်ဝယ်
မြန်ပြည်သားပေါင်း
ကျန်းမာချမ်းသာ
ဘေးရန်ကွာ၍
စီးပွားလူမှု
တိုးတက်စေပြီး
ငြိမ်းချမ်းမှုပေါင်း
ခညောင်းပါစေ
ဆုမွန်လည်းချွေ
မေတ္တာလည်းဝေ
ရာဝတီဘဏ်၏
နှစ်သစ်လက်ဆောင်

ရှေးဟောင်းသုတေသန

မင်းကွန်း ယဉ်ကျေးမှုနယ်မြေ

မောင်သာ
(ရှေးဟောင်းသုတေသန)

မြန်မာသက္ကရာဇ် ၆၇၇ ခုနှစ် (ခရစ်နှစ် ၁၃၁၅ ခုနှစ်) တွင် အသင်္ခရာစောယွမ်း တည်ထောင်ခဲ့သော စစ်ကိုင်းမြို့၏ သက်တမ်းသည် ယခု ၂၀၁၅ ခုနှစ်တွင် နှစ်ပေါင်း ၇၀၀ ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါသည်။ စစ်ကိုင်းမြို့သည် မြို့တည်သက်တမ်း ရာစုနှစ် ခုနစ်ခု အတွင်း ဘုရင်အဆက်ဆက်တို့၏ အုပ်ချုပ်မှု ခေတ်အဆက်ဆက်ကို ဖြတ်သန်းလာခဲ့ပြီးနောက် ယဉ်ကျေးမှု အမွေအနှစ်များစွာ ကျန်ရှိခဲ့သည့် ရှေးဟောင်း မြို့တော်တစ်ခုအဖြစ် ထင်ရှားစွာ ရပ်တည်လျက်ရှိနေပေသည်။ စစ်ကိုင်းဒေသရှိ ယဉ်ကျေးမှု အမွေအနှစ်များစွာအနက် စစ်ကိုင်းမြို့မှ မြောက်ဘက် ၁၂ မိုင်အကွာ မင်းကွန်းဒေသရှိ မင်းကွန်းခေါင်းလောင်းတော်ကြီးနှင့် မင်းကွန်းပုထိုးတော်ကြီးတို့သည် အထူးထင်ရှားလှပေသည်။

ပြည်တွင်း ပြည်ပမှ ခရီးသည်များသည် မင်းကွန်းယဉ်ကျေးမှုနယ်မြေသို့ နေ့စဉ် သွားရောက်လည်ပတ်လျက်ရှိကြရာ စစ်ကိုင်းမှ သရက်တစ်ပင်ဆိပ်ကိုဖြတ်၍ ဧရာဝတီမြစ်ကမ်းဘေး၊ ကားလမ်းအတိုင်း သွားနိုင်ကြသကဲ့သို့ မန္တလေးဘက်ကမ်းမှ ဧရာဝတီမြစ်ကို လှေ၊ သင်္ဘောများဖြင့် ဖြတ်သန်း၍လည်း သွားရောက်နိုင်ကြသည်။ မင်းကွန်းသည် ဧရာဝတီမြစ်နှင့် မင်းဝံတောင်တန်း အကြားတွင်ရှိပြီး ရှေးယခင်က မင်းရွာဟု အမည်တွင်ခဲ့ရာမှ ကုန်းဘောင်မင်းဆက်ခြောက်ဆက်မြောက် ဘုရင်ဖြစ်သည့် ဗဒုံမင်း (ဘိုးတော်ဘုရား မောင်ဝိုင်း) လက်ထက်တွင် အမိန့်ပြန်တမ်းထုတ်ကာ မင်းရွာကို မင်းကွန်းဟု အမည်ပြောင်းလဲခေါ်တွင်စေခဲ့သည်။ ယခုအခါတွင် မင်းကွန်းဒေသတွင် ချောင်ပေါင်း ၂၈ ခုနှင့်အတူ ဘုန်းတော်ကြီးကျောင်းများ၊ စေတီပုထိုးများကို ဖူးတွေ့နိုင်ကြသည်။ ယင်းတို့အနက် မင်းကွန်းပုထိုးတော်ကြီး၊ မင်းကွန်းခေါင်းလောင်းကြီးနှင့် ခြင်္သေ့ကြီးတို့သည် မင်းကွန်းသို့ လာရောက်လည်ပတ်ကြသည့် ခရီးသည်များ အများဆုံး စိတ်ဝင်စားကြသည့် သမိုင်းဝင် အဆောက်အအုံများ ဖြစ်ကြပေသည်။

မင်းကွန်းပုထိုးတော်ကြီးအား အမရပူရကို တည်ထောင်ခဲ့သူ ဘိုးတော်ဘုရားဟု ထင်ရှားသည့် ဗဒုံမင်းက ၁၁၅၂ ခုနှစ် (ခရစ်နှစ် ၁၇၉၀ ပြည့်နှစ်)တွင် စတင်တည်ထားခဲ့သည်။ ဘိုးတော်ဘုရားသည် တိုင်းပြည် သာယာဝပြောရေးနှင့် သာသနာရေးကို အထူးအာရုံစိုက် ဆောင်ရွက်ခဲ့သော မင်းတစ်ပါးဖြစ်ပြီး အောင်ပင်လယ်ကန်၊ နန္ဒာကန်တို့ကို ပြုပြင်သကဲ့သို့ မိတ္ထီလာကန်ကိုလည်း အသစ် ဆည်ဖို့ခဲ့သည်။ နိုင်ငံတော် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ယခုခေတ် သန်းခေါင်စာရင်းနှင့် ဆင်တူသော ပြည်သူလူထုစစ်တမ်းများကို ပြုလုပ်ခဲ့ရာ ဘိုးတော်ဘုရားစစ်တမ်းဟူ၍ မြန်မာ့သမိုင်းတွင် ထင်ရှားခဲ့သည်။ သက္ကရာဇ် ၁၁၄၆ ခုနှစ်တွင် မဟာမုနိရုပ်ပွားတော်မြတ်ကို ရခိုင်မှ မန္တလေးသို့ ပင့်ဆောင်ခဲ့သူမှာလည်း ဘိုးတော်ဘုရားပင်ဖြစ်ပေသည်။ သာသနာရေးလုပ်ငန်းများကို အထူးအာရုံစိုက် ဆောင်ရွက်ခဲ့သူ ဘိုးတော်ဘုရားသည် မြို့ပေါင်း ၆၅ မြို့သို့ ပိဋကတ်တော်အစုံနှင့် သံဃာတော် ငါးပါးစီ သာသနာပြုစေလွှတ်ကာ ဗုဒ္ဓသာသနာတော်ကို ချီးမြှောက်ခဲ့သည်။

သာသနာရေးကို ဦးစားပေးသည့် ဘိုးတော်ဘုရားသည် မင်းကွန်းပုထိုးတော်ကြီးကို တည်ထားခဲ့ရာ ရွှေတိုက်စာရင်းမှု ပုရပိုက်အရ ပုထိုးတော်ကြီးသည် အချင်း ၂၉၃ တောင်နှင့် အမြင့် ၃၅၂ တောင် ရှိကြောင်း သိရှိရပေသည်။ မင်းကွန်းပုထိုးတော်ကြီး ကျောက်စာ (မင်းကွန်းပုထိုးတော်ကြီး ဒုတိယကျောက်စာ၊ အမှတ် ၂၂၁၊ မဟာမုနိဘုရား ကျောက်စာရုံ၊ မန္တလေးမြို့)တွင် ပုထိုးတော်ကြီး၏ အတိုင်းအတာကို "စတုရန်းလေးထောင့်စပ်စပ် တည်ခင်းအပ်သော ဘိနပ်အစ ပထမအာလိန် အချင်းသံတောင် ၃၀၀ နှင့် ၂ မိုက်" ဟု ဖော်ပြထားပါသည်။

ဘိုးတော်ဘုရားသည် မိမိအုပ်စိုးခဲ့ချိန်ကာလအတွင်း မိမိပိုင်နက်၌ အကြီးမားဆုံးသော သာသနိက အဆောက်အအုံကြီးတစ်ခု တည်ထားကိုးကွယ်ရန် ရည်ရွယ်ခဲ့သည်။ မိမိရည်ရွယ်ခဲ့သည့်အတိုင်း ဘိုးတော်ဘုရားသည် နန်းတက်ပြီး ကိုးနှစ်အကြာတွင် ကြီးမားသော ပုထိုးတော်ကြီးတစ်ဆူကို မင်းကွန်းအရပ်၌ တည်ဆောက်ခဲ့သည်။ ပုထိုးတော်ကြီးကို ပေ ၅၀၀ အမြင့်အထိ တည်ထားရန် ရည်ရွယ်ခဲ့သော်လည်း ပေ ၁၆၀ အမြင့်အရောက်တွင် ပြိုကျခဲ့သည်ဟု သမိုင်းပညာရှင် ဆရာကြီး ဒေါက်တာ သန်းထွန်းက ရေးသားခဲ့ပါသည်။

ဘိုးတော်ဘုရားသည် မင်းကွန်းပုထိုးတော်ကြီး တည်ဆောက်မှုအား သက္ကရာဇ် ၁၁၇၄ ခုနှစ်တွင် ရပ်ဆိုင်းခဲ့သည်။ "ကြီး လေး ကြီး၊ အပြီးမသတ်၊ မုဆိုး သုည အပ်" ဟူသော တဘောင်ပေါ်ခဲ့သဖြင့် ရပ်ခဲ့ခြင်းဖြစ်ကြောင်း အစဉ်အဆက် ပြောဆိုခဲ့ကြပေသည်။ ကြီး လေး ကြီး ဟူသည်မှာ (၁)ပုထိုးတော်ကြီး (၂) ခေါင်းလောင်းတော်ကြီး(၃) ခြင်္သေ့ကြီး(၄)ကန်တော်ကြီးတို့ ဖြစ်သည်။ ထိုတဘောင်ကို ဘိုးတော်ဘုရား၏ ပညာရှိများက ပုထိုးတော်ကြီးကို ပြီးစီးအောင် တည်ပါက ဘုရင်မင်းမြတ် ကွယ်လွန်လိမ့်မည်ဖြစ်ကြောင်း အဓိပ္ပာယ်ကောက်ခဲ့ကြသဖြင့် ဘိုးတော်ဘုရားက ပြီးစီးအောင် မတည်ခဲ့ခြင်းဖြစ်ကြောင်းလည်း ယူဆကြသည်။ ဘိုးတော်ဘုရားသည် မင်းကွန်းပုထိုးတော်ကြီး ပြီးစီးသည်အထိ မတည်ဆောက်ခဲ့ရဘဲ ခရစ်နှစ် ၁၈၁၉ ခုနှစ်တွင် ကွယ်လွန်ခဲ့သည်ဟုလည်း သမိုင်းမှတ်တမ်းများက ရေးသားခဲ့ကြသည်။

မင်းကွန်း၏ အမှတ်လက္ခဏာတစ်ခုဖြစ်သည့် ခြင်္သေ့ကြီးနှစ်ကောင်သည် ပုထိုးတော်ကြီး၏ အရှေ့ဘက်တွင် ဧရာဝတီမြစ်ကို မျက်နှာမူကာ မားမားမတ်မတ် ရပ်နေကြသည်။ ခြင်္သေ့ကြီး နှစ်ကောင်ကိုလည်း ဘိုးတော်ဘုရားကပင် မြန်မာသက္ကရာဇ် ၁၁၅၅ ခုနှစ် (ခရစ်နှစ် ၁၇၉၃ ခုနှစ်)တွင် တည်ထားခဲ့ခြင်း ဖြစ်သည်။ ခြင်္သေ့ကြီးများ၏ အရပ်သည် တစ်ကောင်လျှင် ၉၅ ပေစီ မြင့်ကာ ခြေသည်းလက်သည်းတစ်ခုစီသည် အလျား ငါးပေခွဲနှင့် လုံးပတ်လေးပေခွဲခန့် ရှိပေသည်။ မျက်လုံးတစ်လုံးစီ၏ ပတ်လည်သည် ၁၃ ပေစီရှိသဖြင့် အလွန်ကြီးမားလှသော ခြင်္သေ့ရုပ်ကြီးများပင်ဖြစ်ပေသည်။ ခြင်္သေ့နှစ်ကောင်ထုလုပ်ရန် အုတ်ချပ်ရေ နှစ်သိန်းခန့် အသုံးပြုခဲ့ရသည်။ သက္ကရာဇ် ၁၂၀၀ ပြည့်နှစ်တွင် မြောက်ဘက်ရှိ ခြင်္သေ့ရုပ်ကြီး ပြိုကျခဲ့ပြီး ၁၃၁၈ ခုနှစ်တွင် လှုပ်ခတ်ခဲ့သော စစ်ကိုင်းငလျင်ဒဏ်ကြောင့် တောင်ဘက် ခြင်္သေ့ရုပ်ကြီးလည်း ပြိုလဲကျခဲ့သည်။ ယခုအခါ ဧရာဝတီမြစ်ကမ်းတွင် ခြင်္သေ့ကြီးနှစ်ကောင်၏ နောက်ပိုင်းများကို တွေ့နိုင်ကြပေသည်။

မင်းကွန်းဒေသရှိ ကမ္ဘာကျော်ခေါင်းလောင်းကြီးသည် အသံထွက်နိုင်သော ခေါင်းလောင်းများအနက် ကမ္ဘာပေါ်တွင် အကြီးဆုံးဖြစ်သည်။ ခေါင်းလောင်းသက်သက်အနေဖြင့် ကမ္ဘာ့ ဒုတိယအကြီးဆုံး ခေါင်းလောင်းလည်း ဖြစ်ပေသည်။ မင်းကွန်းခေါင်းလောင်းတော်ကြီးအား နန်းတော်ကျွန်းတွင် သွန်းလုပ်ခဲ့ခြင်းဖြစ်ပြီး အလေးချိန် ကြေးပိဿာချိန် ၅၅၅၅၅ ခန့် ရှိသည်။ ခေါင်းလောင်းပေါ်တွင် (မင်းဖြူမှန်မှန်ပြော) ဟု မြန်မာတို့ အယူအဆ၊ ကိန်းဂဏန်း (၅)ကို ကိုယ်စားပြုသော ကြာသပတေးနံ အက္ခရာ ငါးလုံးရေးသားကာ မှတ်တမ်းတင်ထားသည်။ အင်္ဂလိပ်တို့က မင်းကွန်းခေါင်းလောင်းကြီးအား တန် ၈၀ ရှိသည်ဟု ခန့်မှန်းခဲ့ကြသည်။ **စာမျက်နှာ ၂၃ သို့**

ဖခင်အမည်မှန်

အထက(၁) အင်းစိန် သတ္တမတန်း (F)မှ မောင်ဉာဏ်ရဲထက်၏ ဖခင်အမည်မှန်မှာ ဦးမင်းစိုးဟန် ၈/မထန(နိုင်)၀၉၈၇၉၅ ဖြစ်ပါကြောင်း။

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ထက်နေစိုး ၁၀/ခဆန(နိုင်)၀၈၂၃၀၆ ၏ Psno-(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၅၇၀၀၂၉၃

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးခင်ဝင်း ၁၀/မလမ(နိုင်)၁၅၅၀၀၅၏ Psno-(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၅၇၀၀၂၉၃

လုံး၀(လုံး၀)မသက်ဆိုင်တော့ပါ

မစုစုလှိုင် ၈/မကန(နိုင်)၁၂၀၅၇၆ သည် မောင်ဝင်းမင်းစိုး၁၄/ဟသတ(နိုင်)၂၁၆၃၆၉ကို ၁၈-၄-၂၀၁၂ရက်မှ စတင်၍ လူမှုရေးဖောက်ပြန်မှုကြောင့် ခင်ပွန်းအဖြစ်မှ စွန့်လွှတ်ခဲ့ပြီးဖြစ်ပါသည်။ ယခုအခါတွင် မောင်ဝင်းမင်းစိုးနှင့် မစုစုလှိုင်သည် ပတ်သက်ဆက်သွယ်ခြင်း လုံး၀(လုံး၀) မရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **မစုစုလှိုင် ၈/မကန(နိုင်)၁၂၀၅၇၆**

ဆရာခန့်၏ ဝမ်းပျော့အဆီကျဆေး
အနံ့မရှိ၊ ဝမ်းမရစ် တစ်ခါသား (၂)ပြား
(မြန်မာ့ဆေးမျိုးစုံဆိုင်တိုင်းမှာမေးပါ)

ဖခင်အမည်မှန်

ကညွတ်ကွင်းမြို့ အထက(၁) နဝမတန်း(D)မှ မောင်ကောင်းလေစွ၏ ဖခင်အမည်မှန်မှာ ဦးမောင်သိုက် ၇/ဖမန(နိုင်)၀၅၉၃၀၅ဖြစ်ပါသည်။

ဦးမောင်သိုက်

ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1G/ 5347၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)

စာမျက်နှာ ၂၂ မှ

အမှန်စင်စစ်တွင်မူ ခေါင်းလောင်းကြီး၏ အလေးချိန်သည် ကြေးပိဿာ ၅၅၅၅၅ ရှိသဖြင့် ၉၀ ဒသမ ၅၂ တန်ရှိသည်။ ခေါင်းလောင်းကြီးကို တီးခတ်လိုက်လျှင် သာယာသောအသံ ထွက်ရှိပေသည်။

ကုန်းဘောင်ခေတ် မဟာရာဇဝင်တွင် မင်းကွန်းခေါင်းလောင်းကြီးကို သက္ကရာဇ် ၁၁၇၀ ပြည့်နှစ်၊ ကဆုန်လဆန်း ၅ ရက်နေ့တွင် သွန်းလုပ်ခဲ့သည်ဟု ရေးသားထားသည်။ ခေါင်းလောင်းကြီး၏ အတိုင်းအတာကို အဝ အချင်း ၃၁ တောင် ၄ သစ်၊ လုံးပတ် ၃၃ တောင် ၁ မိုက် ၄ သစ်၊ စောက် ၁၃ တောင် ၁ မိုက် ၄ သစ် ဟုဖော်ပြခဲ့သည်။ ခေတ်အတိုင်းအတာအရ အဝ(၁၆ ပေ၊ ၁ ဒသမ ၄ လက်မ)၊ လုံးပတ် (၅၀ ပေ၊ ၁ ဒသမ ၄ လက်မ) နှင့် ခေါင်းလောင်းအတွင်းပိုင်းအမြင့် (၂၀ ပေ ၃ လက်မ) ခန့်ရှိပေသည်။

မင်းကွန်းနယ်မြေတွင် ရှေးဘုရင်တို့ တည်ထားကိုးကွယ်ခဲ့ကြသောစေတီများကို ယနေ့တိုင် ဖူးတွေ့နိုင်သည်။ မြသိန်းတန်စေတီကို စစ်ကိုင်းမင်းသားက ၁၁၆၃ ခုနှစ် တန်ခူးလပြည့်နေ့တွင် တည်ထားခဲ့သည်။ ခြောက်နှစ်ကြာ တည်ခဲ့ရပြီး ၁၁၆၉ ခုနှစ်တွင် ပြီးစီးခဲ့သည်။ မြသိန်းတန်စေတီတော်အား မြင်းမိုရ်တောင်ပုံသဏ္ဌာန်ယူကာ အာလိန်ငါးဆင့်၊ တောင်ရံခုနစ်ထပ်နှင့် နတ်စောင်းတန်းများ သွယ်ကာ တည်ဆောက်ထားသည်။ စစ်ကိုင်းမင်းသားက ငွေကျပ်တစ်သိန်းတန် မြကျောက်ကို မတည်အရင်းပြုကာ တည်ခဲ့ခြင်းကြောင့် မြသိန်းတန်စေတီဟု အမည်တွင်ခဲ့သည်။ အချို့က ဆင်ဖြူတောင်ပေါ်တွင် တည်ထားသဖြင့် ဆင်ဖြူဘုရားဟုလည်း ခေါ်ဆိုကြသည်။ စစ်ကိုင်းမင်း၏ မိဖုရားကြီးသည် ဆင်ဖြူမယ်ဖြစ်သောကြောင့် အချို့ကလည်း ဆင်ဖြူမယ်ဖုရားဟု ခေါ်ကြသေးသည်။ မြသိန်းတန်စေတီတော်၏ ဘိနပ်တော်အချင်းသည် ၃၂၀ ပေခန့် ရှိသည်။

စက်တော်ရာစေတီတော်သည် မိုးမိတ်မင်းသားကြီး၏ ကြင်ရာတော်ဖြစ်သူ သီရိသုမလ္လာနန္ဒာဒေဝီ၏ ကုသိုလ်တော် ဖြစ်သည်။ စက်တော်ရာစေတီတော်သည် ဘေးနှစ်ဖက်နှင့် ရှေ့ပိုင်းကို ဖွင့်ထားပြီး စေတီတော်နောက်ပိုင်းကို ပိတ်ထားသည့် အုတ်ပြာသာဒ် တိုက်ကြီးတစ်ခုဖြစ်သည်။ စေတီတော်အတွင်းတွင် စကျင်ကျောက်ဖြင့် ထုလုပ်ထားသည့် စက်တော်ရာကို ဖူးတွေ့နိုင်သည်။ ဘုရားရှင်၏ စက်လက္ခဏာ ၁၀၈ ကွက်ကို ငါးရာ့ငါးဆယ်ဇာတ်တော်လာ ဇာတ်ကွက်များဖြင့် ဝန်းရံထုလုပ်ထားသည်။ မြတ်စွာဘုရားရှင်၏ ခြေတော်ရာအား နဂါးနှစ်ကောင်ပတ်ထားပြီး အမရပူရ ခေတ်လယ် ရှေးဟောင်းလက်ရာတစ်ခုဟု ပညာရှင်များက သတ်မှတ်ထားခဲ့ကြသည်။

ဘိုးတော်ဘုရားသည် မင်းကွန်းပုထိုးတော်ကြီး၏ ပုံစံငယ်စေတီတစ်ဆူအဖြစ် ဉာဏ်တော် ၁၅ ပေခန့်သာမြင့်သော ပုံတော်စေတီကို သက္ကရာဇ် ၁၁၅၂ ခုနှစ်တွင် တည်ထားခဲ့သည်။ နောင်တော်ကြီးစေတီဟု ဘွဲ့အမည်တွင်ပြီး ပုထိုးတော်ကြီးမပြီးစီးမီ ပုံတော်စေတီကို အနေကဇာတင်ခဲ့သည်။ ပုံတော်စေတီကို ဖူးရခြင်းဖြင့် ပုထိုးတော်ကြီး မပြိုမပျက် ပြီးဆုံးအောင် တည်ခဲ့လျှင် ဖူးတွေ့ရမည့် ပုံသွင်ကို မှန်းဆဖူးမြော်ကြရပေသည်။

မင်းကွန်း ပုထိုးတော်ကြီး၏ အရှေ့တောင်ဘက် ကိုက်သုံးရာတွင်လည်း ပါဒနက်သန် စက်တော်ရာစေတီရှိနေသည်။ သက္ကရာဇ် ၁၁၅၈ ခုနှစ်တွင် ဘိုးတော်ဘုရား အမရပူရမှ ပင့်ဆောင်လာသော စက်တော်ရာကို ပူဇော်ထားသော စေတီတော်ဖြစ်သည်။ စက်တော်ရာ စေတီတော်ကို သက္ကရာဇ် ၁၁၆၆ ခုတွင် ဧရာဝတီမြစ်ကမ်းအနီးတွင် စတင်တည်ထားခဲ့ကာ သက္ကရာဇ် ၁၁၇၃ ခုနှစ်တွင် ထီးတော်တင်လှူခဲ့သည်။ ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် ပါဒနက်သန်စေတီတော်ကို ပုဂံမင်းက သက္ကရာဇ် ၁၂၁၁ ခုနှစ်တွင် ပြန်လည်ပြုပြင်ခဲ့သည်။ ဘုရားကျောင်း အမြင့်သည် ၂၅ ပေ ၃ လက်မခန့်ရှိပြီး ပန်းခုံတော်မှ ဆပ်သွားဖူးတော်အထိ ၆၂ ပေ ၆ လက်မခန့် မြင့်သည်။

မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသသည် မြန်မာနိုင်ငံ၏ ပထမဆုံးသော ပိဋကတ်အာဂုံဆောင် ဆရာတော်အရှင်သူမြတ်တစ်ပါးဖြစ်ပြီး အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ရှိ မဒမ်တူးဆော့ ဖယောင်းရုပ်တုပြတိုက်တွင် ကမ္ဘာ့မှတ်ဉာဏ်အကောင်းဆုံးပုဂ္ဂိုလ်အဖြစ် ဆရာတော်ကြီး၏ပုံတော်ကို ထုလုပ်ပြသထား

မင်းကွန်းသို့ ရောက်ရှိလာကြသူများသည် မိုးမိတ်ကုန်းတော်သို့လည်း သွားရောက်လည်ပတ်လေ့ရှိကြသည်။ မိုးမိတ်ကုန်းတော်သည် မင်းကွန်းဆရာတော်ဟု ထင်ရှားသည့် တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ကျေးဇူးတော်ရှင်ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသနှင့် မယ်တော်ကြီး ဒေါ်မမ္မစာရီတို့၏သာသနာ့ဝန်ကို ထူးထူးချွန်ချွန် ထမ်းဆောင်ခဲ့မှုတို့ကြောင့် ထင်ရှားလာခဲ့ခြင်းဖြစ်ပေသည်။ မိုးမိတ်ကုန်းတော်ပေါ်တွင် စေတီပုထိုး၊ ကျောင်း၊ ဇရပ်စသည့် သာသနိက အဆောက်အအုံပေါင်း ၉၅ ခုရှိသည်။ မိုးမိတ်ကုန်းပေါ်ရှိ တိပိဋကနိကာယ ကျောင်းတော်သည် အထူးထင်ရှားလှသကဲ့သို့ မိုးမိတ်စေတီကိုလည်း လူသိများလှပေသည်။ မိုးမိတ်စေတီတော်သည် ဉာဏ်တော် ၁၀၉ ပေ ၆ လက်မခန့် မြင့်ပြီး ဘိုးတော်ဘုရား၏ သားတော် မဟာဓမ္မရာဇာဘွဲ့ခံ မိုးမိတ်မြို့စားက တည်ထားခဲ့သည်။

တိပိဋကနိကာယကျောင်းတော်သည် ထေရဝါဒဗုဒ္ဓသာသနာတော်တွင် ပိဋကတ်သုံးပုံ အာဂုံဆောင် အရှင်သူမြတ်များ အပါအဝင် ထင်ရှားသည့် ပရိယတ္တိ စာတတ်ပုဂ္ဂိုလ် အကျော်အမော်များစွာကို မွေးထုတ်ပေးခဲ့သည့် ဘုမိနက်သန် နေရာတစ်ခု ဖြစ်ပေသည်။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသသည် မြန်မာနိုင်ငံ၏ ပထမဆုံးသော ပိဋကတ်အာဂုံဆောင် ဆရာတော် အရှင်သူမြတ်တစ်ပါးဖြစ်ပြီး အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ရှိ မဒမ်တူးဆော့ ဖယောင်းရုပ်တုပြတိုက်တွင် ကမ္ဘာ့မှတ်ဉာဏ်အကောင်းဆုံး ပုဂ္ဂိုလ်အဖြစ် ဆရာတော်ကြီး၏ပုံတော်ကို ထုလုပ်ပြသထားပေသည်။

သမိုင်း တန်ဖိုးကြီးမားသည့် ယဉ်ကျေးမှု အမွေအနှစ်များပေါများရာ မင်းကွန်းဒေသတွင် နိုင်ငံသိ ဘိုးဘွားရိပ်သာတစ်ခုလည်း ရှိနေပေသည်။ ထိုရိပ်သာအား မြသိန်းတန်စေတီနှင့် ပုထိုးတော်ကြီးအကြားရှိ ၃ ဒသမ ၇၅ ဧက အကျယ်အဝန်းရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည်။ ဧရာဝတီမြစ်ကြီးနှင့် မင်းဝံတောင်တန်းကြီးအကြားတွင် တည်ရှိသည်။ အသက် ၇၀ ကျော် အထောက်အပံ့မဲ့ ဘိုးဘွားများကို စောင့်ရှောက်ထားသည့် မင်းကွန်းဘိုးဘွားရိပ်သာကို ၁၂၇၆ ခုနှစ်တွင် အလှူရှင် ဒေါ်ဦးဇွန်းက စတင်တည်ထောင်ဖွင့်လှစ်ခဲ့သည်။ သက္ကရာဇ် ၁၂၇၆ ခုနှစ် ပြာသိုလဆုတ် ၁၂ ရက်နေ့တွင် ကမ္ဗောဇ္ဇာန်းကျောင်းသုံးကျောင်း ဆောက်လုပ်၍ အဘိုးတစ်ဦးနှင့် အဘွားတစ်ဦးကို စတင်စောင့်ရှောက်မှုပြုခဲ့ရာမှ မင်းကွန်းလူအိုရုံအဖြစ် ထင်ရှားလာခဲ့ပေသည်။

စစ်ကိုင်းသို့ ရောက်လာကြသူတိုင်း မင်းကွန်းသို့ သွားရောက်လည်ပတ်ကြကာ မင်းကွန်း ယဉ်ကျေးမှုနယ်မြေရှိ သမိုင်းဝင်စေတီပုထိုးများ၊ အဆောက်အအုံများကို လေ့လာကြည့်ရှုကြရပေသည်။ တစ်ချိန်သောကာလက မြန်မာ့သမိုင်းစဉ်အတွင်း စစ်ကိုင်းမင်းဆက်တို့ စိုးစံခဲ့သည့် ရှေးဟောင်းနယ်မြေတစ်ခုဖြစ်သော မင်းကွန်းသည် ထင်ရှားသော ယဉ်ကျေးမှု အဆောက်အအုံများစွာဖြင့် ပြည်တွင်းပြည်ပမှ ခရီးသည်များအား အစဉ် ကြိုဆိုလျက်ရှိနေပေတော့သည်။

ပြည်တွင်းသတင်း

မူးခင်းကျဆင်းရေး အသိပညာပေးဟောပြော

ပျဉ်းမနား

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် မူးခင်းကျဆင်းရေး ပညာပေးဟောပြောပွဲကို မေ ၁ ရက်က ရန်အောင် (၂) ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်သည်။ **(အပေါ်ပုံ)**

အဆိုပါ ဟောပြောပွဲတွင် ပျဉ်းမနားမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ကျော်လွင်ဦးက အမှာစကားပြောကြားကာ သင်္ကြန်အကြိုကာလ သင်္ကြန်ကာလနှင့် သင်္ကြန် အပြီးကာလများတွင် မြို့နယ်အတွင်း မူးခင်းများမဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်ရန်နှင့် အသိပညာပေးမှုများ ဆွေးနွေးသည်။

ထို့နောက် သင်္ကြန်ကာလအတွင်း အရက်သေစာ သောက်စားမှု၊ စိတ်ကြွဆေးများသုံးစွဲမှုမရှိစေရေးနှင့် မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်သည်များကို တာဝန်ရှိသူများက ပညာပေးဆွေးနွေးကြောင်း သိရသည်။ **ကိုမျိုး(ရွှေပေါက်ကံ)**

ရေတာရှည်

မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကာလအတွင်း မူးခင်းများမဖြစ်ပွားစေရေး၊ မူးယစ်ဆေးဝါးများအန္တရာယ်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာဆောင်ရွက်ရေးအတွက် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သစ်တောကြိုးဝိုင်းဒေသ သာဂရ-ကိုးပင် ရိုးမဖြတ်ကျော်ကားလမ်း မိုင်တိုင်(၃၂)ရှိ အုတ်ဖိုကျေးရွာ၌ မေ ၄ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် အုတ်ဖိုကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးကျော်ရွှေက နှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဉာဏ်ဝင်းက သင်္ကြန်ကာလအတွင်း မူးယစ်သောက်စားခြင်းကြောင့် မူးခင်းများမဖြစ်ပွားစေရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မူးယစ်ဆေးဝါးအန္တရာယ်၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးများကို ရှင်းလင်းဟောပြောခဲ့သည်။

ကိုလွင်(ဆွာ)

ရေနံချောင်း

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်တွင် သင်္ကြန်ကာလအတွင်း မူးခင်းကြိုတင်ကာကွယ်ရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအသိပညာပေးဟောပြောပွဲကို မေ ၃ ရက်က မြို့မတောင်ရပ်ကွက် ရှစ်မျက်နှာဆုတောင်းပြည့်ဓမ္မာရုံ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ရေနံချောင်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်ခိုင်က သင်္ကြန်ကာလအတွင်း ဖြစ်ပွားတတ်သော မူးခင်းများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာစေရေးအကြောင်းများကို ပရိဂျက်တာဖြင့် အသိပညာပေးရှင်းလင်းခြင်းနှင့် စိတ်ကြွစေသော ဆေးဝါးများသုံးစွဲ ရောင်းဝယ်မှုမရှိစေရေးအတွက် ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

ငြိမ်းငြိမ်းအိ



[illegible]

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၇) မြေကွက်အမှတ်(၄)ဓ[၃]-D[၁]၊ ဧရိယာ ၀ ဒသမ ၁၁၅ ဧကရှိမြေကွက် (အမှတ်-၁၊ ကုန်းမြင့်ရိပ်သာ၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်)ဟု ခေါ်တွင်သော မြေကွက်နှင့်စပ်လျဉ်းသမျှ အပြန်အလှန် ကျေအေးရပ်သိမ်းခြင်း

အထက်ခေါင်းစဉ်ပါ မြေကွက်နှင့်စပ်လျဉ်း၍ မြေကွက်ရောင်းသူ ဒေါ်သီတာမြင့်၊ ဒေါ်နီလာမြင့်နှင့် မြေကွက်ဝယ်ယူသူ ဦးမောင်မောင်သန်း၊ ဦးအောင်သူရထွန်း(ဦးမောင်မောင်သန်း၏ ကိုယ်စားလှယ်)၊ ဦးချစ်စိုး၊ ဦးကျော်ကျော်မိုးတို့ ယင်းမြေကွက်အရောင်း အဝယ်ကိုအကြောင်းပြု၍ ပေါ်ပေါက်လာသောပြစ်မှုများ၊ တရားမမှုများအားလုံး နှစ်ဖက်အကျေအလည်ညှိနှိုင်းကာ လွတ်လပ်သောသဘော ဆန္ဒအသီးသီးအလျောက် အပြီးအပြတ်ရပ်သိမ်းရန် သဘောတူညီပြီးဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

နှစ်ဖက်အမှုသည်များ

(ဒေါ်သီတာမြင့် ပါ-၂)(ဦးအောင်သူရ ထွန်းကိုယ်တိုင်နှင့် ဦးမောင်မောင်သန်း ပါ-၃ အတွက် ကိုယ်စားလှယ်စာရသူ)

ကြော်ငြာ

telenor
အားလုံးပိုရမယ့်
တယ်လီနော
သင်္ကြန် လက်ဆောင်
ပရိုမိုးရှင်းကာလဖြစ်သော ၈ရက် မှ ၁၀ရက် ဧပြီလအတွင်း အရယူကြရအောင်
၃၀၀၀ကျပ်/- ငွေဖြည့်
၆၀၀ကျပ်/ အပိုသုံးစွဲခွင့်
၅၀၀၀ကျပ်/- ငွေဖြည့်
၁၅၀၀ကျပ်/ အပိုသုံးစွဲခွင့်
၁၀၀၀၀ကျပ်/- ငွေဖြည့်
၅၀၀၀ကျပ်/ အပိုသုံးစွဲခွင့်
ဒီနှစ်သင်္ကြန်မှာ ပို..ပိုပြီး ဆက်သွယ်နိုင်ပါပြီ
အပိုသုံးစွဲခွင့်ကို မိမိနှစ်သက်ရာ ဖုန်းခေါ်ဆိုခြင်း၊ မက်ဆေ့(ချ်)၊ အင်တာနက်တို့ကို အသုံးပြုနိုင်ပါသည်။
ဧပြီ (၈) ရက်မှ (၁၀) ရက်နေ့အထိ ငွေဖြည့်ခြင်းများအတွက် အပိုသုံးစွဲခွင့် ရရှိပါမည်။ အပိုသုံးစွဲခွင့်ကို ငွေဖြည့်ပြီး (၁၀) ရက်အတွင်း သုံးစွဲနိုင်ပါသည်။
တယ်လီနော သင်္ကြန်လက်ဆောင်ကို အသေးစိတ်သိရှိလိုပါက www.facebook.com/TelenorMyanmar တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကြော်ငြာ

APEX Airlines
The Smart Way to Fly

SPECIAL SMART PACKAGE
Nay Pyi Taw

Inclusive:
- Return Airfare
- Hotel with Breakfast
- Airport Transfer

from 100,000 Ks
USD 100

Starting From
7th April 2015

APEX Airline Public Company Limited
Ground Floor, Seasons of Yangon International Airport Hotel,Mingalardon Township (11021), Yangon, Myanmar.
Tel : 95 - 1 - 53 3300-311 Fax : 95 - 1 - 53 3312
Email : tro@apexairline.com, smkto@apexairline.com
Website : www.apexairline.com

Book Online: www.apexairline.com

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ရွှေမော်ဓော (နေ့စဉ်)
ရွှေဆောင် (နေ့စဉ်)

POSSIBLE TRAVELS & TOURS
April-11,17
April-12,17
April-12,17
April-12
April-12,17
Scania ကား | 3* Hotel | Restaurant
Ph: 01-706716, 01-372795, 09-250790919, 09-259257823

☎ 09 730 77711, ☎ 01 682844
☎ 09 730 77722, ☎ 01 682944

၁၁ - ကြိမ်မြောက် ပညာဒါန အခမဲ့ ကွန်ပျူတာသင်တန်းများ
Windows, Microsoft Office, PageMaker, CorelDraw, E-mail, Internet, Adobe Photoshop, Adobe Illustrator, Adobe InDesign, A+Hardware
ပညာဒါန အခမဲ့ အင်္ဂလိပ်စာသင်တန်းများ
Basic English Level I, II, English 4 Skills, IELTS(Preparation Course) Grammar Foundation, English for Business
၁၁ - ကြိမ်မြောက် ပညာဒါန အခမဲ့ ဓာတ်ပုံသင်တန်းများ
၂၈ - ၄ - ၂၀၁၅ သင်တန်းဖွင့်မည်။ လူမျိုး၊ ဘာသာမရွေးတက်ရောက်သင်ယူနိုင်သည်။
သင်တန်းတည်နေရာ
ဖုန်း- ၅၇၇၄၇၃၊ ၈၅၅၁၁၉၁၊ ၀၉ ၇၃၁၃၇၅၄၇၂

Get Packing Sale
Yangon ✈
Jakarta (via Singapore) USD 113
Singapore (direct) USD 69 Melbourne (via Singapore) USD 205
Fares are economy Starter fares with 7kg carry-on baggage only. Seats are subject to availability and may not be available on all flights or days. **Sale starts today (10am) and ends 13 April 2015 (11:59pm), unless sold out prior.** Sale may be extended. Conditions apply.
Please visit Jetstar.com, your local agent or call +959 4211 6661, +959 4211 6662, +959 4211 6663 to book these fares.

jetstar.com
Jetstar

Fares quoted are one way, inclusive of tax. Other conditions apply, including Jetstar's Conditions of Carriage. Jetstar Asia Airways Pte Ltd.

ကြော်ငြာ

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ရုံးသုံးစက်ကိရိယာများ
(ခ) လုပ်ငန်းသုံးပစ္စည်းများ
(ဂ) ရုံးအသုံးအဆောင်ပစ္စည်းများ

၂။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၃၀-၄-၂၀၁၅ရက်၊ ၁၆း၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို အောက်ဖော်ပြပါဌာနများတွင် ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုလည်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
ရုံးအမှတ်(၂၉)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၅၃၆၂၊ ၀၆၇-၄၀၅၀၉၉
သံသုမာလမ်း၊ မြင်သာ၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၅၇၃၁၀၆၊ ၀၁-၅၇၀၉၃၅၊ ၀၁-၅၇၃၁၀၇

စက်မှုဝန်ကြီးဌာန
မြန်မာ့ဆေးဝါးလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်း ကြီးကြပ်မှုအတွင်းရှိ အောက်ဖော်ပြပါ စက်ရုံများအတွက် စက်ပစ္စည်းများအား (CIF, YGN) နိုင်ငံခြားငွေ (US$) (သို့မဟုတ်) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	တည်နေရာ	အရေအတွက်
(က)	ဆေးဝါးစက်ရုံ(အင်းစိန်)	(၆၅) မျိုး
(ခ)	ဆေးဝါးစက်ရုံခွဲ (ရွာသာကြီး)	(၃၃) မျိုး
(ဂ)	ဆေးဝါးစက်ရုံ (အင်ရောင်း)	(၂၂) မျိုး
(ဃ)	မြင်းနှင့်သိုးမွေးမြူရေးဌာန (ဟဲဟိုး)	(၃) မျိုး

တင်ဒါစတင်ရောင်းချမည့်ရက် - ၈-၄-၂၀၁၅ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၅-၅-၂၀၁၅ ရက် ညနေ ၁၆း၀၀ နာရီ
တင်ဒါပေးသွင်းရမည့်နေရာ - ဒုတိယဝန်ကြီးရုံးခန်း၊ ရုံးအမှတ် (၃၇) စက်မှုဝန်ကြီးဌာန၊ နေပြည်တော်

၂။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များ ဝယ်ယူလိုသည့်စက်ပစ္စည်းများ၏ အမျိုးအမည်နှင့် (Technical Specification) များ၊ အသေးစိတ်အချက်အလက်များနှင့် ပတ်သက်၍ အောက်ပါဌာနများတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်)
ရုံးအမှတ် (၃၇)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၂၇၅၊ ၄၀၈၂၇၆၊
ဆေးဝါးစက်ရုံ (အင်းစိန်) ဖုန်း-၀၁-၆၄၆၂၇၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
နေပြည်တော်
ဒေသန္တရရေနံချက်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ရန်အတွက် အဆိုပြုလွှာများ ခေါ်ယူခြင်း

၁။ ဒေသန္တရရေနံချက်လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်လိုသူ နိုင်ငံသား (သို့မဟုတ်) နိုင်ငံသားပိုင် အဖွဲ့အစည်းများသည် အောက်ပါအချက်များဖော်ပြ၍ စွမ်းအင်ဝန်ကြီးဌာနသို့ လိပ်မူ၍ လျှောက်ထားနိုင်ပါသည်-

(က) လျှောက်ထားသူ၏အမည်၊ အဖအမည်၊ နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်၊ ဆက်သွယ်ရမည့်နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်၊
(ခ) သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာ၊
(ဂ) ဒေသန္တရရေနံချက်လုပ်ခြင်းလုပ်ငန်း တည်နေရာ၊ ပိုင်ဆိုင်မှုအထောက်အထား၊
(ဃ) ၄င်းလုပ်ငန်း၏ ၂၄နာရီလျှင် ချက်လုပ်နိုင်မည့် အနည်းဆုံး ရေနံစိမ်းဂါလန် ၁၀၀၀မှ အများဆုံး ဂါလန် ၂၅၀၀အတွင်းရှိသည့် ချက်လုပ်မှုစွမ်းရည် (Design Capacity)၊ ချက်လုပ်မည့်နည်းစဉ်၊ အသေးစိတ်ဒီဇိုင်းပုံစံ၊ ၄င်း၏အကွက်ချပုံ(Layout Plan)၊ ထွက်ရှိမည့် ချက်ဆီအမျိုးအစားနှင့်ပမာဏ၊ အသုံးပြုမည့် လောင်စာဆီအမျိုးအစား၊
(င) ဤလုပ်ငန်းဆောင်ရွက်ရန်ကုန်ကြမ်း (ရေနံစိမ်း)ကို တရားဝင်လက်ယက်တွင်း လုပ်ကိုင်ခွင့်ရရှိသူထံမှသာ ရယူရမည်ဖြစ်ပြီး ၄င်းကုန်ကြမ်းရယူမည့် လက်ယက်တွင်း၊ ဒေသနှင့် ပမာဏ၊ ကုန်ကြမ်းနှင့် ကုန်ချောသိုလှောင်ကန်အမျိုးအစား၊ ကုန်ချောဖြန့်ဖြူးမည့် အစီအစဉ်နှင့်ဒေသ၊

၂။ ဒေသန္တရရေနံချက်လုပ်ခြင်းလုပ်ငန်း၏ လောင်စာသုံးစွဲခြင်း၊ဘေးထွက်ပစ္စည်း၊ စွန့်ပစ်ပစ္စည်းများကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးနှင့် မီးဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် တည်ဆဲပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ ညွှန်ကြားချက်များနှင့်အညီ စီမံဆောင်ရွက်ရမည်။

၃။ မိမိပိုင်ဒေသန္တရရေနံချက်လုပ်ခြင်းလုပ်ငန်းမှ ထွက်ရှိသည့် ချက်ဆီများသိုလှောင်ခြင်း၊ သယ်ယူခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းတို့နှင့် ပတ်သက်၍ စွမ်းအင်ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့၏ သတ်မှတ်သည့် စည်းကမ်းများနှင့်အညီဆောင်ရွက်ရမည်။

၄။ အထက်ဖော်ပြပါသတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိ/မရှိစွမ်းအင်ဝန်ကြီးဌာန၊သတ္တုတွင်းဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များပါဝင်သောအဖွဲ့ဖြင့် စိစစ်၍ ဒေသန္တရရေနံချက်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်ခွင့်(လိုင်စင်)အားထုတ်ပေးရေး ဆောင်ရွက်မည်။ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါလိပ်စာတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူးရုံး၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊
ရုံးအမှတ် (၄၄)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၁၀၅၀

၅။ လျှောက်ထားသူများအနေဖြင့် အဆိုပြုလွှာများကို အောက်ဖော်ပြပါလိပ်စာသို့လိပ်မူ၍ ပေးပို့တင်ပြရန် ဖြစ်ပါသည်-

စွမ်းအင်ဝန်ကြီးဌာန
ရုံးအမှတ် (၆)၊ နေပြည်တော်

စွမ်းအင်ဝန်ကြီးဌာန
ရုံးအမှတ်(၆)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၀၆၀

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ အောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

(က) Student Registration and Management Software
(ခ) ဓာတ်ခွဲခန်းသုံးပစ္စည်း(၁၉)မျိုး
(ဂ) လယ်ယာသုံးပစ္စည်းများ
(ဃ) စက်နှင့်စက်ပစ္စည်းများ

၂။ တင်ဒါပိတ်မည့်ရက်မှာ ၈-၅-၂၀၁၅ ရက်(သောကြာနေ့)၁၆း၀၀ နာရီဖြစ်ပါသည်။
၃။ တင်ဒါပုံစံများအား ငွေစာရင်းဌာနတွင် ကြော်ငြာပါသည့်ရက်မှစ၍ ဝယ်ယူနိုင်ပါသည်။
၄။ တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက အမှတ်စဉ်- ၁(က) အတွက် သတင်းအချက်အလက်နှင့်နည်းပညာဌာန၊ ဖုန်း-၀၉-၃၁၄၉၂၂၃၈ နှင့် အမှတ်စဉ်- ၁၊ (ခ)၊ (ဂ)နှင့်(ဃ)အတွက် ငွေစာရင်းဌာန ဖုန်း-၀၆၇-၄၁၆၆၈၆ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ အောက်ဖော်ပြပါ လုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

(က) စာသင်ခန်းမကြီး (၄)ဆောင်အဆင့်မြှင့်တင်ခြင်း
(ခ) ပါမောက္ခချုပ်ရုံးတိုးချဲ့ဆောင် RCC(၃)ထပ် - (၈၀'×၃၀'×၃၆') -(၁)လုံး
(ဂ) နိုင်ငံခြားသားဧည့်ရိပ်သာ RCC(၂)ထပ် - (၂၁၄'×၄၀'×၂၆') -(၁)လုံး

၂။ တင်ဒါပိတ်မည့်ရက်မှာ ၈-၅-၂၀၁၅ ရက် (သောကြာနေ့) ၁၆း၀၀ နာရီဖြစ်ပါသည်။
၃။ တင်ဒါပုံစံများအား ငွေစာရင်းဌာနတွင် ကြော်ငြာပါသည့်ရက်မှစ၍ ဝယ်ယူနိုင်ပါသည်။
၄။ တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဤတက္ကသိုလ်၏ နယ်မြေအင်ဂျင်နီယာဌာန၊ ဖုန်း-၀၉-၄၉၂၀၁၀၅၁သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်
ဆိုင်ခန်းငှားရမ်းခွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်၏ (၂၄ပေ × ၂၈ပေအကျယ်) စားသောက်ဆိုင် (၁၆)ဆိုင်နှင့် (၁၂ပေ × ၂၈ပေအကျယ်) မိတ္တူဆိုင်(၄)ဆိုင်တို့အား ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက် ဆိုင်ခန်းငှားရမ်းခွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ **လျှောက်လွှာစတင်ရောင်းချရက်မှာ** ၇-၄-၂၀၁၅ ဖြစ်ပါသည်။
၃။ **လျှောက်လွှာတင်သွင်းရန် နောက်ဆုံးရက်မှာ** ၁၀-၄-၂၀၁၅ ရက် ညနေ ၃း၀၀ နာရီအထိ ဖြစ်ပါသည်။
၄။ အသေးစိတ်သိရှိလိုလျှင် ဖုန်း-၀၉-၂၅၀၀၇၃၉၉၇ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဆိုင်ခန်းတင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန၊ ဇာတ်ကားအဆင့်အတန်းသတ်မှတ်ရေး စိစစ်အကဲဖြတ်အဖွဲ့တွင် အသုံးပြုရန်အတွက် ဆင်ဆာလက်မှတ်အသေး(Sticker) (၁.၅"× ၁.၂") အရွယ်အစားဆင်ဆာလက်မှတ်(Sticker)ခုရေ (၁၆၈၀၀၀၀) (တစ်ရာခြောက်ဆယ့်ရှစ်သိန်းတိတိ)ကို ပြုလုပ်တင်သွင်းရန်အတွက် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

၂။ တင်ဒါတင်သွင်းရမည့်အစီအစဉ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) **တင်ဒါပုံစံထုတ်ယူရမည့်ရက်** - ၈-၄-၂၀၁၅ ရက်မှ ၁-၅-၂၀၁၅ ရက်အထိ ရုံးချိန်အတွင်း ထုတ်ယူနိုင်ပါသည်။
(ခ) **တင်ဒါတင်သွင်းရန်နေရာ** - မြန်မာ့ရုပ်ရှင်မြှင့်တင်ရေး ဦးစီးဌာန၊ အမှတ်(၂၈)၊ ကုက္ကိုင်းရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
(ဂ) **တင်ဒါတင်သွင်းရမည့်ရက်** - ၄-၅-၂၀၁၅ရက် နံနက် ၁၀ နာရီမှ မွန်းတည့်၁၂နာရီအတွင်း မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန၊ အမှတ်(၂၈)၊ ကုက္ကိုင်းရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ရှိ အိတ်ဖွင့်တင်ဒါ အဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက မြန်မာ့ရုပ်ရှင်မြှင့်တင်ရေး ဦးစီးဌာန၊ ဖုန်း- ၀၁-၅၃၅၂၄၂၊ ၀၁-၅၃၅၀၀၄တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါရွေးချယ်ရေးအဖွဲ့

စက်မှုဝန်ကြီးဌာန
မြန်မာ့ဆေးဝါးလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်းကြီးကြပ်မှုအတွင်းရှိ အောက်ဖော်ပြပါ စက်ရုံများအတွက် ဆောက်လုပ်ရေးလုပ်ငန်းများအား ဆောင်ရွက်မည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

စဉ်	တည်နေရာ	လုပ်ငန်းအရေအတွက်
(က)	ဆေးဝါးစက်ရုံ(အင်းစိန်)	(၁၀) မျိုး
(ခ)	ဆေးဝါးစက်ရုံခွဲ (ရွာသာကြီး)	(၁) မျိုး
(ဂ)	ဆေးဝါးကုန်ကြမ်းစက်ရုံခွဲ (မှော်ဘီ)	(၄) မျိုး
(ဃ)	မြင်းနှင့်သိုးမွေးမြူရေးဌာန (ဟဲဟိုး)	(၄) မျိုး

တင်ဒါစတင်ရောင်းချမည့်ရက် - ၈-၄-၂၀၁၅ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၅-၅-၂၀၁၅ ရက် ညနေ ၄း၀၀ နာရီ
တင်ဒါပေးသွင်းရမည့်နေရာ - ဒုတိယဝန်ကြီးရုံးခန်း၊ ရုံးအမှတ် (၃၇)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်

၂။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းများ၏ အသေးစိတ်အချက်အလက်များနှင့် ပတ်သက်၍ အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါသည်။

စီမံရေးဌာန
မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်)
ရုံးအမှတ် (၃၇)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၃၇၀၊ ၄၀၈၂၇၅၊ ၄၀၈၂၇၆၊ ဆေးဝါးစက်ရုံ (အင်းစိန်) ဖုန်း-၀၁-၆၄၆၂၇၄

အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ် (၂၆) အကြီးစားစက်ရုံ (သာဂရ)၏ ထုတ်လုပ်မှုလုပ်ငန်းများတွင် အသုံးပြုရန် အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	အမျိုးအစား	အရေအတွက်
(က)	Engine	၃၀ လုံး
(ခ)	Raw Material	၉ မျိုး
(ဂ)	Standard Parts & Auxiliary Parts	၁၅ မျိုး
(ဃ)	ပိတ်စ (ရှမ္ပိုင်းအထူ/Navy Blue)	၁ မျိုး

၂။ တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၇-၄-၂၀၁၅ ရက်မှ ၃၀-၄-၂၀၁၅ရက် စတင်၍ အောက်ပါလိပ်စာများတွင် ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်-

အမှတ်(၂၆) အကြီးစားစက်ရုံ(သာဂရ)၊ ရေတာရှည်မြို့နယ်
ဖုန်း-၀၆၇-၈၄၃၀၀၀၉၊ ၀၆၇-၈၄၃၀၀၀၇၊ ၀၉-၄၀၃၇၂၀၇၈၄၊ ၀၉-၄၂၈၀၀၂၅၄၁

ပဲခူးတိုင်းဒေသကြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
ပဲခူးခရိုင်
အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ပဲခူးခရိုင်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရမည့် လမ်းတံတားလုပ်ငန်းများတွင် အသုံးပြုရန်အတွက် လိုအပ်လျက်ရှိသော လမ်းခင်းကျောက်ရွယ်စုံနှင့် အထွေထွေလုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါလျှောက်လွှာတင်သွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

တင်ဒါပိတ်မည့်ရက်၊ အချိန် - ၂၈-၄-၂၀၁၅ ရက် (အင်္ဂါနေ့) ၁၆း၀၀ နာရီ
တင်ဒါရွေးချယ်မည့်ရက်၊ အချိန် - ၃၀-၄-၂၀၁၅ ရက် (ကြာသပတေးနေ့) နံနက် ၉း၀၀ နာရီ
တင်ဒါရွေးချယ်မည့်နေရာ - ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ပဲခူးခရိုင်၊ ပဲခူးမြို့

တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပဲခူးခရိုင်၊ ပဲခူးမြို့တွင် ၇-၄-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်ဝယ်ယူတင်သွင်းနိုင်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
ပဲခူးခရိုင်၊ ပဲခူးမြို့
ဖုန်း-၀၅၂-၂၂၂၁၄၉၄၊ ၀၅၂-၂၂၂၁၀၁၉

မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်
ဆွေးနွေးပွဲရက်ပြောင်းရွှေ့ခြင်းအား အသိပေးအကြောင်းကြားခြင်း

၃-၄-၂၀၁၅ ရက်စွဲဖြင့် ထုတ်ဝေသည့် ကြေးမုံသတင်းစာ စာမျက်နှာ (၁၂)တွင်ပါရှိသော ဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင်များ၊ အသင်းဝင်/အသင်းသားများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ပါရန် ဖိတ်ကြားခဲ့သော **မြန်မာနိုင်ငံ၌ စတော့အိတ်ချိန်းပေါ်ပေါက်လာရေးနှင့် အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းနှင့်ပတ်သက်သည့်ဆွေးနွေးပွဲကို ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့် ငွေချေးသက်သေခံလက်မှတ်ကြီးကြပ်ရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်သိမ်း**မှ ဆွေးနွေးဟောပြောမည်ဖြစ်ကြောင်းနှင့် အောက်ပါအစီအစဉ်အတိုင်း ပြောင်းရွှေ့ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်-

ကျင်းပမည့်နေ့ရက် - ၉-၄-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့)
ကျင်းပမည့်အချိန် - နံနက် ၉း၃၀ နာရီ
ကျင်းပမည့်နေရာ - မြန်မာ့ကျောက်မျက်ရတနာအရောင်းခန်းမ၊ အမှတ် (၆၈)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

ဥက္ကဋ္ဌနှင့်အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
တာမွေမြို့နယ်တရားရုံးတော်၌
၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၁၉

ဒေါ်ဝင်းကြည် (၄င်း၏အခွင့်အရ ကိုယ်စားလှယ် ဒေါ်မိုးမိုးဆင့်) **နှင့်** ဒေါ်မြိုင်

တရားလို **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်း(အထက်)ရပ်ကွက်၊ ရွှေဘိုလမ်း၊ အမှတ် (၂၀)တွင်နေထိုင်သော ဒေါ်မြိုင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ဝင်းကြည်က မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဧပြီ ၂၂ရက် (၁၃၇၇ခုနှစ် ကဆုန်လဆန်း ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် ဧပြီ ၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(ကေသီလှိုင်)
တွဲဖက်မြို့နယ်တရားသူကြီး(၂)
တာမွေမြို့နယ်တရားရုံး

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပြည်ထောင်စု/တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သည့် အောက်ဖော်ပြပါပစ္စည်းများကို မြို့နယ်အလိုက်၊ လမ်းအလိုက် လုပ်ငန်းခွင် အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအစား
၁။	ခွဲကျောက်မျိုးစုံ
၂။	သဲကြမ်း

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၉-၄-၂၀၁၅ ရက်

တင်ဒါပိတ်မည့်ရက်၊ အချိန် - ၂၇-၄-၂၀၁၅ ရက် ညနေ ၄း၃၀ နာရီ

တင်ဒါဖွင့်မည့်ရက်၊ အချိန် - ၂၈-၄-၂၀၁၅ ရက် ညနေ ၃း၀၀ နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို မုံရွာခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ခရိုင်အင်ဂျင်နီယာမှူးရုံးတွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ဖုန်း-၀၇၁-၂၁၀၁၆

ကြော်ငြာ

တောင်ပေါ်ရှုခင်းသာဟိုတယ် (ကလော)၏ နှစ်သစ်မင်္ဂလာဆုတောင်း

* ၂၀၁၅ ခုနှစ် မြန်မာမင်္ဂလာနှစ်သစ်တွင် ပြည်သူအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေရန်နှင့် ပူပြင်းတဲ့ နွေရာသီမှာ ချမ်းအေးသာယာလှပတဲ့ ရှမ်းတောင်တန်းပေါ်က တောင်ပေါ်ရှုခင်းသာဟိုတယ်(ကလော)သို့ ကြွရောက် အပန်းဖြေကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ဟိုတယ်(Booking)လုပ်ရန်-

* ရန်ကုန်(ဖုန်း) ၀၁-၂၄၂၆၇၁၊ ၀၁-၂၅၀၆၀၂၊ ၀၉-၄၂၁၀၄၁၉၉၊ ၀၉-၄၂၁၀၄၈၆၉၆

* ကလော(ဖုန်း) ၀၈၁-၅၀၂၄၆၊ ၀၈၁-၅၀၂၄၇၊ ၀၉-၄၂၈၃၂၂၀၈၊ ၀၉-၄၂၈၃၂၇၂၉

* Onlne: <www.hilltopvillakalaw.com>

* E.Mail: hilltopvillayangon@gmail.com
hilltopvillakalaw@gmail.com

မဟာသင်္ကြန်ရုံးပိတ်ရက်များအတွင်း
လမ်း(၃၀)ဆေးခန်းနှင့် ဓါတ်ခွဲခန်း
နံနက် (၈)နာရီမှ ည(၇)နာရီအထိ
ပိတ်ရက်မရှိဖွင့်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၈၊ မြေကွက်အမှတ် ၅၉၊ မြေကွက်တည်နေရာအမှတ် ၅၉၊ နဝရတ် (၁၁)လမ်း၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ် (၁) ဒေါ်လှမေ၊ (၂) ဦးမောင်ပို အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်လှမေ(မိခင်)နှင့် ဦးမောင်ပို (ဖခင်)တို့ ကွယ်လွန်သဖြင့် သမီးများဖြစ်သော (၁) ဒေါ်တင်မြ ၁၂/သကတ(နိုင်)၁၄၁၃၈၆၊ (၂) ဒေါ်ခင်စိန် ၁၂/သကတ(နိုင်)၀၅၉၉၁၇ တို့မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၃-ဘီ)(ဈေးကုန်း)၊ မြေကွက်အမှတ် (၆၄)၊ ဧရိယာ ၀ ဒသမ ၁၅၄ ဧကအနက် Portion ၀ ဒသမ ၀၃၅ ဧက၊ မြေကွက်တည်နေရာ ၁၈၀၊ မျိုးချစ်လမ်း၊ ဈေးကုန်းအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ် ဒေါ်မမကြီး (စီစီ-၀၄၅၁၁၂)အမည်ပေါက်(ဘီ)မြေအား ဒေါ်အုန်းသွင် (ဘိလစ်) ၁၂/စခန(နိုင်)၀၀၄၀၈၀ က အင်းစိန်မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၈၇/၁၄ အရ အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ပေးစေလိုမှုနှင့် ၃-(က)လျှောက်ထားပေးစေလိုမှု၏ ၇-၁၁-၂၀၁၄ ရက်စွဲပါ အမိန့်နှင့် ဒီကရီ၊ တရားမဇာရီမှုအမှတ် ၅၃/၂၀၁၄ (၂၈- ၁၁-၂၀၁၄)ရက်စွဲပါ နေ့စဉ်မှတ်တမ်း (၁-၁၂-၂၀၁၄)ရက်စွဲပါ ဘိလစ်ခန့်စာတို့ တင်ပြ၍ ၃(က)လျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုခဉပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀(က)
မန္တလေးခရိုင်တရားရုံးတော်၌
၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၁၀၅

ဦးအောင်ကိုကို **နှင့်** ဒေါ်ညွန့်ကြည်(ခ)ဒေါ်ညွန့်ညွန့်ရည်
တရားလို **တရားပြိုင်**

ဒေါ်ညွန့်ကြည်(ခ)ဒေါ်ညွန့်ညွန့်ရည် မြို့မပန်းချီရပ်၊ အိုးတော်ရပ်ကွက် (ဦးချစ်ဟန်-ဒေါ်ညွန့်ညွန့်ရည်) ချည်နှင့်ဆိုးဆေးရောင်းဝယ်ရေး၊ မင်္ဂလာလမ်း၊ မင်္ဂလာတိုက် အရှေ့ဘက်၊ အမရပူရမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးအောင်ကိုကိုက ချည်ထုပ်ဖိုးငွေ ၃၃၆၆၀၀၀၀/-နှင့် နစ်နာကြေးငွေ ၁၀၀၀၀၀၀/- အပါအဝင် စုစုပေါင်းငွေ ၃၄၆၆၀၀၀၀/- ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဧပြီ ၁၀ရက် (၁၃၇၇ခုနှစ် ကဆုန်လဆန်း ၁၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် ဧပြီ ၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ချိုချို)
ဒုတိယခရိုင်တရားသူကြီး (၆)
မန္တလေးခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုခဉပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)
မူဆယ်ခရိုင်နယ်တရားမရုံးတော်၌
၂၀၁၅ ခုနှစ် တရားမမှုအမှတ်-၄

ဒေါ်ဖန်ရွှင်စီး **နှင့်** ဦးရွှင်မြင့်ရှင်
တရားလို **တရားပြိုင်**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ (၃)ရပ်ကွက်၊ (ဈ-၄/၂၀)၊ ခိုင်ရွှေဝါလမ်း၊ ၆၁×၆၂ ကြားနေ ဦးရွှင်မြင့်ရှင် (ဘ)ဦးရွှေတဲ့ရှင် သိစေရမည်။

မူဆယ်မြို့၊ ဈေးရပ်ကွက်(ဈ/၂၅၀)၊ ခတ္တာ ၄ လမ်းနေ ဒေါ်ဖန်ရွှင်စီးက လင်မယားကွာလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဧပြီ ၃၀ ရက် မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် မတ် ၃၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်မောင်ဝင်း)
ဒုတိယခရိုင်တရားသူကြီး
မူဆယ်ခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၂၇

ဦးမြင့်အောင် **နှင့်** ဦးအေးသောင်း
တရားလို **တရားပြိုင်**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မျက်ပါးရပ်၊ အမှတ် (၁၄၆)၊ ၇၈ လမ်း၊ ၃၈×၃၉ လမ်းကြားနေ ဦးအေးသောင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးမြင့်အောင်မှ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် (လလ-၂၆)၊ ဦးပိုင် (၃၇) ဂရန်မြေကွက်နှင့်ပတ်သက်၍ တရားလို တရားဝင်ပိုင်ဆိုင်ကြောင်း၊ မြွက်ဟကြေညာပြဋ္ဌာန်းပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ (၁၃၇၇ ခုနှစ် ကဆုန်လဆန်း ၁၀ ရက်) ၂၇-၄-၂၀၁၅ရက် မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် ဧပြီ ၃ ရက်တွင် ဤရုံးတော်၏ တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝင်းဦး)
မြို့နယ်တရားသူကြီး
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

ဦးညွန့်လွင် (ဥက္ကဋ္ဌ သီဟထွန်း Co.,Ltd.)အား အသိပေးအကြောင်းကြားခြင်း

ဦးညွန့်လွင် ၁၀/ကထန(နိုင်)၀၀၈၃၇၃ (ဥက္ကဋ္ဌ သီဟထွန်း Co.,Ltd.)သည် ၁၉-၃-၂၀၁၅ ရက်တွင် ဦးကျော်စိန် (ဥက္ကဋ္ဌ United Glorious Co.,Ltd.)ထံမှ ငွေကျပ်သိန်း (၄၅၀)အား လုပ်ငန်းရရှိရန်အတွက် ရယူထားပါသည်။ လုပ်ငန်းမဖြစ်မြောက်၍ ဦးညွန့်လွင်မှ ၁-၄-၂၀၁၅ ရက်တွင် ဦးကျော်စိန်ထံသို့ (ဦးကျော်စိန်၏ ဧရာဝတီဘဏ်စာရင်း စာရင်းအမှတ်-0002101011252360) သို့ ပြန်လည်လွှဲပြောင်းပေးအပ်ပါမည်ဟု ဝန်ခံကတိပြုထားသော်လည်း ယနေ့ချိန်ထိ ပြန်လည်ပေးအပ်ခဲ့ခြင်းမရှိပါ။ အဆိုပါငွေကို ဤကြော်ငြာပါသည့်ရက်မှ ၃ ရက်အတွင်း ဦးကျော်စိန်အား ငွေသားပေးအပ်၍သော်လည်းကောင်း၊ ဦးကျော်စိန်၏ (ဧရာဝတီဘဏ်စာရင်းအမှတ်-0002101011252360)သို့လည်းကောင်း လွှဲပြောင်းပေးရမည်ဖြစ်ပါသည်။ လိုက်နာမှုမရှိပါက တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ဦးကျော်စိန် ၁၂/ကတတ(နိုင်)၀၀၁၅၅၁ ၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်ဇော် B.Sc, H.G.P, R.L, D.B.L, D.M.L	**ဒေါ်နှင်းနုစိုး LL.B**
(တရားလွှတ်တော်ရှေ့နေ)(စဉ်-၂၈၃၀)	**အထက်တန်းရှေ့နေ (စဉ်-၃၀၄၇၅)**

အမှတ် (၈၃) ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊
ဖုန်း-၀၁-၃၇၄၇၉၆၊ ၀၉-၄၉၃၃၄၁၈၆၊ ၀၉-၂၆၃၀၆၄၀၉၅

ပျောက်ဆုံးကြောင်း	ကျွန်တော် မောင်မင်းအောင် ၁၀/ခဆန(နိုင်)၀၈၂၂၂၇၏ Psno (မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၅၇၀၀၂၉၃**

ဒေါ်အုံးရီ (ဘ)ဦးဘိုးတောနှင့် အများသိစေရန်

၁၆-၁၁-၂၀၁၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ 'သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း' ကြေညာချက်ပါအချက်များသည် မှန်ကန်ခြင်းမရှိသည့်အပြင် တရားဝင်ခြင်းလည်း မရှိပါ။ သမီးဖြစ်သူ ဒေါ်တင်တင်လှိုင်(ခ)နော်ဆဲဖောသည် မိခင်ဒေါ်အုံးရီအား အဓိက ကျွေးမွေးထောက်ပံ့နေသူတစ်ဦးဖြစ်ပါသည်။ မိခင်ဒေါ်အုံးရီနှင့် မိသားစုနေထိုင်စရာမရှိ၍ ဒေါ်တင်တင်လှိုင်(ခ)နော်ဆဲဖောပိုင် ခြံမြေတွင် နေထိုင်ခွင့်ပြုထားခဲ့သည်ကို ဒေါ်အုံးရီအမည်ပြောင်း၍ အပိုင်စီးခဲ့သဖြင့် မလွှဲမရှောင်သာဘဲ တရားစွဲဆိုခဲ့ရခြင်းသာဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်တင်တင်လှိုင်(ခ)နော်ဆဲဖော ၁၂/သလန(နိုင်)၀၂၇၃၁၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ထူးထူးမြတ်	**ဦးစိုးဟန် LL.B**
အထက်တန်းရှေ့နေ	**တရားလွှတ်တော်ရှေ့နေ**
(စဉ်-၃၅၇၉၃)	**အမှတ် ၃၇၊ ဘုရားကုန်းမြို့ပြကွက်သစ်၊**
	သန်လျင်မြို့
	ဖုန်း-၀၉-၇၃၁၆၉၄၁၂၊ ၀၉-၂၅၀၀၃၃၄၉၀

ကန့်ကွက်နိုင်ပါကြောင်း

ဗိုလ်တထောင်မြို့နယ်၊ မြေတိုင်းရပ်ကွက် (9M²)၊ မြေကွက်အမှတ် (၂၊၃)၊ မြေတိုင်းရပ်ကွက်အမှတ်(9N, 9N¹)၊ မြေကွက်အမှတ် ၁၃၉အေ+၁၇၁ အေ (၁၂၊ ၁၄အေ၊ ၁၄ဘီ၊ ၁၅၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉)တို့သည် နှစ်(၆၀) မြေငှားစာချုပ်ဖြစ်ပြီး အမည်ပေါက်မှာ ဦးလင်ကမ့်စိန်(ခ)စင်းရာ(ခ)သိန်းဝင်းဖြစ်ပါသည်။ အဆိုပါမြေကွက်များအား ပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ် ၂၀၁၅ ခုနှစ် (၁၈၉၁၊ ၁၈၉၂၊ ၁၈၈၂၊ ၁၈၈၁၊ ၁၈၈၃၊ ၁၈၈၄၊ ၁၈၈၅၊ ၁၈၈၆၊ ၁၈၈၇၊ ၁၈၈၈)တို့ တင်ပြ၍ ဒေါ်သန်းစိန် ၁၂/လသန(နိုင်)၀၀၆၈၂၉ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း)အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြေတိုင်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (ရန်ကုန်သစ်)၊ မြေကွက်အမှတ် ၅၆၇၊ မြေကွက်တည်နေရာအမှတ် ၅၊ အောင်ဇေယျ ၃လမ်း၊ ရန်ကုန်သစ်ရပ်ကွက် (ဦးစံငြိမ်း-ဒေါ်ခင်လှ)အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးစံငြိမ်းကွယ်လွန်သဖြင့် ကျန်ရှိသူ အမည်ပေါက် ဒေါ်ခင်လှ ၁၂/သဃက(နိုင်)၀၈၃၆၄၃က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ/သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာ

ဒေါက်တာနိုက်တင်ဝေးလ်မိသားစု၏

[illegible]

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)
သာယာဝတီခရိုင်တရားမရုံး၌
၂၀၁၅ ခုနှစ် တရားမကြီးအမှုအမှတ်-၉

မန်နေဂျာ / မြန်မာ့စီးပွားရေးဘဏ် / နတ္တလင်းမြို့ — **နှင့်** — ၁။ ဦးမြင့်မောင် / ၂။ ဒေါ်မြင့်မြင့်စန်း

တရားလို — **တရားပြိုင်များ**

နတ္တလင်းမြို့၊ တံခွန်တိုင်မြို့သစ် (၂)လမ်း၊ သာစည်ရပ်ကွက်နေ (ယခုနေရပ်လိပ်စာမသိ) ဦးမြင့်မောင်၊ ဒေါ်မြင့်မြင့်စန်း သိစေရမည်။

သင့်အပေါ်၌ တရားလိုဘဏ်က ဘဏ်ချေးငွေကျပ် ၂၀၅၂၃၇၉၀ကျပ် စစပြေးရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဧပြီ ၃၀ ရက် (၁၃၇၇ ခုနှစ် ကဆုန်လဆန်း ၁၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် မတ် ၃၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(အောင်စိုးပိုင်)
ဒုတိယခရိုင်တရားသူကြီး
သာယာဝတီခရိုင်တရားရုံး

[illegible]

[illegible]

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မြောက်ဥက္ကလာပမြို့နယ်တရားရုံး
၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၃၈

ဒေါ်ခင်မာဝေ — **နှင့်** — ၁။ ဦးလှမြင့် / ၂။ ဒေါ်ခင်စန်း

တရားလို — **တရားပြိုင်များ**

အထက်ပါအမှုမှ တရားပြိုင်များဖြစ်ကြသော ၁။ ဦးလှမြင့်၊ ၂။ ဒေါ်ခင်စန်း၊ အမှတ် ၄၄၊ ဥဒ္ဒေနာ (၃)လမ်း၊ (၈)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ် တရားလို ဒေါ်ခင်မာဝေက မြေကွက်နှင့်နေအိမ် အရောင်းအဝယ်စာချုပ်ချုပ်ဆိုမှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဧပြီ ၃၀ ရက် (၁၃၇၇ ခုနှစ် ကဆုန်လဆန်း ၁၃ ရက်) နံနက် ၁၀ နာရီတွင် တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်တကွ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် ဧပြီ ၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဇော်ဇော်သန်း)
တွဲဖက်မြို့နယ်တရားသူကြီး (၂)
မြောက်ဥက္ကလာပမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် သကမ-၁၇၊ မြေကွက်အမှတ် ၁၂၉၉/က၊ မြေကွက်တည်နေရာအမှတ် ၁၂၉၉/က၊ အနော်ရထာလမ်း၊ (၂၀)ရပ်ကွက်၊ လှိုင်သာယာ ဦးနေဝင်းအမည်ပေါက် နှစ် ၆၀ မြေငှားစာချုပ် (ဂရန်)မြေအား အမည်ပေါက် ဦးနေဝင်းထံမှ SP အမှတ်-၃၂၉၆၄/၁၄ (၁၉-၁၂-၂၀၁၄)ဖြင့်ရရှိသူ ဦးအေးလှိုင် ၁၂/ဗတထ(နိုင်)၀၀၅၇၇၆ မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် နှစ် ၆၀ မြေငှားစာချုပ် (ဂရန်)၊ ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာ၊ ၂၀၀၈ အရောင်းမြေပုံကူးလျှောက်ထားခဲ့သော်လည်း ထုတ်ယူခဲ့ခြင်းမရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာပေါ်ပေါက်လာပါက တာဝန်ယူဖြေရှင်းမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြစာနှင့်အတူ တရားရုံးကျမ်းကျိန်လွှာတင်ပြ၍ အရောင်းစာချုပ်ရန် မြေပုံမြေရာဇဝင်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

အများသိစေရန်ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၂)၊ (၁၂) ညံတော၊ မန္တလေး-လားရှိုးလမ်း၊ အမှတ် (၁၅၈/က)နေ ဦးခင်မောင်မြင့်နှင့် ဒေါ်တင်တင်ဝင်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ အကွက်အမှတ် (၂၈)၊ သုမင်္ဂလာရပ်၊ ဦးပိုင်အမှတ်(၅၈-က)၊ မြေယာအမှတ် (109-A)၊ မြေဧရိယာ ၀ ဒသမ ၀၆၂ ဧကရှိမြေနှင့် မြေပေါ်ရှိအဆောက်အအုံအကျိုးခံစားခွင့်များအား ဂရန်အမည်ပေါက် လက်ရှိပိုင်ဆိုင်သော ဦးစိုင်းအုန်းညွှန့်နှင့် ဒေါ်နန်းအေးဟွေ့တို့မှ တာဝန်ခံရောင်းချသောကြောင့် ကျွန်ုပ်မိတ်ဆွေများက စရန်ငွေအချို့ပေးချေ၍ မြေကွက်၏ဂရန်မူရင်းနှင့် မှတ်ပုံတင်စာချုပ်မူရင်းအား လက်ရောက်ရယူပြီး အရောင်းအဝယ်ပြုလုပ်ထားပါသည်။ အထက်ပါမြေကွက်နှင့်နေအိမ်အတွက် အရောင်းအဝယ်ကိစ္စ အပြီးအပိုင်ဆောင်ရွက်ပြီး ငွေအကျေပေးချေမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိလျှင် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်သောစာရွက်စာတမ်းမူရင်းများ၊ တရားရုံးတားဝရမ်းအမိန့်ဒီကရီမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ကျွန်ုပ်မိတ်ဆွေများမှ အရောင်းအဝယ်ကိစ္စအား ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးခင်မောင်မြင့်နှင့် ဒေါ်တင်တင်ဝင်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်သာ LL.B (တရားလွှတ်တော်ရှေ့နေ)
အမှတ် (၁၂၈)၊ (၈)လမ်း၊ (၇)ကွက်၊ ပြင်ဦးလွင်မြို့၊
ဖုန်း-၀၉-၂၀၄၅၈၇၅၊ ၀၉-၇၉၂၀၄၅၈၇၅၊
၀၈၅-၂၃၂၄၁၊ ၀၉-၄၀၂၅၀၇၇၈၆

အမွေဆက်ခံရန် သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း
အကြောင်းကြားစာ
(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၌
၂၀၁၅ ခုနှစ် တရားမအထွေထွေမှုအမှတ်-၅၅

ကွယ်လွန်သူ ဒေါ်သီတာ၌ စုဆောင်းကျန်ရစ်သည့် ဘဏ်စုဆောင်း ကျန်ရစ်ငွေများအကြောင်း။

ဦးကျော်ဝင်းရှိန် — **လျှောက်ထားသူ**

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၅)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၂၁၉)တွင် နေထိုင်သူ ဦးကျော်ဝင်းရှိန်က ကွယ်လွန်သူ ဒေါ်သီတာ၏ခင်ပွန်းဖြစ်သည်ဟူ၍ အထက်ဖော်ပြပါနေရပ်နေ ၎င်းကွယ်လွန်သူ ဒေါ်သီတာမှာ ကျန်ရှိရစ်သောပစ္စည်းပိုင်နက်ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဒေါ်သီတာမှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ၂၀၁၅ ခုနှစ် ဧပြီ ၂၈ ရက် (၁၃၇၇ ခုနှစ် ကဆုန်လဆန်း ၁၁ ရက်) နံနက် ၁၀ နာရီတွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်ထားသူ ဦးကျော်ဝင်းရှိန်၏ လျှောက်ထားချက်ကို နာကြား၍ လက်မှတ်ရသင့် မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၅ ခုနှစ် ဧပြီ ၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(နှင်းသီတာ)
ခရိုင်တရားသူကြီး
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ရောင်းရန်ကြော်ငြာစာ
(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
ဖြူးမြို့နယ်တရားမရုံးတော်၌
၂၀၁၄ ခုနှစ် ဇာရီမှုအမှတ်-၄၄

ဦးကြည်စိုး — **နှင့်** — ဒေါ်တင်ဝင်း

ဒီကရီအနိုင်ရသူ — **တရားရှုံး**

ဖြူးမြို့နယ်တရားမရုံးတော်က ၂၀၁၃ခုနှစ် တရားမမှုအမှတ် ၁၀၆တွင် စရိတ်များအပါအဝင် ငွေ ၁၀၀၀၀၀၀၀/ကျပ်ကို ဒီကရီအတည်ပြုရာစာရင်း၌ ဖော်ပြထားသောပစ္စည်းများတွင် တရားရှုံးအကျိုးသက်ဆိုင်ခြင်းကို ၂၀၁၅ ခုနှစ် မေ ၁၄ ရက် (၁၃၇၇ ခုနှစ် ကဆုန်လပြည့်ကျော် ၁၂ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ပစ္စည်းတည်ရှိရာ ဖြူးမြို့နယ်၊ ဘူတာတောင်ရပ်ကွက်၊ အုပ်ချုပ်ရေးမှူးရုံးမှာ လေလံတင်ရောင်းချလိမ့်မည်။

ရောင်းချခြင်းမှာ အများပြည်သူတို့ရှေ့ လေလံတင်ရောင်း၍ ၎င်းစာရင်းတွင် ဖော်ပြပါရှိသည့်အတိုင်း အစုအပုံများပြုပြီးလျှင် ပစ္စည်းကို ရောင်းချလိမ့်မည်။ ထိုစာရင်းဖော်ပြပါရှိသည့်အတိုင်း အထက်အမည်ပါ တရားရှုံး၏ပစ္စည်းကို ရောင်းချလိမ့်မည်။ အဆိုပါပစ္စည်းပေါ်တွင် တင်ရှိသည့် ကြွေးမြီကစိပတ်တာဝန်များမှာ စုံစမ်းသိသာရာ အသီးသီးနှင့်ဆိုင်ရာတည့်တည့် ၎င်းစာရင်းတွင် ဖော်ပြပါရှိသည့်အတိုင်းဖြစ်သည်။

ရောင်းချရာတွင် အများပြည်သူတို့မှာ ကိုယ်တိုင်သော်လည်းကောင်း၊ နေရာတကျအခွင့်အရေးလွှဲအပ်သည့်ကိုယ်စားလှယ်သော်လည်းကောင်း၊ ဆွဲဝယ်စေရန်ဆင့်ဆို ကြော်ငြာလိုက်သည်။ အထက်အမည်ပါ တရားနိုင်သော်လည်းကောင်း၊ တရားနိုင်အတွက်သော်လည်းကောင်း၊ ဆွဲဝယ်သည်ကို လက်ခံမည်မဟုတ်သည်သာမက ၎င်းတို့သို့ တစ်စုံတစ်ရာရောင်းချခြင်းသည် အခွင့်အမိန့်တင်ရင်၍ အတည့်အလင်းမရမရှိလျှင် ခိုင်မာလိမ့်မည်မဟုတ် ရောင်းချရန်နောက်ထပ်စည်းကမ်းချက်များမှာ အောက်၌ဖော်ပြထားသည်။

ပစ္စည်းစာရင်း

တရားရှုံးပိုင် နေအိမ်နှင့်ခြံမြေမှာ ဖြူးမြို့၊ ဘူတာတောင်ရပ်ကွက်၊ သမတရပ် ၂လမ်း၊ (ရွှေကျောင်ဘုရားကြီးလမ်း)ပေါ်ရှိ အရှေ့ဘက်ဒေါ်ခင်ကြည်၊ အနောက်ဘက် ဦးမြင့်စိုး၊ တောင်ဘက် ဦးမြင့်လွင်၊ မြောက်ဘက်လမ်း အလားလေးရပ်အတွင်းရှိ နေအိမ်နှင့်ခြံမြေ။

ကြမ်းခင်းဈေး ကျပ် ၁၂၅ သိန်း။

ရောင်းချရန်နောက်ထပ်စည်းကမ်းချက်များ

တရားရှုံး၏အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း၊ လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုကြရန် နှိုးဆော်လိုက်သည်။ လေလံဆွဲတက်ရာ မည်မျှမည်ရွေ့တိုးတက်ရမည်ကို ရောင်းချသူအရာရှိက ဆုံးဖြတ်လိမ့်မည်။ ဆွဲတက်သည့်ငွေအတွက်နှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ မည်သူကဆွဲသည်စပ်လျဉ်း၍သော်လည်းကောင်း၊ တစ်ခုခုအငြင်းအခုံဖြစ်ပွားသည့်အချက်တွင် ၎င်းပစ္စည်းစုကို ချက်ချင်းတစ်ဖန်ပြန်၍ လေလံတင်ရောင်းလိမ့်မည်။

အများဆုံးတိုးတက်ဆွဲဝယ်ယူသူမှာ ၎င်းပစ္စည်းတစ်ခုခုကို ဆွဲဝယ်ယူသူဖြစ်ကြောင်း ပြဋ္ဌာန်းလိမ့်မည်။ သို့သော်လည်း ၎င်းလူမှာတရားဥပဒေနှင့်အညီ တိုးတက်ဝယ်ရန် အရည်အချင်းနှင့်ပြည့်စုံသူဖြစ်စေရမည့်ပြင် အမြင့်ဆုံးတိုးတက်ဆွဲဝယ်သည့်အဖိုးမှာ နည်းပါးကြောင်း ထင်ရှား၍ လက်ခံရန်မသင့်မလျော်ကြောင်း လေလံရောင်းချသူအရာရှိက သို့တည်းမဟုတ် ရုံးတော်ကထင်မြင်လျှင် လက်မခံငြင်းပယ်ရန်ရုံးတော်က သို့တည်းမဟုတ် ၎င်းအရာရှိက ချင့်ချိန်တိုင်းထွာ၍ ဆောင်ရွက်ခွင့်ရသည်။ အမိန့်နံပါတ် ၂၁၊ နည်းဥပဒေ ၆၉ပါ ပြဋ္ဌာန်းချက်များကို အမြဲအထောက်အထားပြု၍ ရောင်းချမှုကို ဆောင်ရွက်သူအရာရှိက စဉ်းစားဆင်ခြင်၍ အကြောင်းရေးမှတ်ပြီးလျှင် ရောင်းချခြင်းကို ရွှေ့ဆိုင်းခွင့်ရသည်။

မရွှေ့ပြောင်းနိုင်သည့်ပစ္စည်းဖြစ်သည့်အချက်တွင် ပစ္စည်းစုအသီးသီး၏ အဖိုးငွေကို ရောင်းချသည့်အခါတွင် ပေးချေရမည်။ သို့တည်းမဟုတ် ရောင်းချသူအရာရှိက ကိုယ်တိုင်ရောင်းချပြီးနောက် မြန်နိုင်သမျှအချိန်အခါတွင် ပေးချေရမည်။ ပေးချေမပြုပျက်ကွက်လျှင်၊ ပစ္စည်းကို ချက်ချင်းတစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။

မရွှေ့ပြောင်းနိုင်သည့်ပစ္စည်းဖြစ်သည့်အချက်တွင် ဆွဲဝယ်သူအဖြစ် ပြဋ္ဌာန်းခံရသူမှာ ရောင်းချသူအရာရှိထံသို့ ဝယ်ငွေတစ်ရာလျှင် နှစ်ဆယ်ငါးကျပ်ကျ ပေးသွင်းရမည်။ သည်ကဲ့သို့ပေးသွင်းခြင်းမပြု ပျက်ကွက်ခဲ့လျှင် ပစ္စည်းကို ချက်ချင်းတစ်ဖန်ပြန်၍ လေလံတင်ရောင်းလိမ့်မည်။

ဆွဲဝယ်သည့်ငွေအလုံးကိုဆွဲဝယ်သူက ပစ္စည်းရောင်းချသည့်နေ့ကိုပယ်၍ ပစ္စည်းကိုရောင်းပြီးနောက် ၁၅ ရက်မြောက်နေ့တွင် ရုံးမဆင်းမီပေးဆောင်ရမည်။ ၁၅ ရက်မြောက်မှာ တနင်္ဂနွေနေ့သော်လည်းကောင်း၊ အခြားရုံးပိတ်ရက်နေ့သော်လည်းကောင်းဖြစ်လျှင် ၎င်း ၁၅ ရက်မြောက်နေ့ နောက်ရုံးပထမဖွင့်သည့်နေ့တွင် ပေးဆောင်ရမည်။

အထက်ခွင့်ပြုသည့်အချိန်ကာလအတွင်း ဆွဲဝယ်ရာကျန်ငွေကို မပေးမဆောင်ပျက်ကွက်ခဲ့လျှင် ရောင်းချရန်ကြော်ငြာစာအသစ်ထုတ်ပြီးနောက် ၎င်းပစ္စည်းကို ထပ်မံရောင်းချလိမ့်မည်။ တင်ထားသည့်ကြေးငွေကိုလည်း ရောင်းချသည့်အတွက် စရိတ်များကိုပေးပြီးနောက် ရုံးတော်က သင့်သည်ထင်မြင်ခဲ့လျှင် အစိုးရမင်းသို့ ဆုံးခန်းတိုင် မပေးမဆောင် ပျက်ကွက်သူမှာ ၎င်းပစ္စည်းကိုဖြစ်စေ၊ နောက်တစ်ဖန်ရောင်းချရာရရှိသည့် ငွေတစ်စိတ်တစ်ဒေသကိုဖြစ်စေ ဆိုင်ရာဆိုင်ခွင့်အရပ်ရပ်မှ ဆုံးရှုံးစေရမည်။

၂၀၁၅ ခုနှစ် ဧပြီ ၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(လင်းအောင်သူ)
တွဲဖက်မြို့နယ်တရားသူကြီး (၁)
ဖြူးမြို့နယ်တရားရုံး

ကြော်ငြာ

[illegible]

[illegible]

LL.B, D.B.L, D.I.L, Dip.CA, WIPO   LL.B, D.B.L, D.I.L, D.M.L, WIPO

Hein Htet San Law Firm

[illegible]

ခိုင်လုံသောအထောက်အထားမူရင်းများနှင့် ကန့်ကွက်နိုင်ကြောင်း
အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (ဂ)ရပ်ကွက်၊ ကံ့ကော်မြိုင်လမ်း၊ အမှတ် ၇၄ဟု အမည်တွင်သည့် သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၈၊ မြေကွက်အမှတ် ၇/ခ၊ အကျယ်အဝန်းပေ(၁၂၀×၁၄၀) မြေကွက်ပေါ်၌ လွန်ခဲ့သော နှစ်ပေါင်း ၃၀ ခန့်က စတင်၍ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့်ဝယ်ယူနေထိုင်လျက်ရှိသူ (၁) ဦးဝင်းခိုင် ၁၂/ထတပ (နိုင်)၀၅၂၈၈၂၊ (၂) ဦးတင်လှ ၁၂/သဃက(နိုင်)၁၂၉၇၄၀နှင့်ဇနီး ဒေါ်စန်းရီ ၁၂/သဃက (နိုင်)၁၂၉၇၃၅၊ (၃) ဦးတင်စိုး ၁၂/သဃက(နိုင်)၁၂၉၇၃၉တို့၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။ ယင်းပုဂ္ဂိုလ်များမှ ၎င်းတို့လက်ဝယ်ထားရှိနေထိုင်လျက်ရှိသည့် အထက်ပါမြေကွက်ပေါ်တွင် နှစ်ခန်းတွဲ အာရ်စီ(၃)ထပ် ကန်ထရိုက်တိုက်သစ်ရှစ်လုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုချက်နှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောက်လုပ်ရန်စီစဉ်လျက်ရှိပါသည်။ အဆိုပါတိုက်သစ်များဆောက်လုပ်မှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက လက်ဝယ်ထားရှိပိုင်ဆိုင်ကြောင်း အထောက်အထားမူရင်းများ ခိုင်လုံစွာဖြင့် ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ကျွန်ုပ်တို့ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်ပြီး တရားဝင်ကန့်ကွက်မည့်သူမရှိပါက ကန်ထရိုက်တိုက်သစ်များ ဆောက်လုပ်ခြင်းလုပ်ငန်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဝင်းလှိုင်	**ဦးမောင်မောင်ဦး**
LL.B	**B.A(Q), H.G.P, R.L**
တရားလွှတ်တော်ရှေ့နေ (စဉ်-၆၀၃၅)	**တရားလွှတ်တော်ရှေ့နေ (စဉ်-၄၂၆၀)**
ဖုန်း-၀၉-၅၁၃၇၀၃၄	**ဖုန်း-၀၉-၅၁၈၂၉၈၂**

အမှတ် ၅၅၊ အခန်း ၂၂၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

[illegible]

[illegible]

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ဃ/၁၉၄၀၄ Luojia 110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခက်ခက်ထွန်း ၉/မရမ(နိုင်)၀၃၃၆၉၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြို့မမြောက်ရပ်၊ ရတနာဒီပရပ်ကွက်ရှိ မြေကွက်အမှတ်(ပ-၃၃၃၈၃)၊ ဧရိယာ ၀ဒသမ ၀၅၅ဧက ဦးစန်းမြင့်အမည်ပေါက် နှစ် ၃၀ အငှားဂရန်မြေကွက်အား နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၃၇၆/၂၀၁၅ (၁၈-၃-၂၀၁၅)ဖြင့် ဦးစန်းမြင့်၏ အထူးကိုယ်စားလှယ်ရရှိထားသူ ဒေါ်မြမြစိုး ၁၂/ဥကတ(နိုင်)၀၈၃၃၁၀ (ဘ) ဦးသောင်းညွန့်မှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် တိုက်ခန်းကို လက်ရှိအမည်ပေါက်ထံမှ အဆင့်ဆင့်ဝယ်ယူ၍ အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
၁။	ဦးစိုးနိုင်-ဦးမြင့်လွင်(ကစ) ဦးစိုးဝင်း ၅/ဘတလ(နိုင်)၀၂၅၇၂၇(မှ) ဒေါ်မြင့်မြင့်မော် ၁၀/မလမ(နိုင်)၀၉၅၄၀၀(မှ) ဦးညီညီ ၁၀/ပမန(နိုင်)၀၉၇၁၇၉(မှ) ဦးအောင်ကျော်မြင့် ၁၂/ဥကမ(နိုင်)၁၈၀၁၆၇(မှ)	ဒေါ်ရှိစီလှ K/RGN-၀၀၇၂၉၅	တိုက်(အေ-၅)၊ အခန်းအမှတ် ၅၀၆၊ ရွှေခင်းသာအဆင့်မြင့်အိမ်ရာ၊ သာကေတမြို့နယ်

ဌာနမှူး၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)

အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ အမက(၁) ဗဟန်းမြို့နယ် စတုတ္ထတန်း(က)မှ ဦးအောင်မင်း၏သား မောင်အံ့မင်းသူ၏ အမည်မှန်မှာ မောင်မျိုးသန့်ကျော် ဖြစ်ပါသည်။

ပျောက်ဆုံးကြောင်း

4E/6579 HONDA FIT (GD1) ယာဉ်နှင့်ပတ်သက်သော အရေးကြီးစာရွက်စာတမ်း ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပေးပါရန် ကျေးဇူးဆပ်ပါမည်။

ကိုကျော်စွာလင်း

ဖုန်း-၀၁-၅၀၁၃၃၄၊ ၇၃၁၃၃၆၇၃

မသက်ဆိုင်ပါကြောင်း

ကျွန်မ ဒေါ်ရွှေဇင်သန်း ၅/ခတန(နိုင်)၀၁၁၄၆၂ နှင့် ဦးသန့်နိုင်သူ ၁၂/ပဇတ(နိုင်)၀၂၆၄၀၄ တို့သည် ၂၀၀၁ခုနှစ်တွင် လက်ထပ်ပေါင်းသင်းခဲ့ရာမှ စိတ်သဘောထားချင်းမတိုက်ဆိုင်တော့ပါသဖြင့် နောက်နောင် ဦးသန့်နိုင်သူနှင့် ပတ်သက်သောကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဒေါ်ရွှေဇင်သန်း

နေ့ရာသီအခြေခံရေကူးသင်တန်း

သင်တန်းသူ သင်တန်းသားများ စတင်လက်ခံနေပါပြီ။ သင်တန်းပြီးဆုံးပါက သင်တန်းဆင်းလက်မှတ်နှင့် တီရှပ်တစ်ထည်လက်ဆောင်ပေးပါမည်။ အသင်းဝင် (Member)များလည်း လက်ခံနေပါသည်။

ရေကူးကန်+စားသောက်ဆိုင်

မြို့တော်ဂေါက်ကွင်း

ဖုန်း-၀၁-၇၀၃၅၂၄၊ ၀၉-၈၆၃၇၀၅၅

ကန့်ကွက်နိုင်ပါကြောင်း

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄ စီ၁၊ မင်းရဲကျော်စွာအိမ်ရာ)၊ မြေကွက်အမှတ် ၉၊ ဧရိယာ ၀ဒသမ ၀၆၄ဧကသည် နှစ် ၆၀ မြေငှားစာချုပ်ဖြစ်ပြီး အမည်ပေါက်မှာ ဒေါ်ကင်ကျော်ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်အိမ်အား အရောင်းအဝယ်စာချုပ် ၁၉၇၅/၂၀၁၅ တင်ပြ၍ ဒေါ်လှိုင်(ခ)ဒေါ်မြမြလှိုင် ၁၂/တမန(နိုင်)၀၆၇၁၁၂အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း)အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြေတိုင်းဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

အများသိစေရန်ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၄)၊ (၇)ကွက်၊ မန္တလေး-လားရှိုးလမ်း တိုနီစတိုးဆိုင်ပိုင်ရှင် ဒေါ်စွဲ့ဥမ္မာမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ဝက်ဝံကျေးရွာအုပ်စု၊ မြိုင်ကြီးကျေးရွာ၊ ကွင်းအမှတ်(၇၀၁)၊ ကွင်းအမည်(မြိုင်ကြီး)၊ ဦးပိုင်အမှတ်(၅၀-ဃ)၊ ရွာမြေလက်ရှိ မြေပေအကျယ်(ရှေ့မျက်နှာစာ ပေ ၁၀၀၊ အရှေ့အနောက်အရှည် ပေ ၃၀၀)ရှိမြေအား လက်ရှိပိုင်ရှင် ဦးသန်းဝေ (ဘ) ဦးသာခင်မှ တာဝန်ခံရောင်းချသောကြောင့် ဒေါ်စွဲ့ဥမ္မာမြင့်က စရန်ငွေအချို့ပေးချေ၍ အရောင်းအဝယ်ပြုလုပ်ထားပါသည်။ အထက်ပါမြေကွက်အတွက် အရောင်းအဝယ်ကိစ္စ အပြီးအပိုင်ဆောင်ရွက်ပြီး ငွေအကျေပေးချေမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိလျှင် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်သော စာရွက်စာတမ်းမူရင်းများ၊ တရားရုံး တားဝရမ်းအမိန့် ဒီကရီမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ကျွန်ုပ်မိတ်ဆွေ ဒေါ်စွဲ့ဥမ္မာမြင့်မှ အရောင်းအဝယ်ကိစ္စအား ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်စွဲ့ဥမ္မာမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်ခင်သာ (LL.B)

တရားလွှတ်တော်ရှေ့နေ

အမှတ် ၁၂၈၊ ၈ လမ်း၊ (၇)ကွက်၊ ပြင်ဦးလွင်မြို့၊

ဖုန်း-၀၉-၂၀၄၅၈၇၅၊ ၀၉-၄၀၂၅၀၇၇၈၆၊

၀၉-၇၉၂၀၄၅၈၇၅၊ ၀၈၅-၂၃၂၄၁

အသိပေးကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် FISCA Security & Communication Co.,Ltd. ကို ကုမ္ပဏီမှတ်ပုံတင်အမှတ် ၅၁ အက်ဖ်စီ/၂၀၁၂-၂၀၁၃ ဖြင့် အမှတ် ၁/ဘီ၊ အခန်း ၁၀၁၊ ပြည်လမ်း၊ ၉ မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၌ ၂၀၁၂ခုနှစ်တွင် အသစ်ဖွဲ့စည်းတည်ထောင်ထားပြီး ဖြစ်ပါသည်။ သို့ပါ၍ မိတ်ဟောင်း၊ မိတ်သစ်များအား လုပ်ငန်းများ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း ၂၂-၁၀-၂၀၁၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ထည့်သွင်းကြေညာခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ အဆိုပါကုမ္ပဏီဖြင့် လုံခြုံရေးနှင့် ဆက်သွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

စိုးပိုင်

B.Com, D.A, R.L

(အဘိဓမ္မာဂုဏ်ထူးဆောင်)

အထက်တန်းရှေ့နေ(စဉ်-၁၉၃၉၃)

အမှတ် ၁၅၈/ဘီ၊ သုံးလွှာ၊ ၃၈လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄၂၊ စိမ်းလဲ့ကန်သာအိမ်ရာ)၊ မြေကွက်အမှတ် ၁၁၀၊ ဧရိယာ ၀ဒသမ ၂၃၀ဧကသည် နှစ် ၆၀မြေငှားစာချုပ်ဖြစ်ပြီး အမည်ပေါက်မှာ ဒေါ်အင်ပွေလင်း(ခ)ဒေါ်ခင်လှ ဖြစ်ပါသည်။ အဆိုပါမြေကွက်အား ပိုင်ဆိုင်ကြောင်းကြေညာစာချုပ် ၁၉၀၅/၂၀၁၅ တင်ပြ၍ ဦးခင်မောင် ၁၃/တကန(နိုင်)၁၄၆၇၄၁ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း) အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြေတိုင်းဌာနခွဲ

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

[illegible]

ကြော်ငြာ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

[illegible]

အများသိသာရန်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၄)ရပ်ကွက်၊ (၈)မိုင်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မြိုင်ဟေဝန်ဥယျာဉ် စုပေါင်းအိမ်ရာစခန်း ပထမထပ်၊ တိုက်(၇)၊ အခန်းအမှတ် (၁၀၄)၊ အကျယ်အဝန်း (၇၄၀စတုရန်းပေ)ရှိ တိုက်ခန်းနေထိုင်ခွင့်ပြုမိန့်အမည်ပေါက် ဗိုလ်မှူးလေးမြင့်၊ ဒေါ်စိုးစိုးမာ စာရွက်သည် အဆိုပါတိုက်ခန်းနောက်ဆုံး လက်ရောက်ဝယ်ယူပိုင်ဆိုင်နေသူ ကျွန်ုပ်မိတ်ဆွေဦးလှမြင့် (ခ)ဦးအကောက်ထံမှ အထားအသိုများယွင်းပြီး ပျောက်ဆုံးသွားပါသဖြင့် နေထိုင်ခွင့်စာရွက်စာတမ်းမိတ္တူမှန်ကို ယခုအခါ ရန်ကုန်မြို့ မြို့ရွာအိုးအိမ်ဦးစီးဌာန၊ စီမံကိန်းဌာနခွဲတွင် လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများ ဤကြော်ငြာပါ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ရန်အတွက် အများသိသာရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မြတ်မြတ်စိုး(စဉ်-၇၄၆၇)
တရားလွှတ်တော်ရှေ့နေ
ဖုန်း-၀၉-၂၅၄၂၁၄၄၂၉၊ ၀၉-၄၉၃၀၅၅၀၃

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ပိဋကတ်သုံးပုံဒါယိကာမကြီး

ဒေါ်ခင်မြမြ ဂန္ဓမာလာမိသားစု

အသက်(၉၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်၊ ဦးဝိစ္ဆာလမ်း၊ အမှတ် ၁၁/ဘီ၊ ပထမထပ်(ဝဲ)နေ သမာဓိမြို့ဝန်မင်း(ဦးဖိုးလှိုင်-ဒေါ်မွေးအုံး)တို့၏သမီး၊ ဒေါ်ခင်အေး၏ညီမ၊ ဦးခင်လတ်၏အစ်မသည် ၄-၄-၂၀၁၅ရက်(စနေနေ့)ည ၈း၂၅နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၄-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ရဟန်းဒါယိကာမကြီး

ဒေါ်ခင်နွဲ့

အသက်(၆၃)နှစ်

Ayeyarwaddy Unity Logistics Co.,Ltd ၏ ဒါရိုက်တာ ဦးအေးကို-ဒေါ်သန္တာဝင်းတို့၏မိခင် ဒေါ်ခင်နွဲ့ အသက်(၆၃)နှစ်သည် ၃-၄-၂၀၁၅ရက်(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်ရှိ နေအိမ်၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒါရိုက်တာအဖွဲ့
Ayeyarwaddy Unity Logistics Co.,Ltd

ကန့်ကွက်နိုင်ပါကြောင်း

သရက်ခရိုင်၊ အောင်လံမြို့၊ ရွာထောင်ရပ်ကွက်၊ အမှတ်(၄၃)၊ တန်ဖိုးကွင်းအတွင်းရှိ ဦးပိုင်/မြေကွက်အမှတ်(က)၄၂အား ဦးမျိုးချစ်(ဗိုလ်မှူးကြီးမောင်ပါ)အမည်ဖြင့် လည်းကောင်း၊ ဦးပိုင်/မြေကွက်အမှတ်(က)၄၃အား ဦးမျိုးချစ် (ဘ)ဦးထွန်းလှိုင် အမည်ဖြင့်လည်းကောင်း၊ မြို့တိုးချဲ့ရေးနှင့် ကျုးကျော်ရှင်းလင်းရေးကော်မတီမှ ၁၉၉၅ခု၊ ဇွန် ၂ရက်နေ့ ရက်စွဲဖြင့် ခွင့်ပြုမိန့်အမှတ်(၆၂)(၆၃)ဖြင့် ချထားပေးခဲ့ပါသည်။ ၎င်းမြေကွက်များအား ဂရန်လျှောက်ထားရန်အတွက် မြေစာရင်းပုံစံ(၁၀၅)(၁၀၆) ရေးဆွဲခွင့်ကို မြေစာရင်းဦးစီးဌာန၊ အောင်လံမြို့သို့ လျှောက်ထားမည်ဖြစ်ပါ၍ ပုံစံထုတ်ယူခွင့်အား ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာသည့်ရက်မှ ရက်ပေါင်း ၃၀ အတွင်း ခိုင်လုံသောအထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ကြောင်းနှင့် အသိပေးကြေညာအပ်ပါသည်။

မျိုးချစ် ၁၃/ကမန(နိုင်)၀၀၆၀၁၂
ယူရီနီယမ်ဆိုင်ကယ်ပစ္စည်းဆိုင်
ပြည်လမ်း၊ ရွာထောင်ရပ်ကွက်၊ အောင်လံမြို့

အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ စိုက်မွေး(၁)ရပ်ကွက်၊ ငထင်ငယ်လမ်း၊ အိမ်အမှတ် ၂/၂/၁၄ နေ ဒေါ်ခင်အုန်းဝေ ၁၂/လကန(နိုင်) ၁၀၆၂၈၁ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ စိုက်မွေး(၁)ရပ်ကွက်၊ ဆင်ဖြူရှင်လမ်း၊ အမှတ်(၂/၄/၈) ဦးလှထွန်း HGU-098301နှင့် ဒေါ်ခင်နှင်းဝေ KTG-101302 တို့၏သမီး မခင်စန္ဒာထွန်း ၁၂/ဒဂတ(နိုင်)၀၉၀၁၃၂အား မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အမွေစားအမွေခံသမီးအဖြစ်မှ ၃-၄-၂၀၁၅ရက်မှစ၍ အပြီးအပိုင်မွေးစားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ	**လွှဲအပ်ညွှန်ကြားချက်အရ-**
ဒေါ်ခင်အုန်းဝေ	**ဒေါ်ခိုင်ညွှာဦး(LL.B, D.B.L, D.I.L, D.M.L)**
၁၂/လကန(နိုင်)၁၀၆၂၈၁	**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၄၃၂)**
	အမှတ် ၃/၅/၄၊ ဦးစလမ်း၊ စိုက်/မွေး(၁)
	ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊
	ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၅၀၀၂၀၂၇၅

(၄)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

ဦးချစ်ခင် (ပေါင်မြို့)

(ဆင်မင်း-စိန်ရွှေရတနာဆိုင်)

အသက် (၆၂)နှစ်

(၁၆-၄-၂၀၁၁)-(၁၆-၄-၂၀၁၅) သကြ်န်အတက်နေ့

မမျှော်လင့်ဘဲ ခွဲခွာသွားတာ (၄)နှစ်ပြည့်ခဲ့ပါပြီ။မိသားစုအတွက် တာဝန်ကျေပွန်ခဲ့သူဖြစ်လို့ မြင့်မြတ်တဲ့ခွဲခွာခြင်းလို့ ရင်ထဲမှာ မှတ်ယူပြီး အမြဲတမ်းလေးစားတန်ဖိုးထားနေမှာပါ။ သားတို့သမီးတို့နှင့်အတူရှိစဉ်အခါက ပြုလုပ်ခဲ့သော ကုသိုလ်ကောင်းမှုများနှင့် ယခုပြုလုပ်ဆဲ ကုသိုလ်ကောင်းမှုများကို မြင့်မြတ်၍ အေးချမ်းသောဘဝမှာ သာဓုခေါ်ဆိုနိုင်ပါစေ....

ဇနီး	**- ဒေါ်အေးမြိုင်**
သမီးကြီး	**- မအိဖြိုးဝေ**
သားကြီး	**- မောင်ဇေထက်အောင်**
သမီးလတ်	**- မရွှေဝတ်ရည်ဖြိုး**
သမီးငယ်	**- မခင်ရတနာဖြိုး**

(ဆင်မင်း-စိန်ရွှေရတနာဆိုင်မိသားစု၊ရန်ကုန်မြို့)

[illegible]

MYAT & ASSOCIATES LAW FIRM

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ထားဝယ်မြို့၊ ဆန်းချီရပ်ကွက်၊ ဆန်းချီအနောက်ကွင်း၊ ကွက်အမှတ် ၂၄၊ မြေကွက်အမှတ် ၅၈၄၊ မြေချိန်ဧရိယာ ၀ ဒသမ ၀၅၅၊ အကျယ်အဝန်း ပေ(၄၀×၆၀)မြေကွက်၏ ဂရန်မူရင်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ရှိပိုင်ဆိုင်လျက်ရှိသူ ဦးထွန်းမြင့် ၆/လလန(နိုင်)၀၆၀၇၄၃ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်လှထွေး ၆/ထဝန(နိုင်)၀၀၆၈၆၇က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံတွင် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်လှထွေး ၆/ထဝန(နိုင်)၀၀၆၈၆၇၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမျိုးတင့် LL.B
အထက်တန်းရှေ့နေ(စဉ်-၂၂၆၄၇)
အမှတ် ၇၅၊ ရေး-ထားဝယ် ကားလမ်း၊ (ဂ)ရပ်ကွက်၊ ရေဖြူမြို့၊
ဖုန်း-၀၉-၄၂၂၁၉၂၀၃၄၊ ၀၉-၂၅၀၄၆၆၉၁၆

ဒေါ်လှလှဝေ (မြိတ်မြို့)

အသက် (၆၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ငုဝါလမ်း၊ အမှတ် (၄၁/စီ)နေ (ဦးမောင်ညွှန့်-ဒေါ်ကြင်လုံ)တို့၏ သမီး၊ (ဦးမြခင်)၏ ဇနီး၊ ကိုစိုးရခင်၊ ကိုဘိုမဲ-မသီရိခင်၊ ကိုမိုးမျိုးသူ-မရီရီခင်၊ မချယ်ရီခင်၊ မဆုဆုခင်တို့၏ မိခင်သည် ၅-၄- ၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၈း၃၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၇-၄-၂၀၁၅ရက် (အင်္ဂါနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အလုံမြို့နယ်နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်တင်ကြိုင်(ခ)ဒေါ်ကြိုင်နှင့် အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေ ဦးကြည်ဝင်း ၁၂/တမန(နိုင်)၀၆၇၄၃၁ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဓမ္မစေတီလမ်း၊ အမှတ်(၁၅၃/အေ)ရှိမြေကွက်သည် ကျွန်ုပ်မိတ်ဆွေ၏ဖခင် ဦးအောင်ခင်အမည်ပေါက်မြေကွက်ဖြစ်ပြီး လက်ရှိထားပိုင်ဆိုင်ခဲ့ပါသည်။အဆိုပါမြေကွက်၏ စာရွက်စာတမ်းများမှာလည်း ဖခင်ဦးအောင်ခင် ကွယ်လွန်ပြီးနောက် ပျောက်ဆုံးသွားခဲ့ပါသည်။

ဖခင် ဦးအောင်ခင်ကွယ်လွန်ပြီးနောက်ပိုင်းတွင် အဒေါ်ဖြစ်သူ ဒေါ်တင်ကြိုင်(ခ)ဒေါ်ကြိုင်အား မေတ္တာဖြင့် နေထိုင်စေခဲ့ခြင်းသာဖြစ်ပါသည်။လွှဲပြောင်းရောင်းချခွင့်၊ ပေါင်နှံခွင့်မပြုခဲ့ပါ။ မည်သည့်ကိုယ်စားလှယ်လွှဲစာ လုပ်ပိုင်ခွင့်တစ်စုံတစ်ရာမျှလည်း မပေးအပ်ခဲ့ဘူးပါ။

သို့ဖြစ်ပါ၍ ဦးအောင်ခင်၏သား ဦးကြည်ဝင်း ၁၂/တမန(နိုင်)၀၆၇၄၃၁၏ အသိအမှတ်ပြု လက်မှတ်ရေးထိုးထားသော စာရွက်စာတမ်း မပါရှိဘဲ အထက်ပါခြံမြေနှင့်စပ်လျဉ်း၍ ဆောင်ရွက်ချက်ကိုလည်း ကျွန်ုပ်၏မိတ်ဆွေဦးကြည်ဝင်းမှ လုံးဝတာဝန်မယူကြောင်း အသိအမှတ်မပြုကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကြည်ဝင်း ၁၂/တမန(နိုင်)၀၆၇၄၃၁၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဇင်မာမြင့် (စဉ်-၃၃၃၉၆)
LL.B, D.B.L
အထက်တန်းရှေ့နေ
အမှတ် (၄၃)၊ သတိပဋ္ဌာန်လမ်း၊ မလွကုန်းဈေးကွယ်ကရပ်ကွက်၊ တာမွေမြို့နယ်၊
ဖုန်း-၀၉-၇၃၀၈၁၂၃၁

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးခင်မောင်လွင်

BE-Civil

အသက်(၅၄)နှစ်

ဒေါ်နီလာမြင့်(မြန်မာ့ရှေ့ဆောင်ဘဏ်)၏ခင်ပွန်း၊ မောင်အောင်ခန့်ကျော်၏ဖခင်သည် ၄-၄-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဥက္ကဋ္ဌ၊ ဒါရိုက်တာအဖွဲ့နှင့်
မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်ဝန်ထမ်းများ

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၂ယ/၈၁၄၄၄ ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းနိုင် ၉/ပသန(နိုင်) ၀၁၀၇၃၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရမည်းသင်း)

ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်၁၀/D(ရွာမ)၊မြေကွက်အမှတ် ၁၁/ဃ၊ ဧရိယာ ၀ ဒသမ ၂၃၅ ဧက၊ မြေကွက်တည်နေရာအမှတ် ၅၅၅၊ပဏ္ဍိတလမ်း၊ ရွာမအရှေ့ရပ်ကွက်၊ အင်းစိန် ဦးကျော်သန်းနှင့် ဒေါ်အုံးကြည် အမည်ပေါက် B မြေပိုင်မြေအား အမည်ပေါက် ဦးကျော်သန်းနှင့် ဒေါ်အုံးကြည်တို့ကွယ်လွန်သဖြင့် ဒေါ်လှလှဝင်း ၈/ခမန(နိုင်)၀၀၆၇၆၉က တစ်ဦးတည်းသောသမီး တော်စပ်ကြောင်း သေစာရင်း၊ တရားရုံးကျမ်းကျိန်လွှာ၊တရားရုံးထောက်ခံကျမ်းကျိန်လွှာ၊ မိခင်ဖြစ်သူမြေအမည်ပေါက်တစ်ဦးဖြစ်သောဒေါ်အုံးကြင်နှင့် ဒေါ်အုံးကြည်မှာ လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်သည်မှာ မှန်ကန်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံစာ၊ တရားရုံးကျမ်းကျိန်လွှာ၊ အိမ်ထောင်စုစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သတိပေးတားမြစ်ခြင်း

ကယားပြည်နယ်၊ မယ်စဲ့မြို့၊ ကွင်းအမှတ် ၂၂၊ တောင်ပိုင်းရပ်ကွက်၊ ဦးပိုင်အမှတ် ၅၇ရှိ ၀ဒသမ၆၄၄ဧကအား လက်ဝယ်ပိုင်ဆိုင်သူ ဒေါ်လှမြင့် ၂/ဖဆန(နိုင်) ၀၀၁၇၇၈ထံမှ ဦးစံလင်း ၈/မမန(နိုင်)၀၄၆၃၄၇သည် ၁၄-၁၀-၂၀၁၃ရက်တွင် ကာလပေါက်ဈေးဖြင့် ငွေအကျေအလည်ပေးချေပြီး စာရွက်စာတမ်းများနှင့်အတူ လက်ဝယ်ပိုင်ဆိုင်မှု လွှဲပြောင်းရယူဝယ်ယူပြီးဖြစ်ပါသဖြင့် အထက်လိပ်စာပေါ်ရှိ မြေပေါ်တွင် လက်ရှိပိုင်ဆိုင်သူ ဦးစံလင်း၏ ခွင့်ပြုချက်မရဘဲ ခြံစည်းရိုးခတ်ခြင်း၊ အဆောက်အအုံဆောက်လုပ်ခြင်း စသည့် မည်သည့်အပြုအမူမျှ မပြုလုပ်ရန် တားမြစ်ပါသည်။

တားမြစ်ချက်များအပေါ် ကျူးလွန်ဖောက်ဖျက်ပါက တရားဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးစံလင်း ၈/မမန(နိုင်)၀၄၆၃၄၇

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ရန်ကုန်စက်မှုဇုန်၊ မြေကွက်အမှတ် (၂၅၀၊ ၂၅၁၊ ၃၁၆ မှ ၃၂၃)၊ ဧရိယာ ၂၃ ဒသမ၈၀၂ဧကသည် နှစ် ၆၀ မြေငှားစာချုပ်ဖြစ်ပြီး အမည်ပေါက်မှာ Alliance Properties Co.,Ltd ဖြစ်ပါသည်။ အဆိုပါမြေကွက်အား အရောင်းအဝယ်စာချုပ် ၁၆၄၁/၂၀၁၅တင်ပြ၍ ဒေါ်စန်းစန်းအေး+၅ အမည်သို့ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း)အပြည့်အစုံ တင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြေတိုင်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆ အနောက်ရပ်ကွက်၊ မြေကွက်အမှတ် ၁၈၂/က၊ မြေကွက်တည်နေရာအမှတ် ၁၈၂/က၊ ဇမ္ဗူသီရိ ၅လမ်း၊ ၆ အနောက်ရပ်ကွက်၊ သာကေတမြို့နယ်(ဒေါ်ညွှန့်ရင်)အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်ညွှန့်ရင်(မိခင်)နှင့် ဦးသိန်းထွန်း(ဖခင်)တို့ ကွယ်လွန်သဖြင့် သား၊ သမီးများဖြစ်သော ၁။ဦးသိန်းဝင်း ၁၂/ သကတ(နိုင်)၁၀၂၀၆၃၊ ၂။ဒေါ်စမ်းစမ်းမော် ၁၂/သကတ(နိုင်)၁၁၀၂၁၄၊ ၃။ ဒေါ်ငြိမ်းငြိမ်းလွင် ၁၂/ သကတ(နိုင်) ၁၄၂၃၀၅ တို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၂၂၆၄၀/၂၀၁၄)ရသူ ဦးကျော်မင်းအောင် ၁၂/ကတတ(နိုင်)၀၃၀၀၆၄မှ သေစာရင်း၊ ကျမ်းကျိန်လွှာတို့ဖြင့် တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

[illegible]

[illegible]

ကြော်ငြာ

ဝမ်းနည်းကြေကွဲခြင်း

ဦးပြည့်မောင်

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမဲဆန္ဒနယ်၊
အသက်(၇၁)နှစ်

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပြည့်မောင် အသက်(၇၁)နှစ်သည် ၅-၄-၂၀၁၅ရက်(တနင်္ဂနွေနေ့) ည ၈း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပြည်ထောင်စုလွှတ်တော်နာယကနှင့်
ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ

ဝမ်းနည်းကြေကွဲခြင်း

ဦးပြည့်မောင်

အဖွဲ့ဝင်၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမဲဆန္ဒနယ်၊
အသက်(၇၁)နှစ်

ပြည်သူ့လွှတ်တော်၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်၊ မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပြည့်မောင် အသက်(၇၁)နှစ်သည် ၅-၄-၂၀၁၅ရက်(တနင်္ဂနွေနေ့) ည ၈း၃၀နာရီတွင် မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ

ဝမ်းနည်းကြေကွဲခြင်း

ဦးပြည့်မောင်

အဖွဲ့ဝင်၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမဲဆန္ဒနယ်၊
အသက်(၇၁)နှစ်

ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်၊ မန္တလေးတိုင်း ဒေသကြီး၊ မတ္တရာမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပြည့်မောင် အသက်(၇၁)နှစ်သည် ၅-၄-၂၀၁၅ရက်(တနင်္ဂနွေနေ့) ည ၈း၃၀နာရီတွင် မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ
အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ
မန္တလေးတိုင်းဒေသကြီး

မဟာသင်္ကြန်ကာလအတွင်း မှုခင်းများမဖြစ်ပွားစေရေး ကြိုတင်ကာကွယ် သတိပေးနှိုးဆော်ချက်

၁။ သင်္ကြန်ရေကစားသူများနှင့် ရေပက်ခံသူများ အရက်သေစာ အလွန်အကျွံသောက်စားခြင်း မပြုကြပါရန်၊ အရက်ကြောင့် အမျိုးမျိုးသောပြဿနာရပ်များ ဖြစ်ပွားနိုင်ကြောင်း သတိပြုတားမြစ်ကြပါရန်။

၂။ တုတ်/ဓားလက်နက်များ ကိုင်ဆောင်သွားလာခြင်း မပြုလုပ်ကြရန်၊ တုတ် ဓား လက်နက်များကြောင့် ရန်လိုစိတ်များဖြစ်ပေါ်ပြီး မှုခင်းများဖြစ်ပွားတတ်သည်ကို သတိပြုတားမြစ်ကြပါရန်။

၃။ သင်္ကြန်ရေကစားသူများအနေဖြင့်လည်းကောင်း၊ မော်တော်ယာဉ်ဖြင့် လှည့်လည်ရေပက်ခံသူများ အနေဖြင့်လည်းကောင်း၊ ဘေးကင်းလုံခြုံမှု ရှိစေရေးအတွက် အုပ်ထိန်းသူ၊ ဆွေမျိုး၊ မိတ်ဆွေများနှင့်သာ သွားလာကြပါရန်။

၄။ အများအမြင် မသင့်လျော်သော ဝတ်စားဆင်ယင်မှုများ မပြုလုပ်စေရေး၊ အုပ်ထိန်းသူ၊ တာဝန်ရှိသူများအနေဖြင့် ဝိုင်းဝန်းထိန်းသိမ်းကြပါရန်။ ဝတ်စားဆင်ယင်မှု မဆင်ခြင်၍ လူမှုရေးပြဿနာများ ဖြစ်ပေါ်နိုင်ကြောင်းသတိပြုကြပါရန်။

၅။ အချိန်လွန်သွားလာ၍ လူမှုရေးမှုခင်းများ ဖြစ်ပွားတတ်သဖြင့် သတိပြုဆင်ခြင်ကြပါရန်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့

သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ပေါ့ဆမှုတို့ကြောင့် ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်းမပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များအနေဖြင့်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြထိန်းသိမ်းမှုမရှိသောနေရာများမှ လမ်းကူးပါက **"ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး"** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ဗိုလ်မှူးပြည့်မောင် (ငြိမ်း)

(ကြည်း-၁၂၉၉၃)
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် မတ္တရာမဲဆန္ဒနယ်
အသက်(၇၁)နှစ်

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့၊ (၂)ရပ်ကွက်နေ (ဦးမင်း- ဒေါ်လှကြွယ်)တို့၏သား၊ ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နေ ဦးသိန်းမောင်-(ဒေါ်တိုးကြည်)တို့၏သားသမက်၊ မတ္တရာမြို့နေ ဒေါ်ဘေစီအောင်၏ခင်ပွန်း၊ ကိုပြည့်သက်အောင်၊ ကိုပြည့်ထက်အောင်တို့၏ဖခင်သည် ၅-၄-၂၀၁၅ရက် (တနင်္ဂနွေနေ့) ည ၈း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၄-၂၀၁၅ရက် (တနင်္လာနေ့) မွန်းလွဲ ၁း၃၀နာရီတွင် မတ္တရာမြို့နယ် ရှေးဟောင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဦးပြည့်မောင်

အဖွဲ့ဝင်၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
မတ္တရာမဲဆန္ဒနယ်၊ မန္တလေးတိုင်းဒေသကြီး
အသက်(၇၁)နှစ်

ပြည်သူ့လွှတ်တော်၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်၊ မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပြည့်မောင် အသက်(၇၁)နှစ်သည် ၅-၄-၂၀၁၅ရက်(တနင်္ဂနွေနေ့)ည ၈း၃၀နာရီတွင် မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ
ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ
ပြည်သူ့လွှတ်တော်

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးပြည့်မောင် (ငြိမ်း)

ကြည်း-၁၂၉၉၃
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် မတ္တရာမဲဆန္ဒနယ်
အသက်(၇၁)နှစ်

မန္တလေးတိုင်းဒေသကြီး၊ပြင်ဦးလွင်ခရိုင်၊မတ္တရာမြို့နေ ဗိုလ်မှူးပြည့်မောင် (ငြိမ်း) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်သည် ၅-၄-၂၀၁၅ရက် ည ၈း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၊ မတ္တရာမြို့

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးပြည့်မောင် (ငြိမ်း)

ကြည်း-၁၂၉၉၃
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် မတ္တရာမဲဆန္ဒနယ်
အသက်(၇၁)နှစ်

မန္တလေးတိုင်းဒေသကြီး၊ပြင်ဦးလွင်ခရိုင်၊ မတ္တရာမြို့နေ ဗိုလ်မှူးပြည့်မောင် (ငြိမ်း) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်သည် ၅-၄-၂၀၁၅ရက် ည ၈း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ
ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မတ္တရာမြို့

အထူးဝမ်းနည်းကြေကွဲခြင်း

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ကဒုံးစီးရပ်ကွက်၊ မင်းလမ်းနေ ဦးသန့်ဇင် (အတွင်းရေးမှူး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ မွန်ပြည်နယ်)၏ ချစ်လှစွာသောဇနီး၊ ဒေါ်သန်းငွေး အသက်(၄၉)နှစ်သည် ၅-၄-၂၀၁၅ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၂း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

အတွင်းရေးမှူးနှင့်ပါတီကော်မတီဝင်များ
ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ
ကျိုက်ထိုမြို့နယ်

ဝမ်းနည်းကြေကွဲခြင်း

ရဲမှူးကျော်ညွန့်လှိုင် (ဟုမ္မလင်းမြို့)

မြို့နယ်ရဲတပ်ဖွဲ့မှူး
အသက်(၅၈)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ကူမဲမြို့နယ်၊ ရွှေယင်းမာရပ်ကွက်နေ ဒေါ်အမာတင်၏ခင်ပွန်း သူငယ်ချင်း ရဲမှူးကျော်ညွန့်လှိုင်သည် ၂၆-၃-၂၀၁၅ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

နယ်ဖြစ် ဒုရဲအုပ်လောင်း (၉/၈၄)

သင်တန်းဆင်းသူငယ်ချင်းများ

ဦးကျော်ကျော်ဝင်း

အသက်(၅၅)နှစ်

